www.burmeseclassic.com

# မမသဒ္ဒါမောင်



မောင့်ရင်ထဲက နှင်းပန်းခိုင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မမသဒ္ဒါမောင်

# မောင့် ရင်ထဲက နှင်းဝန်းခိုင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း ( ၁ )

တစ်ဖက်ခြံထဲသို့ပြောင်းလာသည့်လူအုပ်ကိုမြင်သည်နှင့် သူမ မျက်လုံးအစုံပြူးကျယ်သွားရသည်။ ဘုရားရေ. . . ပြောင်းလာကြတာကလည်း ယောကျ်ားလေးတွေချည်းပါပဲလား။ မိန်းမနဲ့တူတာဆို၍ ခွေးမလေး၊ ကြောင်မလေးများတောင်မှမတွေ့ရ။

ဒုက္ခပါပဲ။ အိမ်မှာက မိန်းကလေးတွေချည်းရှိတာ။ ဆယ်ကျော်သက်အရွယ်တွေမို့ အထိန်းရခက်လွန်းလို့ အစ်ကိုတွေပို့ထားသမျှ တူမတွေကို သူမထိန်းသိမ်းစောင့်ရှောက်ပေးထားရတာလေ။ ခုတော့ . . . ရွယ်တူယောကျ်ားလေးတွေ တစ်ဖက်ခြံကိုရောက်နေပြီမို့ တိုးတိုးကြိတ်ကြိတ်ကြိုတင်သတိပေးရဦးမည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာကို ဖျတ်ခနဲချ၍ အိမ်အောက်ထပ်ကိုဆင်းလာခဲ့စဉ် ခေါင်းရင်းပြတင်းပေါက်မှာ စုပြုံ၍ကျွတ်စီကျွတ်စီဖြစ်နေကြသည့်တူမတော်တွေကြောင့် သူမရင်ဘတ်စည်တီးဖြစ်ရလေပြီ။

"အောင်မလေး . . . ကြည့်စမ်း! ဝါဝါ . . . နီနီ . . . ဖြူဖြူ . . . ပြာပြာ . . . စိမ်းစိမ်း . . . နက်နက် . . . ညိုညို"

"ရှင် . . . တီတီ"

ပြိုင်တူလှမ်းကြည့်လိုက်ကြသည့် ကလေးမလေးများ၏မျက်လုံးများက ဝိုင်းဝိုင်းစက်စက်။ သူမခါးထောက်၍ ရပ်ကြည့်နေတာမို့ အမြန်ပြေးလာ၍ အစီအစဉ်မကျ တန်းစီရပ်လိုက်ကြသည့်အရပ်အမောင်းလေးတွေက မတိမ်းမယိမ်း . . .

"အဲဒါ ဘာလုပ်နေကြတာလဲ"

"ဟို . . . ဟိုဟာ"

"ဟိုဘက်အိမ်ကို လူသစ်တွေရောက်လာလို့ . . . စပ်စုနေတာ တီတီရဲ့"

"ဟင် . . . အဲဒါစပ်စုစရာလား"

တဒေါက်ဒေါက်နှင့် (၇)ယောက်စလုံးကိုခေါက်လိုက်သဖြင့် ခေါင်းလေးတွေကိုယ်စီပွတ်၍ မျက်နှာလေးတွေ ရှုံ့တွသွားကြ၏။ မဖြစ်သေးပါဘူး။ ချမှတ်ထားတဲ့စည်းမျဉ်းတွေကိုပြင်ဦးမှပါပဲ။





"အကြိုပ . . . ဟဲ့ . . . အကြိုင်"

"ရှင် . . . မမ, လာပါပြီ"

"ဒီနေ့ကစပြီး အိမ်ခေါင်းရင်းက ပြတင်းပေါက်တွေကိုလုံးဝ မဖွင့်ပါနဲ့ . . . ကြားလား"

"ဟုတ်ကဲ့မမ, ဟို . . . ဟို . . . ဘုရားခန်း"

"ဟဲ့ . . . ဘုရားခန်းကတော့ မဖွင့်လို့ရမလား။ သောကြာတော် ရေစွန့်ပစ်ဖို့ အဲဒီပြတင်းပေါက်ပဲရှိတာကို"

"ဟုတ်ကဲ့"

"ကဲ . . . ညီအစ်မခုနစ်ဖော်, အားလုံးနားထောင် . . . မနက် လေ့ကျင့်ခန်းလုပ်တဲ့နေရာကို အိမ်ရှေ့ကနေ နောက်ဖေးကွက်လပ်ကိုရွှေ့တယ်"

"ဟာ! "

"ဟဲ့ . . . ဘာဖြစ်တာလဲ"

"တီတီကလည်း မနက်နေပွင့်တာက အရှေ့ကလေ။ နေရောင်အောက်မှာ နွေးနွေးထွေးထွေးလေးကစားလို့ကောင်းတာကို . . ."

"လျှာမရှည်နဲ့ . . . ညည်းတို့ဘကြီးတွေ ဟိုဘက်ခြံကိုရောက်နေပြီ၊ မြင်တယ်မဟုတ်လား။ ကိုယ်ကအထာပေးတယ်ဆိုပြီး နင်တို့



www.burmeseclassic.com

www.burmeseclassic.com



ကို ဂွတ်ဂွတ်ဝါးစားသွားမယ်မှတ်။ အသွားအလာ၊ အနေအထိုင်၊ အပြောအဆို၊ အားလုံးဆင်ခြင်ကြပါ"

"ဟင်. . . တီတီကလည်း သူတို့ရောက်လာတာနဲ့ပဲ ဖြူတို့က အဲဒါတွေအကုန်လိုက်ထိန်းနေရရင် သေရချည်ရဲ့"

"ဟဲ့. . . မဆင်ခြင်လို့ရမလား။ ဟိုဘက်မှာက ယောကျာ်းလေးတွေချည်းပဲလေ။ အရင်လို အဘိုးကြီးအဘွားကြီးတွေပဲနေတာမဟုတ်တော့ဘူး။ ယောကျာ်းလေးတွေချည်း ဘယ်နှယောက်မှန်းတောင်မသိ"

"ခုနစ်ယောက်. တီတီ"

"ဘာရယ်"

"ဟုတ်တယ်လေ. . . တီတို့အရွယ်လေးလေးက သုံးယောက်။ ဖြူတို့အရွယ်ကောင်လေးတွေက လေးယောက်။ ပေါင်း. . . ခုနစ်ယောက်"

"ကဲ. . . သိဦး"

"ဒေါက်"

"အား"

ကျွန်ခြောက်ယောက်က ဖြူးစိစိဖြစ်ရင်း ရယ်ချင်စိတ်ကိုထိန်းလိုက်ရသည်။ အမယ်လေးနော်. . . တွေ့တာချင်းအတူတူ သူမက





ယောကျာ်းဆိုတာနှင့်ပင် လှည့်မကြည့်တော့။ ဘယ်လိုမျက်နှာတွေနှင့်မှန်းတောင် ရဲရဲကြည့်တာမဟုတ်။ သင်းတို့က. . . သိကိုသိနိုင်လွန်း. . .။

"အေး. . . အဲဒီသုံးယောက်က ကလေးအဖေတွေပဲဖြစ်မှာပေါ့။ ညည်းတို့ကြပ်ကြပ်သတိထား။ ကလေးအဖေမှန်းမသိ၊ ဘာမှန်းမသိ။ လိုက်ချောင်းမနေကြနဲ့"

"ဟင်! တီတီကလည်း. . . ကလေးအဖေတော့ မဖြစ်နိုင်ပါဘူး၊ ငယ်ငယ်ချောချောလေးတွေကို။ T-shirt အဖြူလေးဝတ်ထားတဲ့ဦးက ပိုချောသေးတယ်နော်"

"အင်း"

"ညိုညိုနော်. . . နင်က ညီအစ်မတွေထဲမှာ အကြီးဆုံးဖြစ်ပြီး အကဲဆုံးမဖြစ်နဲ့။ ငါစိတ်ရှိလက်ရှိလုပ်လိုက်ရရင်တော့လား။ ကဲ အခုဘာအချိန်လဲ"

"ပန်းပင်ရေလောင်းချိန်"

"ပန်းပင်တွေရေလောင်းတာ အကြိုင့်ကိုအပြီးလွဲပေးလိုက်ပြီ။ ကြားလား. . . အကြိုင်။ ဒီနေ့ကစပြီး. . . မနက်နဲ့ညနေကို အပင်တွေ သမီးရေလောင်းပါ။ ဘာမှပင်ပန်းတာမဟုတ်ဘူး။ ပိုက်နဲ့လောင်းရုံပဲ။ ကဲ. . . အားလုံးရေချိုးကြတော့။ တိုးတိုးသာသာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ချိုးကြနော်။ ရေချိုးခန်းထဲမှာ အော်ကြီးဟစ်ကျယ်သီချင်းဆိုတဲ့အကျင့်ကိုလုံးဝဖျောက်။ ခြောက်နာရီဆို ဆရာပလာတော့မှာ။ စာတွေပြန်နွှေးကြဦး။ ဒီလအမှတ်တွေနည်း၊ အဆင့်တွေကျတာနဲ့ နောက်ဖေးမြက်ခင်းမှာ ကြော်ငြာရိုက်ရပြီမှတ်"

သွားပါပြီ။ ပန်းပင်ရေလောင်းရင်း တစ်ဖက်ခြံကိုစပ်စုလို့ရဦးမယ်ထင်ထားတာ ခွင်တော့ပျက်ပါပြီ။ အသာကုပ်ကုပ်လေးတွေဖြင့် ရေချိုးခန်းထဲ စုပြုံဝင်လိုက်ကြသည်။

"သွားပါပြီ. . . ဝါရယ်။ ငါတို့ အလှည့်ကျရေလောင်းရင်း ဘော်ဒါအသစ်လေးတွေရပြီမှတ်တာ"

"အေးလေ. . . အဲဒီတီတီဟာ အပျိုကြီးလို့မပြောရဘူး။ သိပ်ဇီဇာကြောင်တာပဲ"

"ဟဲ့! ငါတော့ထင်တယ်သိလား။ အဲဒီဦးဦးတစ်ယောက်နဲ့ တီကီငြိသွားလို့ကတော့. . . တို့တွေ Free ပဲ"

"အံမာ. . . ငြိစရာလား။ ဖြူတို့တီတီက ငယ်ငယ်လေးရှိသေးတာကို။ နှမြောစရာကြီး. . . သဘောမတူပါဘူး"

"အမယ်လေး. . . ဖြူက အငယ်ဆုံးလို့မပြောရဘူး။ အဒေါ်ကိုတွန့်တိုတတ်တဲ့နေရာမှာ နှစ်ယောက်မရှိ"

"ဖြူပြောတာမှားလို့လား။ ဒီတီက ဟိုတလောကမှ (၂၉)နှစ်





ပြည့်တာလေ။ ငယ်ငယ်လေးရှိသေးတာကို"

"ဟဲ့. . . တီတီ, ဘဲရမှ ငါတို့ကဲရမှာပေါ့။ ဒါကိုနင်နားမလည်ဘူးလား"

"မညိုကို တီကီနဲ့ပြန်တိုင်မယ်"

"ဟယ်. . . မတိုင်နဲ့လေ။ ငါအလကားပြောတာပါ ခွေးဖြူမရဲ့"

ရယ်သံတွေ အုံးခနဲထွက်လာရာမှ တံခါးတဒုန်းဒုန်းထုသံကြောင့် ပါးစပ်တွေပြိုင်တူပိတ်လိုက်ကြ၏။

"ဟဲ့. . . ရေချိုးချိန် (၁၅) မိနစ်ကျော်နေပြီလေ။ အဆုတ်တွေပွ၊ ဖျားနာရင် ငါဆေးကုပေးရဦးမယ်။ ပိုက်ဆံကုန်တော့ နင်တို့မိဘတွေဆီက တောင်းလို့ရတာမဟုတ်ဘူး။ သားသမီးတွေကိုမွေးပဲမွေးတတ်တာ။ ပြုစုစောင့်ရှောက်ဖို့ကျတော့ဘာမှမတတ်။ သုံးနှစ်ပြည့်တာနဲ့ ငါ့ဆီအမှိုက်ပုံသလိုလာပုံကြရော. . . မြန်မြန်ထွက်ကြ"

"ထွက်ပြီ. . . ထွက်ပြီ"

ရေချိုးခန်းထဲမှပြုံထွက်လာသည်မှ ရေစိုခြေရာတွေမထင်အောင် ခြေသုတ်ဝတ်မှာ လုံသုတ်ကြရပြန်၍ ရေချိုးခန်းအဝမှာ တစ်ပြုံတစ်ခဲကြီးတစ်ကြပြန်၏။ ခရေသုတ်သူကသုတ်၊ ကျောက်ပျဉ်သုံးချပ်မှာ သနပ်ခါးသွေးသူကသွေးနှင့် ကိုယ်စီအလုပ်ရှုပ်နေချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



တီတီက နံရံထက်မှာ ကတ်ထူစာရွက်အဖြူကို သံမှိုဖြင့်ကပ်ရိုက်လိုက်လေ၏။ အားပါးပါး. . . အချက်တွေက မနည်းမနောပါလား။

(၁) အကြောင်းမဲ့ ခြံထဲမဆင်းရ။

(၂) အသံကျယ်ကျယ်ဖြင့်. . . စကားမပြောရ။ မအော်ရ။ မရယ်ရ။

(၃) လေ့ကျင့်ခန်းလုပ်ချိန်မှလွဲ၍ ခြံထဲမဆင်းရ။

(၄) တစ်ဖက်ခြံမှအမျိုးသားတွေနှင့် မရင်းနှီးမပတ်သက်ရ။

(၅) ကျောင်းစာမှလွဲ၍ မည်သည့်အရာကိုမှစိတ်မဝင်စားရ။

(၆) အဆင့်ကျ၊ အမှတ်လျော့သည်နှင့် ဒဏ်ပေးခံရမည်။

(၇) သတ်မှတ်ထားသည့်စည်းကမ်းများနှင့် တစ်ခုငြိလျှင် မုန့်ဖိုးဖြတ်မည်။

"တီတီ"

"ဘာတုန်း"

"မနက်ကျရင် ဘာလေ့ကျင့်ခန်းအသစ်သင်ပေးမှာလဲ"

"ဘာမှမသင်ဘူး။ ဒီလောက်သင်ပေးထားတာ ကိုယ့်ဟာကိုယ်လုပ်ကြပေါ့။ ညိုညိုက ရှေ့ကထွက်ပြီးလုပ်။ အငယ်တွေကို ပြပေး"





"ဟင်. . . တီတီမသင်ပေးတော့ဘူးလား"

"ငါမအားဘူး, မြန်မြန်လုပ်ကြလေ. . . ဒီနေ့ Bio ဆိုရမှာ မဟုတ်လား။ ထစ်လို့ကတော့ ဖိုင်းကောက်ရိုက်တင်မကဘူး။ ထိုင်ထပါရမယ်"

တီတီက,ပြောပြောဆိုဆိုထွက်သွားတော့ သူမတို့ ပွစိပွစိရေရွတ်ကြတော့သည်။ ဟွန်း. . . ခြံဘေးမှာ ရှယ်တူသူစိမ်းတွေရောက်တာနဲ့ သူ့မယ်ဗမာကိုယ်လုံးလေးကို လူမြင်မှာကြောက်ပြီ။

ပြောမယ့်သာပြောနေရတာ, တီတီဟာ သူမတို့ထက်အရပ်လည်းပိုမြင့်၊ ကိုယ်လုံးကိုယ်ပေါက်ဆိုလည်း ပြောစရာမလို။ အသက်ကလည်း ကြီးသေးတာမဟုတ်။ ဒါတောင် ပြင်ပြင်ဆင်ဆင်များနေလိုက်ရင် ဘယ်လောက်တောင်မှ နုသွားမလဲမသိ။ တူမတွေကိုပဲ တွန့်တိုပူပန်နေတာ။ သူ့ကိုယ်သူကျတော့ မပူပန်။ သူမတို့နှင့်စကားလာပြောတာတွေ့တိုင်း တိုးတိုးကြိတ်ကြိတ်ဆူဖို့ပဲသိ။

တကယ်တမ်း သူမတို့ကိုလာရောသမျှလူတွေက သူမတို့လိုချာတိတ်မလေးတွေကိုစိတ်ဝင်စား၍မဟုတ်။ တီတို့ကိုသာ စိတ်ဝင်စားကြတာ။ လမ်းထိပ်စတိုးဆိုင်က ဦးပြုံးချိုက အဆိုးဆုံး။ ဒါကို တီတီကတော့ ဘာဆိုဘာမှမသိချေ။

"ဟော. . . ဆရာမ, လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်နေတာလဲနိုင်, ထမင်းစားပြီးပြီလား"

"မစားအားသေးဘူးဆရာမရေ။ ဒီမှာ မနက်ဖြန်ထမင်းချိုင့်တွေထည့်ဖို့စီစဉ်နေရလို့ပါ။ အကြိုက်ရေ. . . ကော်ဖီနဲ့မုန့်လုပ်လေသမီး"

"ဟုတ်ကဲ့မမ"

"ကလေးတွေရော"

"အပေါ်မှာ စာနွေးနေကြတယ်လေ။ ထိုင်ပါဆရာမရယ်။ ဧည့်သည်မှမဟုတ်တာကို"

"နိုင်ရေ. . . Physics ဆရာမ မြလေ, အစာအိမ်ရောင်နေလို့တဲ့။ အဲဒါ ကျောင်းမှာလည်း ခွင့်ယူထားတယ်။ ကျူရှင်မလာနိုင်တာမို့ နိုင့်ကိုပါ ခွင့်တစ်ပတ်တိုင်ပေးပါမှာလိုက်တယ်"

"ဩော်. . . ဆရာမရယ်, ကျန်းမာရေးကြောင့်ပဲဟာ၊ တစ်ပတ်မက နှစ်ပတ်ပဲယူယူပေါ့။ ကျန်းမာဖို့က အဓိကပါ။ နိုင်ဆိုလည်း အမြဲကျန်းမာဖို့အတွက်ပဲဆုတောင်းတယ်"

"တီချယ် ရောက်နေပြီ"

လေးယောက်အုပ်စုကအရင် စားပွဲဝိုင်းဘေး ခုံမြင့်မှာ ဝင်ထိုင်လိုက်ကြ၏။ ဆရာမ ဒေါ်သီတာက White board မှာ အပင်ပုံဆွဲ၍ label ထိုးခိုင်း၏။ မနေ့ကစာတွေကိုမေးပြီးမှ ဒီနေ့သင်ခန်း





စာကို စသင်သည်။ (၁၀)တန်းပြီးတော့ (၉)တန်း သုံးယောက်ကို ဆက်သင်၏။ စာလုံးပေါင်းသတ်ပုံခေါ်ပြီးမှ စာစသင်သည်။ ည (၉)နာရီထိုးတော့မှ စာသင်တာရပ်လေ၏။

"ပြန်ဦးမယ်နော်. . . နိုင်။ Physics ကိုကြာရင် လူစားသွင်းပေးမယ်သိလား။ ကလေးတွေ စာမေးပွဲမဖြေနိုင်မှာစိုးလို့"

"ဟုတ်ကဲ့ဆရာမ"

ဆရာမပြန်သွားတော့ ညစာထမင်းစားပြီးမှ စာအုပ်ကိုင်ခိုင်းရသည်။ ကျောင်းမှပေးသည့်အိမ်စာတွေလုပ်၊ ဒီနေ့သင်ခန်းစာအားလုံးကို ဆိုအပြီးမှာ ည(၁၀)နာရီခွဲချေပြီ။ ဘုရားခန်းဝင်၍ ကန်တော့ဘုရားရှိခိုးပြီးမှ အခန်းထဲဝင်၍အိပ်ခိုင်းရ၏။

အိပ်ရာထဲမှာ (၇) ယောက်အတူအိပ်ကြသည်မို့ အခန်းတစ်ဝက်ကို မွေ့ရာအပြည့်ခင်းပေးထား၏။ ဗီရိုကြီးသုံးလုံးက မခြရင်းမှာ အစီအရီ။ ဗီရိုတစ်လုံးမှာ အဖြူအစိမ်းဝတ်စုံများနှင့် အပြင်သွားဝတ်စုံများ၊ အလယ်မှာက အနွေးထည်နှင့်ဘောင်းဘီရှည်, ဂါဝန်များ၊ ဒီဘက်အစွန်ဆုံးဗီရိုမှာက အိမ်နေဝတ်စုံများကို သူ့နေရာနှင့်သူ၊ သူ့အထပ်နှင့်သူ ထည့်ပေးထား၏။

ကိုယ့်အဝတ် ကိုယ်လျှော်တတ်အောင် ငါးတန်းနှစ်ကတည်းက သင်ပေးထားတာမို့ ကိုယ့်ဟာကိုယ်လျှော်ဝတ်သည့်အင်္ကျီလေး



www.burmeseclassic.com

www.burmeseclassic.com



တွေက ဖြူဖွေးတောက်ပ သန့်ပြန့်မွှေးကြိုင်နေလေသည်။

"ဟို. . . ဆံပင်ညိုညိုလေးနဲ့ကောင်လေးက, မိတယ်"

"ဟင့်အင်း. . . ငါက ပါးမြိုင်းမွေးစိမ်းစိမ်းလေးရိတ်ထားတဲ့ ဦးကို ပိုခိုက်တယ်"

"ဟီဟိ. . . သမီးနဲ့ဦးပေါ့"

"ဟိုကလေးတွေ. . . မနက်အစောကြီးထရမှာနော်။ ခုထိ မအိပ်ကြသေးဘူးလား"

"သူကျတော့ (၁၁) နာရီကျော်မှအိပ်ပြီးတော့၊ တီတီအပျိုကြီး"

တီးတိုးရယ်လိုက်ကြရင်း စောင်ကို ခေါင်းမြီးခြုံ၍အိပ်လိုက်ကြတော့၏။

အင်း. . . မနက်ဖြန်ကစပြီး ဟိုဘက်ခြံကလူတွေနဲ့ ဘာတွေ ဆက်ဖြစ်ကြမယ်မသိ။



အခန်း (၂)

ထမင်းချိုင့်ကိုယ်စီဖြင့်ထွက်လာကြသည့် မိန်းကလေး (၇) ယောက်ကိုကြည့်၍ သူပြုံးလိုက်မိသည်။ ကြည့်ပါဦး။ ဆိုက်တူဂိုက်တူ ပိန်ပိန်သွယ်သွယ်လေးတွေ (၇)ယောက်တောင်မှပါလား။

မနက်စောစောထပြေးပြီး လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှ ထပြန်လာတာကြောင့် (၈)နာရီထိုးနေလေပြီ။ ကလေးမလေးတွေကအကုန် ကျောလယ်ခန့်ဆံပင်ရှည်လေးတွေကို ကျစ်ဆံမြီးနှစ်ဖက်ကျစ်ထားတာမို့ ယိမ်းကဖို့ထွက်လာသလို စုံညီနေလေ၏။

"တီ"

"အမေ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုငေးရင်း အတင်းအုပ်နေကြသည်မို့ နောက်ကထွက်လာသည့်ကားကြောင့် လန့်သူကလန့်၊ အော်သူကအော်နှင့် မိန်းကလေးတွေ ဝရုန်းသုန်းကားဖြစ်သွားကြသည်။

"ဦးမောင်. . . ညနေကျရင် ခေါက်ဆွဲကြော်ထားပေးနော်"

"အေးပါ"

ကားပေါ်မှ ကောင်လေးလေးယောက်က သူမတို့အုပ်စုကို လှည့်ကြည့်ရင်းအော်လိုက်ပြန်၏။

"လိုက်မလား. . . ကျောင်းအတူတူပဲ"

"ဟင်. . . ဘာလို့ လိုက်ရမှာလဲ! လိုက်ဘူး"

ပုန်းညက်ဖြူက ခပ်စွာစွာပြန်ပြောလိုက်သဖြင့် ကောင်လေးတွေ တဟိဟိရယ်လိုက်ကြသည်။ သူက တံမင်ပင် ကောင်မလေးတွေရှေ့မှာ ဝိတ်ရပ်လိုက်ပါ၏။

"တကယ်ပြောနေတာပါသမီးတို့ရဲ့။ ဦးမောင်ရဲ့တူတွေလည်း သမီးတို့နဲ့ကျောင်းအတူတူတက်ရမှာ။ လမ်းကြုံနေတာပဲ၊ လိုက်သွားပေါ့"

"ဟင့်အင်း. . . တီတီဆူလိမ့်မယ်။ ဖြူတို့က ဖယ်ရီစီးနေကျ"

"သမီးနာမည်က 'ဖြူ'တဲ့လား"

"ဟုတ်ဘူး"





"ဒါဖြင့်. . . ဘာလဲ"

ကားက ဆက်ထွက်မသွားသေးဘဲရပ်နေလေ၏။ ပုန်းညက်ဖြူက မညိုကိုမော့ကြည့်လိုက်လေသည်။

"ညို့နာမည်က. . . မြခွာညိုပါ။ သူက. . . ခရမ်းပြာ။ သူက. . . စကားစိမ်း။ သူက. . . နှင်းဆီနီ။ ညိုတို့လေးယောက်က. . . ဆယ်တန်း။ ဖြူက. . . ပုန်းညက်ဖြူ။ ပါလေးနာမည်က. . . ဇီဇဝါ။ မိနက်က. . . ပုလဲနက်။ ဖြူတို့က. . . ကိုးတန်း"

"A ခန်းကပဲလားဟင်"

"ဟုတ်တယ်"

"ဟာ. . . ဒါဆို ညာတို့နဲ့တူကာပေါ့။ ညာ့နာမည်က ဉာဏ်။ သူက. . . သီဟ။ ကိုးတန်း A မှာနေတာက. . . နန္ဒနဲ့ ရာဇာ"

"ဦးနာမည်က. . . ဦးမောင်လား"

သူ ဟက်ခနဲရယ်ချလိုက်ရင်း မျက်နှာမှာ ပန်းရောင်သမ်းသွားရသည်။ ဟုတ်တယ်။ သူ့နာမည်ကိုပြောရတိုင်း သူအမြဲအရှက်ပိုရသည့်ဒုက္ခကိုခံစားရမြဲ။

"ဦးမောင်နာမည်က. . . သည်းဦးမောင်ပါ"

"ဟယ်! "

"ဒီဦးဦးက. . . မင်းရန်နိုင်၊ နောက်တစ်ယောက်က ဘုန်း



www.burmeseclassic.com

www.burmeseclassic.com



မြင့်ကျော်တဲ့။ မှတ်ထားပေါ့"

"ဟုတ်ကဲ့. . . ဦးမောင်, ညီုတို့သွားတော့မယ်နော်။ ဖယ်ရီမမီမှာစိုးလို့ပါ"

"ကောင်းပြီ"

သူခြံထဲဝင်လိုက်တော့မှ တီတီဆိုသည့် သူမတို့၏အဒေါ်နာမည်ကိုမမေးလိုက်မိတာ သတိရသွားမိ၏။ ထားလိုက်ပါတော့လေ။ နောက်တော့လည်း ရင်းနှီးသွားကြမှာပဲဟာ။ အိမ်ပြန် ရေမိုးချိုး၍ ဈေးဝယ်ရန်ပြန်ထွက်လာခဲ့၏။

ခေါက်ဆွဲသုံးပိဿာ၊ ကြက်တစ်ကောင်၊ ဘဲဥ စသည်ဖြင့် စဉ်းစားပြီးဝယ်၍ ဈေးထဲမှပြန်အထွက် သူကိုင်လာသည့်ကျွတ်ကျွတ်အိတ်နှင့် တစ်ဖက်မှခြင်းတောင်းက ငြိကုန်လေ၏။

"ဟာ! "

"အို. . . ကျွတ်"

ကျွတ်ကျွတ်အိတ်ထဲမှ ကြက်ကိုယ်တစ်ခြမ်း ထွက်လာသဖြင့် သူအမြန်ဖမ်းလိုက်သည်။ ဒုက္ခပါပဲ။ ဈေးသည်တွေက ပြုံးစိစိဖြင့် ကြည့်ကုန်ကြလေပြီ။

သူ၊,ဘေးဆိုင်မှအိတ်တစ်လုံးဝင်ဝယ်၍ သူ့အိတ်ကိုအောက်မှထပ်စွပ်ပေးလိုက်၏။





"ဆောရီးနော်"

"ရပါတယ်ဗျ"

သူမက ချထားသည့်ခြင်းတောင်းကိုပြန်မ,၍ လှည့်ထွက်သွားသည်မို့ သူပါ ဈေးထဲမှလိုက်ထွက်လာခဲ့သည်။ လမ်းတောက်လျှောက်ကြီးတူနေသဖြင့် သူမျက်မှောင်ကျုံ့သွားမိ၏။ မျက်နှာမှာသနပ်ခါးရေကျဲသာ လူးထားပြီး ဆံပင်ရှည်တွေကို ကျစ်ဆံမြီးကျစ်၍ ပြန်ခွေပတ်ထားသည်။ အဝတ်အစားကတော့ ခပ်လတ်လတ်ဝတ်စုံကိုပင် ဝတ်ထားလေ၏။

"ခိုင်. . . ဈေးကပြန်လာတာလား"

"ဟုတ်ကဲ့"

"ခိုင့်သမီးတွေ ကျောင်းသွားကုန်ကြပြီပေါ့"

"ဟုတ်ကဲ့"

"ကလေးတွေ စာလိုက်နိုင်ကြတယ်မဟုတ်လား"

"ဟုတ်ကဲ့"

နောက်မှနေ၍ သူအလိုလိုပြုံးလိုက်မိ၏။ ဖြေပုံကိုက ပြတ်တောင်းတောင်း ဘယ်လိုမှန်းကိုမသိ။

"သွားပါဦးမယ်ရှင့်"

"ဪ. . . ဟုတ်ကဲ့ခိုင်"



www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ်စတိုးဆိုင်မှလူက သူမနောက်ကျောကိုငေးကြည့်ရင်း ကျန်နေခဲ့သည်မို့ သူပြုံးမိပြန်သည်။ ဒီလူတော့မဟုတ်သေးပါဘူး။

သူမ, သူ့အိမ်ဘေးထောင့်ခြံကိုဝင်သွားသည်မို့ သူအံ့ဩသွားရ၏။ ဩော်... ဒါဆို... ညီုတို့တီတီဆိုတာ သူမကိုး။

ဖယ်ရီက လမ်းမှာပျက်သွားသဖြင့် ညီုတို့ခေါင်းခဲကြလေပြီ။ မုန့်ဖိုးလည်းကုန်ပြီမို့ လိုင်းကားစီး၍မဖြစ်ပေ။ ဒုက္ခပါပဲ။

"တီ... တီ"

"ဟော့... လာလေ, ပြန်ကြမယ်"

"ပြန်ပါဘူး, တီတီဆူလိမ့်မယ်ဆိုနေမှပဲ"

"နေဦး... ဖြူ, မညီုတို့အိမ်ပြန်နောက်ကျမှ တီတီပိုစိတ်ပူမှာ။ လိုက်သွားကြရအောင်"

"ဟင်... တီတီမှာထားတာကို မမေ့နဲ့လေ,မညီုရဲ့"

"ဟာ... နောင်ခါလာ,နောင်ခါဈေးပဲ။ လာပါ... ညီုတို့လိုက်ခဲ့မယ်နော်။ လူကများတယ်၊ ဆုံ့ပါ့မလား"

"ရပါတယ်။ နန္ဒနဲ့ရာဇာ ရှေ့ခန်းသွားထိုင်လိုက်"

"အေး"

ညီုတို့အုပ်စုတက်လိုက်တော့ ဟိုင်းလက်စ်ကားလေး ပြည့်





သွားလေပြီ။ ပုန်းညက်ဖြူက ဉာဏနားမှာထိုင်ရသဖြင့် မျက်နှာကမှုန်ချင်ချင်...။

"ဖြူ့တီတီက... ချောလား"

"ဟင်... ဘာလုပ်ဖို့လဲ, မချောပါဘူး"

သီဟက ဖြူညာပြောမှန်းရိပ်မိသဖြင့် ကျိတ်ရယ်နေပေပြီ။

နီနီနဲ့မုန့်စားဆင်းချိန်မှာမေးပြီးသားမို့ ဉာဏက မယချင်ယောင်ဆောင်၍ ဖြူ့ကိုစ,နေသောကြောင့် နီနီနှင့်ညီုတို့ကလည်း ပြုံးစိစိ။

"မနက်ကတွေ့တဲ့... ညာ့ဦးမောင် မချောဘူးလား"

ဖြူ ဘာမှမပြော။

ဉာဏက ညီုကိုမျက်စပစ်၍ပြုံးလိုက်ပါ၏။ ဒီကောင်မလေးက အဒေါ်ကိုသိပ်တွန့်တိုမှန်းသိပြီးပြီမို့ စ,ဖို့တစ်ယောက်တော့ ရလေပြီ။

"ဟင်... ဖြူ့ ပြောလေ"

"ဘယ်သိမှာလဲ"

"ညာ့ဦးမောင်နဲ့ ဖြူ့တီတီကိုသဘောတူလိုက်ကွာ... နော်"

"ဟင်... မတူပါဘူး, ဖြူ့တီတီက ငယ်ငယ်ချောချောလေး။ မတူဘူး... မတူဘူး... ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုနက ဖြူပြောတော့ တီတီကမချောဘူးဆို"

"ဖြူက အဲဒီလိုပဲပြောနေကျဟာကို"

"ဦးမောင်က. . . ဆရာဝန်လေကွာ။ သဘောတူလိုက်ပြီးရော"

"ဆရာဝန်မကလို့ ဘာကြီးပဲဖြစ်ဖြစ်, မတူဘူး။ ကိုကိုညာဏနော်။ ဖြူ. . . တီတီနဲ့ပြန်တိုင်ပြောမှာ"

"ဟယ်. . . ငါတို့ပါအရိုက်ခံရမှာပေါ့ဖြူမရဲ့"

"ရိုက်ပါစေ. . . ပြန်ကိုင်မှာပဲ"

တကယ်ပင် အိမ်ကိုရောက်သည်နှင့် အဝတ်ပင်မလဲသေးဘဲ တီတီရှိရာဆီပြေး၍ ပုန်းညက်ဖြူ ပြန်တိုင်ချေပြီ။

"ဟဲ့. . . ဘာဖြစ်လာတာလဲဖြူဖြူ"

"တီတီ. . . တီတို့ကို ကိုကိုညာဏက ဦးမောင်နဲ့သဘောတူပေးတဲ့"

"ဟဲ့. . . ဘယ်က,ကိုကိုညာဏလဲ"

"ဟိုဘက်ခြံက"

"ဟင်! "

"အဲဒါ. . . သူ့ဦးလေးနဲ့သဘောတူပေးလို့ အတင်းလိုက်ပြောနေတယ်"





"ညိုညို. . . လာစမ်း! ဘာတွေလဲဟယ်၊ ငါစိတ်ညစ်လာပြီ"

ညိုက ဖြူ့ကိုမျက်စောင်းထိုး၍ ဒီညနေဖြစ်သမျှကို ပြောလိုက်ရတော့၏။ နို့မို့စကားမညီရင် တီတို့လက်ချက်ကိုသိပြီးသားလေ။

"ကြည့်စမ်း! ကိုယ့်အဒေါ်ကို ဒီလိုပြောနေတာတောင် နင်တို့က အကြီးတွေဖြစ်ပြီးငြိမ်နေသလား"

"ညာဏ်က ဖြူ့ကိုစ,ချင်လို့ဆိုပြီး. . . စ,တာပါတီတီရဲ့"

"လာခဲ့. . . လာခဲ့ ဒီမှာကြည့်စမ်း"

တီတီက မီးဖိုချောင်ထဲမှာ ကပ်ထားသည့်စာရွက်မှာ နံပါတ် (၄) ကိုထောက်ပြလိုက်သဖြင့် ညိုတို့မျက်လုံးပြူးသွားရလေပြီ၊

"တဲ. . . ကိုယ့်အပြစ်ကိုကိုယ်သိတယ်နော်"

"ဟိုလေ, တီတီ၊ ဖယ်ရီပျက်လို့ သူတို့အကူအညီနဲ့ အိမ်ကိုစောစောရောက်. . ."

"လျှာမရှည်နဲ့, ဖယ်ရီပျက်တာက လမ်းတစ်ဝက်ကိုရောက်နေပြီ။ ဒီခရီးနဲ့ဒီခရီး လမ်းလျှောက်လို့ဘာမှမဖြစ်ဘူး။ ဆင့်ခြေမတက်နဲ့။ အားလုံးထိုင်ထ (၅၀) လုပ်။ ခုချက်ချင်းလုပ်"

"ဖြူက. . . မစီးချင်ဘဲစီးလာရတာ"

"ဖြူလည်းပါတယ်၊ လုပ်ဆိုလုပ်. . . ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



(၇) ယောက်သား မျက်နှာလေးတွေရှုံ့တွလျက် ထိုင်ထလုပ်လိုက်ရလေ၏။ ပုန်းညက်ဖြူကို အားလုံးက မကျေနပ်ကြသော်လည်း တီတီ့ကိုကြောက်ရသဖြင့် ရန်မလုပ်ရဲကြ။ ရေမိုးချိုး၍ အိမ်စာတွေလုပ်နိုင်းထားပြီး သူမ, ခြံထဲဆင်းလာခဲ့သည်။

အကြိုင် ရေလောင်းထားသည့်အပင်တွေကိုကြည့်ရင်း သူမရင်ဘတ်ဖိရလေပြီ။ အမယ်လေးလေ. . . အကုန်သေကုန်တော့မှာပဲ။ ရေသိပ်မကြိုက်သည့်အပင်တွေပါ ရွှဲရွှဲနစ်ကုန်ပါရောလား။ ဒုက္ခပါပဲ။

"ဒီမှာ. . . ခင်ဗျ"

ခေါ်သံကြောင့် သူမလှည့်ကြည့်လိုက်တော့ မနက်က ဈေးထဲမှာတွေ့ခဲ့ရသည့်လူဖြစ်နေလေ၏။

"ဘာလဲရှင့်"

"ခင်ဗျားကောင်မလေး အပင်ရေလောင်းတာ ဒီဘက်ခြံထဲစီးကုန်ပြီ။ အဲဒါ. . . ကြည့်ပြောထားပါဦး"

"သြော်. . . ဟုတ်ကဲ့၊ အကြိုင်က လောင်းနေကျမဟုတ်လို့ပါ။ တောင်းပန်ပါတယ်နော်"

"ရပါတယ်၊ မလောင်းတတ်ရင် သေချာသင်ပေးထားပေါ့။ တော်ကြာ အပင်တွေသေကုန်မှဖြင့်"





"ဟုတ်ကဲ့"

သူမ အောင့်သက်သက်ခံလိုက်ရပြီး အိမ်ထဲသို့ပြန်ဝင်ကာ အကြိုင့်ကို အသံတိတ်ဗိုက်ခေါက်လိမ်၍ဆုံးမရလေ၏။

"ဟင်. . . နင်ဒသုံးမကျလို့ ငါအပြောခံရတာ။ အိမ်မှာ သူများတွေရေလောင်းတာ ကြည့်မထားဘူး။ ဟိုမှာ ရေမကြိုက်တဲ့အပင်တွေသေကုန်တော့မယ်။ ဘာမှအသုံးမကျဘူး၊ ဒါလေးတောင်မှစိတ်မချရရင် ငါဘယ်လိုဆိုင်သွားလို့ရမှာလဲ"

အကြိုင်က ရှုံ့မဲ့ရှုံ့မဲ့ဖြင့်ကျိတ်ငိုနေလေပြီ။ သူမဘာမှဆက်မပြောချင်တော့သဖြင့် ဒ်ိမ်ပေါ်တက်ခဲ့သည်။

"တီတီ. . . တီချယ်ဒေါ်သီတာကပြောတယ်။ တီချယ်ဒေါ်မြမြက တစ်လနားမှာမို့ လူစားသွင်းပေးမယ်တဲ့"

"ဘယ်ဆရာမလာမှာလဲ. . . ညို"

"သူ့မောင် ကျူရှင်ဆရာလို့ပြောတယ်"

"ဟယ်! ဘယ်ဖြစ်မှာလဲ။ ဆရာခေါ်သင်လို့မဖြစ်ဘူးလို့ ပြောလိုက်လေ ညို။ ဒီဆရာမကလည်း ဒါလေးတောင်မှနားမလည်ဘူးလားမသိပါဘူး"

"ဆရာက ဒီလမ်းထဲမှာပဲနေလို့ နီးလို့သင်ခိုင်းလိုက်တာပါတဲ့တီတီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခက်တယ်နော်၊ ခက်တယ်. . . သိပ်ခက်တာပါပဲ"

သူမညည်းညူ၍ သက်ပြင်းကိုသာ ဆောင့်အောင့်ချလိုက်မိတော့သည်။



## အခန်း ( ၃ )

အိမ်ထဲရောက်သည်နှင့် ညည်းလိုက်သည့် ဘုန်းမြင့်ကျော်ကြောင့် ထမင်းပွဲပြင်နေရာမှ သူမေးလိုက်၏။

"ဘာခက်တာလဲ. . . ဖိုးကျော်"

"ခြော်. . . ကျူရှင်သင်ဖက်ဆရာမတွေကြောင့် စိတ်ညစ်လို့ပါကွာ။ သူတို့က လာခါနီး. . . အလှပြင်ရတာနဲ့ဘာနဲ့။ ဒီတော့ ကျူရှင်ချိန်နောက်ကျရောပေါ့။ စာသင်ချိန်ကျတော့ အပြည့်လိုချင်, လာတာကနောက်ကျ, အချိန်ကိုခိုး, ပြောတော့ဖြင့် ခဏလေးပါဆရာတဲ့။ ယူလိုက်တော့ (၁၅) မိနစ်၊ နာရီဝက်။ ရတဲ့အချိန်လေးက (၁)နာရီသာသာ။ သွားရော. . . ငါ့မှာ တွက်စာယူထားပေ



www.burmeseclassic.com

www.burmeseclassic.com



လို့ပဲ။ ကြာလာရင်. . . အဲဒီဆရာမတွေနဲ့ပြဿနာတက်တော့မယ်"

"ဟင်းဟင်း. . . အဲဒီဆရာမတွေအားလုံး အပျိုတွေချည်းပဲ မဟုတ်လား"

"ဟော့ကောင်. . . မင်းနော်. . . စလာပြီ"

"ဘာဖြစ်လဲကွ။ လူပျိုအပျို၊ ချိတ်လိုက်ရင်ပြီးကာပဲ"

"ခွီးတဲ့မှ ချိတ်စရာလား။ တစ်ခါလာ မိတ်ကပ်၊ နှုတ်ခမ်းနီနဲ့၊ ပဲကများ၊ ရှိတဲ့ဆရာနှစ်ယောက်ကိုအထာပေး။ ဆရာဦးဉာဏ်ဝင်းတောင် ပြောနေပြီ။ သတိထားဦး ဆရာကျော်ရေတဲ့. . ."

"ဟင်း. . . ဟင်း. . . ဟင်း. . . ဆရာမတွေက လှကြတယ် မဟုတ်လား"

"အားကြီးလှရှာတယ်. . . ရင်ပူတဲ့အလှတွေပါကွာ။ မင်း၊ ငါ့အကြောင်းသိပါတယ်. . . ကိုမောင်ရာ။ ငါက မိန်းမဆိုရင် ဆံပင်က ရှည်ရမယ်။ အရပ်အမောင်းလှရမယ်။ မျက်နှာလေးက ယဉ်ရမယ်။ ချောဖို့မလိုပါဘူး. . . တစ်နေကုန်ပင်ပန်းခဲ့သမျှ ညနေမှာ သနပ်ခါးနံ့လေးနဲ့ဆီးကြိုလိုက်ရင်များ၊ အမယ်လေး. . . ဘာပြောကောင်းလိုက်မလဲ"

သူသဘောတကျရယ်မောလိုက်ပြီး တစ်ဖက်အိမ်က အမျိုးသမီးကို ကွက်ခနဲမြင်ယောင်မိသည်။ အင်း. . . ဖိုးကျော်လိုချင်





တာနဲ့ ကွက်တိပါပဲလား။

"လိုချင်တာ သိပ်မများလွန်းဘူးလားဖိုးကျော်ရာ"

"အင်း. . . ဒီခေတ်မှာ ဒီလိုဟာမျိုးရှာမှရှားပါကွာ"

"မရှားပါဘူး"

"အံမာ. . . မင်းရဲ့လူနာမတွေကိုလာမစပ်နဲ့။ မလိုချင်ဘူး"

"ရော်. . . Nurse တွေလုပ်စမ်းပါကွာ"

"ဟေအေး. . . တော်ကြာ လင်မယားချင်းရန်ဖြစ်ရင် မကျေနပ်တာနဲ့ ဆေးထိုးသတ်မှဟုတ်ပေ့ဖြစ်နေမယ်"

"ငါတကယ်ပြောနေတာပါ"

"ကန်တော့ဆွမ်းပါ ကိုမောင်"

"ဩော်. . . ဒီကောင်တော့"

မင်းရန်နိုင်နှင့်ကလေးတွေ ဝင်လာတော့ သူထမင်းပွဲပြင်သည့်အလုပ်က ပြီးချေပြီ။ ကလေးတွေက ကျွတ်စီကျွတ်စီဖြင့်ပြောလျက်ရယ်မောနေသည်မို့ သူအကဲခတ်လိုက်မိသည်။

"ဘာတွေသဘောကျနေတာလဲကွ ညဏရ"

"ဦးမောင်နဲ့ ဟိုဘက်အိမ်ကအန်တီကို တွဲစတာလေ။ ပုန်းညက်ဖြူ စိတ်ကောက်သွားတယ်ဗျ"

"သူမကြိုက်ရင် မစ,နဲ့လေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မစ,ဘဲမနေနိုင်ဘူး ဦးမောင်ရဲ့။ မြူမက သူ့အဒေါ်ကိုသိပ်တွန့်တိုတာ။ နည်းနည်းမှစ,လို့မရဘူး"

"ဘယ်သူ့ကိုပြောနေတာလဲ"

"ဟိုဘက်ခြံက အန်တီလေ"

"လှလို့လား"

"ဘယ်သိမှာလဲ။ ညာတို့တောင် တစ်ခါမှမတွေ့ဖူးသေးဘူး"

"ဒါနဲ့များ လျှောက်ပြောနေ"

ဖိုးကျော်စကားကြောင့် သူ မအောင့်နိုင်ဘဲ ရယ်ချလိုက်မိ၏။ ဖိုးနိုင်ကပါ သူ့ကိုမသင်္ကာသလိုကြည့်လာလေသည်။

"ဟော့ကောင်. . . မင်းမဟုတ်တော့ဘူးနော်။ ငါ့စကားထဲမှာ ဘာမှရယ်စရာမပါဘူး။ ဘယ့်နှယ်. . . ဘာကိုသဘောကျနေလဲ မသိ"

"ငါက တွေ့ဖူးပြီးပြီ"

"ဟော!"

"ဟာ. . . ဦးမောင်က ခြေသွက်လိုက်တာ"

"ဘယ်လိုလဲကိုမောင်. . . ချောလား"

"ဖိုးကျော်အကြိုက် ယဉ်သမှလွန်ရော"

"ဟုတ်လား. . . ပွတာပဲ။ ခြံချင်းကပ်ဆိုတော့အိုးချင်းထား





အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ. . . OK"

"ဟာ. . . ဦးကျော်ကလည်း ညာတို့က ဦးမောင်နဲ့သဘောတူထားတာ။ ဝင်မလုနဲ့လေ"

"အံမာ. . . သူက မင်း,ဦးမောင်ကို ပြန်ကြိုက်ဦးမှကိုး။ မေးပဲမေးကြည့်ပါဦး။ စကားတောင် ဘယ်နှခါပြောဖူးပြီလဲလို့ဟင်"

"နှစ်ခါ"

"အန်"

ဖိုးကျော် သူ့ကို မျက်လုံးပြူးကြီးဖြင့်ကြည့်တော့ ဖိုးနိုင်ပါ မအောင့်နိုင်ဘဲရယ်ချလိုက်တော့သည်။ ဟုတ်တယ်. . . သူတို့သုံးယောက်ထဲမှာ သူနှင့်ဖိုးနိုင်က အလုပ်လုပ်ဖက်တွေနှင့် ချိတ်တိတ်တိတ်ရှိတတ်ပေမယ့် ဖိုးကျော်က နဂိုကတည်းက ဇီဇာကြောင်၊ အရိုးများချေးခါးမို့ ပြန်ကြိုက်မည့်သူမရှိ။ မိန်းမမြင်ရင် အပြစ်တစ်ခုမဟုတ်တစ်ခုတွေ့နေတာနှင့်ပဲ ကျန်ရစ်ဖြစ်ခဲ့တာ ဒီအရွယ်ထိတိုင်ပင်။

"ပြောလေ, ကိုမောင်၊ ကိုမောင့်အမြင်လေး ဝေမျှပေါ့"

ဖိုးနိုင်က စကားထောက်ပေးလိုက်သဖြင့် ထမင်းစားနေလျက်မှ ခေါင်းညိတ်လိုက်မိသည်။

"ဒံပင်က ခြေသလုံးအထိရောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ! "

"မျက်နှာက သွယ်သွယ်၊ နှာတံပေါ်ပေါ်၊ မျက်လုံးဝိုင်းဝိုင်း၊ မျက်တောင်ကော့ကော့၊ ညာပါးမို့မို့ပေါ်မှာ စပယ်တင်မှဲ့လေးက ရှိသေး။ နှုတ်ခမ်းက မထူမပါး။ အရပ်အမောင်းလှလှ၊ ကိုယ်လုံးကိုယ်ပေါက် ပြောစရာမရှိ။ ခါးလေးက လေတိုက်တာနဲ့ ကျိုးလုအောင်. . . သေးတယ်။ ကဲ. . ."

"ဟောဗျာ. . . ကိုမောင် ဒီလောက်ထိ စေ့စပ်သေချာစွာ လေ့လာပြီးပြီပေါ့"

"ငါနဲ့ မနေ့ညနေကတည်းက စကားပြောတာ။ အသံကလည်း ချိုအီနေတာပဲ။ မျက်မှောင်ကိုတော့ ကြုတ်ထားလိုက်တာမာနက ထိပ်ခေါင်တင်။ လူတွေနဲ့သိပ်ရောချင်ပုံမရဘူး။ လမ်းထိပ်က စတိုးဆိုင်ပိုင်ရှင်ကြီးကလည်း သူ့ကိုပိုးနေပုံရတယ်။ ခေါ်ပုံကိုက ချွဲချွဲပျစ်ပျစ်နဲ့။ ခိုင်. . . တဲ့"

ကလေးတွေ အုံးခနဲရယ်လိုက်ကြလေ၏။

မင်းရန်နိုင်က ဘာဘောကျစွာရယ်ရင်း သူ့ကိုထပ်မေးပြန်သည်။

"နေပါဦး. . . ဟိုဘက်ခြံဒီဘက်ခြံ သိပ်မနီးဘဲ ကိုမောင်က သူ့စပယ်တင်မှဲ့ကို ဘယ်လိုမြင်ရလို့လဲ"





"ဒီမနက် ဈေးယဲမှာထပ်တွေ့တယ်လေ။ ချိတ်ချင်းအခစ ခြင်းတောင်းကတဲ့။ သူ့ခြင်းတောင်းနဲ့ ငါ့ကျွတ်ကျွတ်အိတ်ငြိပြီး ပြုတော့. . .'ဆောရီးနော်'လို့တောင်းပန်တာ။ အရပ်က ငါ့ပခုံးကျော်တယ်၊ တော်တော်မြင့်တာ. . .။ သနပ်ခါးနံ့က သင်းခနဲစွဲကျန်ရစ်တာပဲ"

"တောက်! ငါမနာလိုဘူး. . . မနာလိုဘူး"

"ရော်. . . ခက်တာပဲ"

"ဟုတ်တယ်လေ, မင်းတို့ဆီမှာက ဝိုင်းဝိုင်းလည်နေတာ။ ဒီတစ်ယောက်ကို ငါ့ဖို့ထား။ ဒါပဲ"

"အာ. . . ဖိုးကျော်ကလည်း ခင်တောင်မှမခင်ရသေးဘူး။ အရင်လုနေပြီ။ ငါက ကြိုက်နေပြီပြောမိလို့လား"

"မသိနိုင်ဘူးလေ။ မင်းပဲ ဒီနေ့လုံးပဋိလုံပြောနေပြီးတော့"

"ဒါက မင်းမျက်စိထဲ ကွင်းကွင်းကွက်ကွက်မြင်သာအောင် ပြောပြတာလေကွာ"

"ထားပါတော့, ကိုမောင်သုံးသပ်နေကြအတိုင်း ပြောပါဦး။ အဲဒီခိုင့်ဆီမှာ ကိုမောင်သဘောအကျဆုံးက. . . ဘာလဲ"

"မေးစေ့"

"ကြုံကြုံဖန်ဖန်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်, မေးစေ့လေးက တစ်မျိုးလေး။ ချွန်လည်းမချွန် ဝိုင်းလည်းမဝိုင်းဘဲနဲ့လှတာ။ ငါဆွဲကိုင်ချင်စိတ်ပေါက်တယ်"

"ဟာကွာ. . . ပြောတော့ဖြင့်မကြိုက်ဘူးဆို"

"ဪ. . . ဒီရောဂါကမသေးဘူး။ ယူဟော့. . . ယူ. . . ဟိုက မင်းကိုပြန်ကြိုက်ရင် ယူသာယူလိုက်. . . ဟုတ်ပြီလား"

"ကန့်ကွက်ပါတယ်. . . ကန့်ကွက်ပါတယ်။ ညာတို့က ဦးမောင်နဲ့ပဲသဘောတူတယ်။ ဦးကျော်သာ အံနင်တီခိုင့်ကိုတွေ့ရင် မျက်လုံးကျွတ်ကျမတတ်ကြည့်တာနဲ့ ဟိုကလန့်ပြေးမှာ. . . ရလိမ့်မယ်လို့မထင်နဲ့"

ရယ်သံတွေ အုံးခနဲထွက်လာကြပြန်သည်။ ဖိုးကျော်က ဉာဏ်ဇက်ပိုးကိုထအုပ်လေ၏။ သုံးယောက်ထဲမှာ အသက်ကအကြီးဆုံး။ ရုပ်ပါလည်း အချောချောဆုံးမို့ ဖိုးကျော် ဂေါ်မစွံလူပျိုကြီးဖြစ်နေတာကို ကလေးတွေ အသိဆုံးပေကိုး။

သူနှင့်ဖိုးနိုင်ကတော့ ကျောင်းတက်ဖော်တွေ ကိုယ့်ကိုရေလာမြှောင်းပေးလုပ်နေကြပေမယ့် စာကိုသာ ဖိကြိုးစားနေခဲ့ရသောကြောင့် ချစ်သူမထားဖြစ်ခဲ့။ ဘာပဲဖြစ်ဖြစ်. . . သူတို့အလုပ်ကိုယ်စီမှာ လိုချင်ရင် စိတ်ကြိုက်ရွေးစရာတွေက အဆင်သင့်ရှိနေတာမို့ ခပ်အေးအေးသာ နေဖြစ်ခဲ့သည်လေ။





ညဘက် ကလေးတွေစာကျက်နေချိန်မှာ သူတို့လူကြီးသုံးယောက် လက်ဖက်ရည်ဓာတ်ဘူးနှင့် လသာဆောင်မှာ ထွက်ထိုင်နေမိ၏။ ဖေဖေကလည်း ဒီခြံကို သူ့အတွက်ဝယ်ပေးတာတောင် မြေးချီချင်ပြီကအရင်။ မမနှင့်ကိုကိုတို့က အသီးသီးမွေးထားပေးတာတောင် မကျေနပ်သေး။ အငယ်ဆုံးကျန်နေသည့်သူ့ကိုကြည့်မရ။ မျက်စောင်းက ခဲချင်သေး။ ပြီးတော့. . . သူချီချင်တာ မြေးဟဲတွေ မဟုတ်ဘူးတဲ့။ ကဲ. . . မိန်းမယူရင် မောင့်ကိုသမီးလေးမွေးပေးနော်လို့ တောင်းဆိုလို့ရနိုင်တာမှမဟုတ်ဘဲ။

ကလေးနှစ်ယောက်စီစဲယူမယ်ပြောပြီး ကိုကိုရော, မမပါ တိုင်ပင်ပြီးမွေးလိုက်သလား ထင်မှတ်ရသည်။ မျောက်နှစ်ကောင်စီ။ ကလေးတွေက သိပ်အဆိုးကြီးမဟုတ်ပေမယ့် သူပဲမွေး၊ သူပဲထိန်းခဲ့ရတာမို့ မိဘတွေထက် သူ့ကိုပိုကပ်ပိုချစ်ကြ၏။ ဒီသံယောဇဉ်တွေကိုငဲ့ပြီး မိန်းမမယူဖြစ်မှာကို အကြောက်ဆုံးက ဖေဖေဖြစ်နေလေ၏။ သူကလည်း ခုချိန်ထိ ဘယ်မိန်းကလေးကိုမှ မရိုးမသားမကြည့်။ ရင်မခုန်ဖူးတာကိုး. . .။

"ပျင်းတယ်ကွာ၊ ဂစ်တာလေးဘာလေးတီးရအောင်"

"မကြီးမငယ်နဲ့. . . လုပ်ပြန်ပြီ"

"လုပ်လေ. . . ကိုမောင်ကလည်း, ဟိုဘက်ခြံက အပျိုကြီးကို



www.burmeseclassic.com

www.burmeseclassic.com



မှန်းပြီး 'ရင်သို့တိုးဝှေ့ဆဲပါခိုင်' ဟဲရအောင်"

"ပေါ်ပါ့ကွာ"

"မင်းဆိုမှာလား"

"အေး"

"ကျိတ်လိုက်ကွ"

သူ ဟက်ခနဲရယ်ချရင်း အခန်းထဲမှာထောင်ထားသည့်ဂစ်တာကိုသွားယူ၍ ပြန်ထိုင်လိုက်ပါသည်။ တစ်ဖက်ခြံကို ကျောပေးထိုင်ထားသည်မို့ သူ့မျက်နှာကို လရောင်နှင့်မမြင်လောက်ပါဘူးဟု တွက်ဆမိ၏။

ဂစ်တာကြိုးတွေကို ညှိရင်း Intro ကို စဆိုက်သည်။

''နွေကြိုရှေ့ညသြ ××× ပန်းပိတောက်ကိုမြင်မှ ××× နွေရောက်တာကိုယ်သိတယ် ××× ခြော် ××× နွေတဲ့လား ××× ရာသီတွေလည်းပြောင်းသွားခဲ့ပေါ့ ××× အချိန်အခါတွေသည် နှောင်းသွားခဲ့လည်း ××× ကြင်နာသူမို့ အမှတ်တရရှိနေဆဲ×× ယုံပါရင်သို့ တိုးဝှေ့ဆဲပါခိုင် ×××

မမြင်တာကြာပေမယ့် ××× အသည်းက သံမှိုစွဲ ××× ရိုက်ထားသလို ထင်ရတယ် ××× ခြော် ××× ဝေဒနာလား ××× အသေအချာဝေဖန်သုံးသပ်မိတော့ ××× ရင်မှာသွယ်တဲ့ကြိုးက ငြပေါ့ ××× ဘယ်သူ





ကူလို့ ဖြစ်လို့ရမှာလဲ ××× ယုံပါ ရင်သို့တိုးဝှေ့ ဆဲပါခိုင် ×××

မေ့ဖို့မကြိုးစားခဲ့ပါဘူး ××× ပျော်သည်ဖြစ်ဖြစ် မပျော်သည်ဖြစ်ဖြစ် ကျိတ်မှိတ်ခံစားမယ် ××× အသည်းနဲ့ ရင်းခဲ့ရသူမို့ ××× တစ်ခါတလေကျတော့ ပိုခံစားရ ××× အရူးတစ်ယောက်လိုဖြစ်တာ ××× ချစ်လွန်းတော့လည်းကွယ် ××× ဘယ်လိုပြေမလဲ ××× မေ့လို့ရမှာလဲ ××× ယုံပါရင်သို့ တိုးဝှေ့ဆဲပါခိုင် ××× ယုံပါရင်သို့ တိုးဝှေ့ ဆဲပါခိုင် ×××

ဘုရားရှိခိုးနေရာမှ ကြားလိုက်ရသည့်သီချင်းသံကြောင့် သူမ အာရုံနောက်သွားရ၏။ ကြည့်စမ်း! ရောက်တာဖြင့် နှစ်ရက်ရှိသေးသည်။ ဖိုသံက ပေးနေပါရောလား။ ကလေးတွေက အပေါ်ထပ်ဧည့်ခန်းမှာ စာကျက်နေတုန်း။

သူမ, ဘုရားကို ဦးသုံးကြိမ်မြန်မြန်ချ၍ ဘုရားခန်းပြတင်းပေါက်ကို အသံမြည်အောင်ပင် တမင်ထပိတ်လိုက်လေ၏။

"ဒုန်း! "

"အားပေးတယ်ပေါ့လေ"

"မင်းအသံကွဲကွဲကြီးကို နားမခံသာလို့နေမှာပေါ့"

"ဟ. . . ဒါ မအေမွေးကတည်းက အသံလေကွာ"

"တော်ပါတော့ကွာ. . . သူ, မကြိုက်ရင် ဆက်မဆိုကြတာ



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးပါပဲ"

"အရိပ်လေးကောင်မှ မမြင်လိုက်ရတဲ့ဘဝပါလား"

ဖိုးနိုင်နှင့်သူ ဖိုးကျော့်ကိုလည်းပင်းညှစ်ဆွဲခေါ်၍ အိမ်ထဲခေါ်ခဲ့ရသည်။ ညအတော်က အိပ်ရာဝင်နေလေပြီ။

ဘုရားခန်းမှထွက်လာတော့ ဘောပင်ကိုကိုက်ရင်း ငြိမ်နေသည့်တူမတွေကို သူမ ခေါင်းတစ်ချက်စီခေါက်လိုက်၏။

"ဟင်. . . စာမကျက်ဘဲ စိတ်တွေက မြက်သွားစားနေလား"

"အား. . . တီတီကလည်း"

"ဘာတီတီကလည်းလဲ, ငါသိနေတယ်နော်. . . ဟွန်း"

"ဟိုဘက်ခြံက တီတီ့ကိုစောင်းဆိုနေလို့ နားစွင့်ကြည့်တာပါ"

"အံမာ! ဘာငါ့ကိုဆိုရမှာလဲ၊ လျှာမရှည်နဲ့။ စာတွေပြီးရင် အိပ်ကြတော့။ မနက်လေးနာရီ ထကျက်ရမယ်"

ကနလေးမတွေ မျက်နှာရှုံ့တွသွားပြီး အိပ်ခန်းထဲဝင်ကာ ခြေလက်ဆေး ညဝတ်အင်္ကျီလဲလျက် အိပ်ရာပေါ်တက်လိုက်ကြလေ၏။

"ပွန်း. . . သူ့ကိုစောင်းဆိုနေမှန်းသိရဲ့သားနဲ့။ လိုက်ပြောနေတာပဲ"





"ဘယ်သူ့အသံလဲဟင်"

"ဘယ်သိမှာလဲ. . . မြင်မှမမြင်ရတာကို"

"သိပ်ပူမနေနဲ့၊ တီတီနဲ့မျက်နှာချင်းဆိုင်အခန်းမှာ ဦးမောင်အိပ်တယ်တဲ့"

"ဟာ. . . သွားပါပြီ။ အဲဒီဦးမောင်ကလည်း ဘာလို့ ဒီအခန်းကိုမှယူရတာလဲ"

"နီနီကလည်း. . . သူတို့အိမ်သူတို့ယူတာ သွားတားလို့ရမှာလား။ တီတီနဲ့ တစ်ယောက်ယောက်ကြိုက်ပါစေဆိုနေမှ"

"ကြိုက်ရင်လည်း တခြားလူနဲ့ကြိုက်ဟာ။ အဲဒီဦးမောင်ကို ငါယူမှာ"

တိုးတိုးကျိတ်ကျိတ်ရယ်သံတွေထွက်လာသဖြင့် သူမ,စာရင်းတွေတွက်နေရာမှ လှမ်းအော်လိုက်ရ၏။

"ဟဲ့. . . ဟုံကလေးတွေ"

"အိပ်ပြီတီတီ. . . အိပ်ပြီ"

ပြတင်းပေါက်ကိုဖွင့်၍ လိုက်ကာကိုတစ်ခြမ်းဆွဲထားသည်မို့ လေအေးတို့က တသုန်သုန်တိုက်ခတ်နေလေ၏။ ဆိုင်အတွက်ဝယ်ဖြည့်ရမည့်ပစ္စည်းစာရင်းတွေကိုချရေးနေစဉ် တစ်ဖက်အိမ်ပြတင်းပေါက်မှတယောသံက ညဥ့်ယံမှာ သာယာစွာမြည်လာလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမငြိမ်သက်စွာ နားထောင်နေမိ၏။ စာကြည့်မီးရောင်ဖြင့် သူမကိုလှမ်းမြင်နိုင်မှန်း သတိရသွားသဖြင့် လိုက်ကာကိုဖယ်၍ ပြတင်းတံခါးကိုပိတ်လိုက်စဉ် တစ်ဖက်အိမ်ပေါ်မှတယောထိုးနေသူကို လရောင်အောက်မှာဝိုးတဝါးမြင်နေရ၏။ သူ. . . ဟုတ်တယ်. . . သူပါပဲ။

သူမ အိပ်ရာထက်လှဲချ၍ သက်ပြင်းမောတစ်ချက်ကို ချလိုက်မိသည်။ မောင်နှမ (၆) ယောက်ရှိရာမှာ အကြီး(၅)ယောက်က ယောက်ျားလေးတွေဖြစ်ပြီး သူမက အငယ်ဆုံးမိန်းကလေးဖြစ်ခဲ့၏။ အစ်ကိုတွေ အလျှိုလျှိုအိမ်ထောင်ပြုသွားကြတာ ရှေ့ဆင့်နောက်ဆင့်မို့ မွေးလာကြသည့်ကလေးတွေဟာ သူမလက်ထဲသို့သာရောက်ခဲ့ရပါလေရော။

သုံးနှစ်အရွယ်ကလေးတွေကို သူမ, မွေးကြိုလက်ခံသည်မို့ တစ်နှစ်ကျော်,နှစ်နှစ်ကျော်လောက်ကတည်းကပင် သားသမီးတွေကို အစ်ကိုတွေက သူမလက်ထဲ ဝကွက်အပ်ပြီး လူလွတ်တွေဖြစ်ကုန်ကြလေသည်။

သူမကလည်း ကလေးချစ်တတ်သူမို့ ကလေးတွေကို မိဘနာမည်ပါအောင် နာမည်မပေးဘဲ သူမလို,ပန်းနာမည်လေးတွေသာရွေးပေးခဲ့ပါ၏။ ကလေးတွေကလည်း ဒီအခေါ်ကိုပင် မိဘထက်





ပိုတွယ်တာကာ သူမကိုလာပိုးသမျှ ယောက်ျားတွေကို Lesson အမျိုးမျိုးပေးတတ်ကြလေသည်။ အခု အရွယ်လေးရလာမှ သူတို့ဟာသူတို့ ချင့်ချိန်နားလည်တတ်လာ၍ ငြိမ်သွားကြတာဖြစ်၏။

သူမကလည်း ဒီတစ်သက်အိမ်ထောင်မပြုဖို့ဆုံးဖြတ်ပြီးသားမို့ အပျိုကြီးဂုဏ်ကို သံမဏိစည်းမျဉ်းကြီးချ၍ထိန်းထားခဲ့တာ ပင်။

ခြော်. . . ဘာလိုလိုနဲ့ အသက်တောင် (၃၀) ထဲဝင်ပါရောလား. . .။



www.burmeseclassic.com

www.burmeseclassic.com



## မောင့်ရင်ထဲက နှင်းပန်းဒိုင်

### အခန်း ( ၄ )

တိုက်နောက်ဘက် ဝရန်တာမှာ စိတ်မနေသည့် မင်းရန်နိုင်က တစ်ဖက်ခြံနောက်ကွင်းထဲမှာ အားကစားလုပ်နေကြသည့်မိန်းကလေး (၇)ယောက်ကို လှမ်းမြင်နေရ၏။ ကြည့်စမ်း. . . သူတို့အဒေါ်ဆိုတာကရော. . . ဘယ်မှာလဲ။ စိတ်မ,တာကို လက်စသတ်လိုက်ပြီး တစ်ဖက်ခြံကိုလှမ်းမျှော်ကြည့်နေမိစဉ် ကလေးမတွေက သူ့ကိုလှမ်းမြင်သွားလေ၏။

တီတီ, မီးဖိုခန်းထဲမှာရှိနေသည်မို့ ဦးနိုင်ကို လှမ်းခေါ်ချင်သော်လည်းမခေါ်ရဲ။ ဦးမောင်လောက်မချောပေမယ့် ဒီဦးနိုင်က လည်း ခန့်ချောကြီးမို့ ခင်ချင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးနိုင်က ရုတ်တရက်လက်ဟန် ဖြင့် ဂစ်တာရှိတ်လုပ်ပြ၍ ဘယ်လက်ကို ပခုံးလောက်မြှင့်ပြလိုက်သည်နှင့် ညီုတို့အုပ်စု လေ့ကျင့်ခန်းလုပ်နေရင်းမှ ကပေါက်တိ ကပေါက်ချာတွေ ဖြစ်ကုန်တော့သည်။ ဦးနိုင်မေးပုံက တီတီ့ကိုမှန်းရိပ်မိတာမို့ အိမ်ဘက်ကိုလက်ညှိုးညွှန်ပြလိုက်လေ၏။

ဦးနိုင်က,ရယ်ပြလိုက်ပြီးနောက် ဝရန်တာလက်ရန်းမှာ လက်ထောက်လျက် ညီုတို့ကိုလှမ်းကြည့်နေစဉ် တီတီက မီးဖိုခန်းထဲမှ ထွက်လာလေသည်။

"ဟဲ့. . . ဒါက ဘာရပ်လုပ်နေကြတာလဲ"

"တီတီ. . . ဟို"

"ညီုနော်. . . ရှေ့ကနေပြီး စနစ်တကျမပြနိုင်ရင် နောက်က ညီမတွေ ဘယ်လိုလုပ်တတ်မှာလဲ"

"ညီုမှသိပ်မကျွမ်းကျင်တာကိုး. . . တီတီရဲ့"

"ကျွတ်. . . ပြောလိုက်ရင် ဆင်ခြေကတက်ပြီ။ အခုပဲ ဆယ်မိနစ်ရှိနေပြီ။ အစကပြန်လုပ်။ ကဲ. . . စမယ်"

တီတီက ကွင်းဘေးမှာ ခါးထောက်ရပ်၍အော်လိုက်တော့ ညီုတို့အုပ်စု ညီညာစွာလှုပ်ရှားရတော့သည်။ တီတီက အစအဆုံးကြည့်နေသည်မို့ တီတီ့ကိုလှမ်းရှိုးနေသည့်ဦးနိုင်ကိုမမြင်။ ဦးနိုင်





က လက်ဝါးထဲမေးတင်ရင်း ငေးနေချေပြီ။

သူမစိတ်တိုင်းကျသွားမှ အိမ်ဘက်ပြန်လှည့်စဉ် တစ်ဖက်ဝရန်တာမှ မေးထောက်ငေးနေသည့်လူကိုမြင်သွားရ၏။ ကြည့်စမ်း. . . ကလေးတွေလေ့ကျင့်ခန်းယူနေတာကို ငေးနေလိုက်တာ သွားရည်ပါမျှားမျှားကျတော့မည်။

"တောက်! ကဲ. . . အားလုံးပြန်ဝင်။ ခဏနားပြီးရင် ရေချိုး, Breakfast စား, စာပြန်နွေး, ကျောင်းသွားဖို့အဆင်သင့်ပြင်။ အချိန်ဇယားသေချာတိုက်။ ဟဲ့. . . နီနီ, ဘာလို့ရပ်ကျန်ခဲ့တာလဲ"

"လာပါပြီ. . . တီတီ"

ကလေးတွေအားလုံး အိမ်ထဲရောက်မှ သူမလိုက်ဝင်လာခဲ့သည်။ ဘယ်လိုလူမှန်းလည်းမသိ။ သူ့အရွယ်ကိုမှအားမနာ။ ကိုယ့်သမီးအရွယ်လေးတွေကို အငမ်းထူနေပုံကိုက ရိုက်ပေါက်။ သူမထမင်းချိုင့် (၇) ချိုင့်မှာ သေချာစီစဉ်၍ထည့်ပေးပြီးမှ သူမဆိုင်သွားရန် ထမင်းချိုင့်ထည့်လိုက်၏။

ကလေးတွေ ရေချိုးပြင်ဆင်နေချိန် သူမရေချိုး၍ပြင်ဆင်ပြီးလေပြီ။ ဆံပင်ကိုမြင့်မြင့်လေးချည်နှောင်၍ အသာအယာဖြီးသင်ချထားလိုက်သဖြင့် လူက နုနယ်သွားသယောင်။ ဖြစ်ပါ့မလား။ အို. . . ဆိုင်မှာရှိနေရမှာမို့ အဘွားကြီးပုံစံနေလို့ ဘယ်ဖြစ်ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘလောက်စ်အင်္ကျီလိမ္မော်ရောင်ဖျော့ဖျော့ကို အစိမ်းရင့်မှာ လိမ္မော်ပွင့်လေးတွေကြဲထားသည့်လုံခြည်နှင့် တွဲဝတ်လိုက်သည်။ Hand bag အမည်းရောင်ထဲသို့ တည့်စရာရှိတာ‌ေ႕ ပါအောင် ထည့်လိုက်ပါ၏။

အောက်ထပ်ကိုဆင်းလာတော့ ထမင်းစား,စားပွဲမှာ ကလေးတွေစုံနေလေပြီ။ မနက်တိုင်း တစ်မျိုးမဟုတ်တစ်မျိုးလုပ်ကျွေးနေကျမို့ ဒီမနက်ပိုင်း လုပ်ကျွေးသည့်မုန့်ဟင်းခါးက မကြိုက်သူတစ်ယောက်မှမရှိ။

မျက်နှာမှာ သနပ်ခါးပါးကွက်ကျားကွက်မကွက်၊ ဆံပင်တွေကျစ်ဆံမြီးနှစ်ဖက် ကျစ်မကျစ်ကြည့်ပြီးမှ သူမကျေနပ်သွားသည်။ ထိုင်ခုံမှာထိုင်၍ မုန့်ပွဲထဲဟင်းရည်ထည့်နေစဉ် ပုန်းညက်ဖြူထံမှ အသံထွက်လာလေ၏။

"တီတီ"

"ဘာတုန်း"

"တီတီဆိုင်ပြန်ထွက်ရင် ဟိုလူကြီးက ယောမြလာနေဦးမှာပေါ့"

"ဟဲ့. . . ဘယ်ကလူကြီးလဲဖြူရဲ့"

"ဟိုလူပျိုသိုးကြီးလေ, တီတို့ဆိုင်ခန်းအပေါ်ထပ်က"





"ဩော်. . . ကိုတိုးကိုပြောတာလား"

"အင်း"

"ဘာဖြစ်လဲကွယ်. . . သမီးကလည်း"

"ဘာဖြစ်ရမှာလဲတီတီရဲ့။ ဘာမှလာဝယ်တာလည်းမဟုတ်ဘဲနဲ့ တီတို့ကိုလာလာကြည့်နေတာမကြိုက်ပါဘူး။ ဦးနိုင်ကလည်း တစ်မျိုး"

"လာပြန်ပြီ. . . ဘယ်ကဦးနိုင်လဲ"

"ခုန ဟိုဘက်တိုက်ကလှမ်းကြည့်နေတဲ့ အသားညိုညိုနဲ့ဦးပေါ့"

"အမယ်. . . ဖြူဖြူနော်။ ညည်းတို့အသက် အခုမှငယ်ငယ်လေးရှိသေးတာ။ ဟိုစိတ်ဒီစိတ်တွေဝင်မယ်မကြံနဲ့။ အသံကြားလို့ကတော့ နင်တို့ဖိဘတွေဆီ ပြန်နေရပြီမှတ်။ သမီးတစ်ကောင် နွားတစ်ထောင်တဲ့။ ငါ့မှာ နွား (၇) ထောင်ကို တစ်ပြိုင်တည်း ကျောင်းနေရတာ၊ စိတ်ညစ်မခံနိုင်ဘူး. . .။ ငါတောင် ဘာအပူမှရှာတာမဟုတ်ဘူး။ ငါ့ကိုမျက်နှာပျက်အောင်တော့ လုပ်မယ်မကြံနဲ့။ ညိုက ခေါင်းဆောင်"

"အန်. . . ညိုတို့ကိုကြည့်တာမှမဟုတ်ဘဲတီတီရဲ့"

"အောင်မာ. . . မှန်လာဥလုပ်မယ်မကြံနဲ့။ ငါ့မျက်စိကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တပ်အပ်တိုးတာတောင်မှ ညာချင်သေးတယ်. . . ညီညီနော်"

"ဟာ. . . တီတီကလည်း၊ ဦးနိုင်က ဟောဒီလို၊ မဟာဒီလို လုပ်ပြပြီး ညီတို့ကိုမေးတာ"

"ဟဲ့. . . ဘာကြီးလဲ"

"ငစ်တာရှိတ်နဲ့အရပ်မြင့်မြင့်လို့ အထာပေါက်တယ်လေ။ အဲဒါ တီတီ့ကိုမေးတဲ့ဟာပဲ။ ညကတောင် နိုင်သီချင်းဆိုကြသေးတာ။ ညီတို့နဲ့မဆိုင်"

"ကြည့်စမ်း. . . ရာရာစစ။ ကလေးတွေကို ဒီလိုလုပ်ပြစရာလား။ အသက်ကဖြင့် အိုနေပြီ၊ သူငယ်က ပြန်ချင်သေး။ တွေ့ကြသေးတာပေါ့"

"ဟင်. . . တီတီက ရန်သွားမတွေ့နဲ့လေ။ အဲဒါမှစကားတွေပြောပြီးရင်းနှီးသွားမှာပေါ့"

"ဩော်. . . ငါသိပါတယ်ဖြူဖြူရဲ့၊ ငါနင်တို့အဒေါ်ပါ။ ငနုံအေမဟုတ်ဘူး။ မဖြစ်သေးပါဘူး။ သင်းတို့နဲ့ တစ်ကွေ့ကွေ့တော့ တွေ့ဦးမှာပဲ"

ခြံထဲမှ တူအရီးတွေပြုံထွက်လာစဉ် သူတို့ခြံဝအရောက်မှာ ဆလွန်းအဖြူလေးက ရှတ်တရက်ထွက်လာသဖြင့် လန့်ဖျပ်အော် လိုက်မိ၏။





ဟွန်းသံမပေးမိဘဲထွက်လာတာမို့ ကားမောင်းသူကို ဘုကြည့်ကြည့်လိုက်ရာ သူဖြစ်နေလေသည်။

"Sorry. . . ခိုင်, ကိုယ် ဟွန်းသံမပေးမိတာ တောင်းပန်ပါတယ်"

သူမဘာမှမပြောဘဲ တစ်ဖက်လမ်းဘေးမှကပ်၍ လမ်းထိပ်သို့လျှောက်လာခဲ့၏။ ကားဂိတ်မှာရပ်လာသည့်ဖယ်ရီပေါ် ကလေးတွေအကုန်တင်ပြီးမှ Taxi စောင့်နေစဉ် လက်ဖက်ရည်ဆိုင်ရှေ့မှာရပ်ထားသည့်သူ့ကားက သူမအနီး လျှောခနဲလာရပ်လေသည်။ ကြည့်စမ်း. . . သွားစရာရှိတာမသွားသေးဘဲ လိုက်ရှုပ်နေပါရောလား။

"ဘယ်သွားမှာလဲ ခိုင်"

"အဲဒါ ရှင့်အပူမပါ,ပါဘူး

"လမ်းကြုံရင်"

"ဘာမှမကြုံဘူး။ အပိုတွေလာပြောမနေနဲ့"

"ဟာ. . . ခိုင်ကလည်း, ရန်သူတွေကျနေတာပဲ။ အိမ်နီးချင်းရင်းရင်းနှီးနှီးလေးဆက်ဆံပါလား"

"မရင်းနှီးချင်ပါဘူး. . . ရှုပ်ရှုပ်ယှက်ယှက်"

ခပ်လှမ်းလှမ်းရှိကားဂိတ်မှာ ကားစောင့်နေသည့်လူတစ်စု



www.burmeseclassic.com

www.burmeseclassic.com



က သူတို့နှစ်ယောက်ကိုကြည့်၍ ပြုံးစိစိဖြစ်နေလေပြီ။ သူမမျက်မှောင်ကိုပိုကြုတ်လိုက်ပြီး နောက်မှလာနေသည့် Taxi ကို လှမ်းတားလိုက်သည်။ သူဘာမှဆက်မပြောရသေးခင် Taxi နောက်ခန်းတံခါးကိုဖွင့်၍ သူမတက်သွားလေ၏။

ရော်. . . တော်တော်မာနကြီးသည့်အပျိုကြီးလေးပါလား။ ဖိုးကျော်နှင့်တွေ့ရင်တော့ နောင်ဂျိန်တွေပလေးကြဦးမည်။ သူတစ်ချက်ပြုံးလိုက်ပြီး ဆေးရုံသို့သာ ဆက်မောင်းလာခဲ့တော့သည်။

မင်းရန်နိုင်, ဆိုက်ထဲရောက်တော့ Hand Phone မှ အသံမြည်လာလေ၏။ ဖုန်းကိုဖွင့်၍ လေ့ကားမှအပြေးတက်လာခဲ့သည်။

"ဟဲလို"

"ကိုနိုင်. . . အခုဘယ်မှာလဲ"

"ချိုလား"

"ဟုတ်တယ်"

"ကိုယ်. . . ဆိုက်ထဲရောက်နေပြီ။ ဘာပြောချင်လို့လဲ"

"ကိုနိုင်မေ့နေပြီမဟုတ်လား။ ဒီနေ့ ချို့မွေးနေ့လေ"

"ဩော်. . . ဟုတ်သားပဲ, Sorry. . . ကိုယ်လည်း အလုပ်တွေရှုပ်နေလို့ မေ့သွားတာပါ။ ဟိုတစ်ပတ်ကတောင် သတိရသေးတယ်"





"ပြောလိုက်ရင် ဒီအတိုင်းပဲ။ ည (၇) နာရီ Dinner ကျွေးမှာနော်. . . Dream မှာ။ အဲဒါ ကိုနိုင်လာရင် ချို့ဖို့ထူးဆန်းသောလက်ဆောင်ယူခဲ့ဖို့မမေ့နဲ့။ သိတယ်မဟုတ်လား။ ဒေဒီတို့က ချို့ကိုသိပ်လျှော့တွက်ထားတာ။ ကိုနိုင်နဲ့ချိုအရင်းနှီးဆုံးဆိုတာကို ဒီပွဲမှာ သက်သေပြချင်တယ်"

ဗုဒ္ဓေါ. . . စကားနဲ့အပိုင်ကိုချည်နေပါရောလား။ အာရုံကခါးသိမ်သိမ်လေးကိုပဲရောက်နေတာမို့ သူညစ်သွားရသည်။ မိန်းမတွေများ နည်းနည်းလောက်အလေးသာ,မပေးလိုက်နှင့် ကမ်းတက်လာချင်ကြပြီ။

"OK လေ, ချို့စိတ်တိုင်းကျဖြစ်ရမယ်. . . ဟုတ်ပြီလား"

"တကယ်နော်"

"sure ပါ"

ဖုန်းပိတ်လိုက်ပြီး ဆောက်လက်စတိုက်ကို လှည့်ပတ်ကြည့်ရင်း လိုအပ်တာတွေမှာနေရ၏။ A.G.T.I ဆင်း မိုးဝါက သူ့နားသို့ရောက်လာလေသည်။

"ကိုရန်နိုင်, အုတ်နဲ့သဲမှာတာ နေ့လယ်နှစ်နာရီအရောက်ပို့ပေးမယ်လို့ပြောပါတယ်"

"မဝါ. . . အတော်ပဲ, ကျွန်တော်မေးစရာရှိလို့ခဏလေး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ မမိုးဝါကို လူနည်းနည်းရှင်းရာဘက်ခေါ်လာခဲ့၏။ မမိုးဝါက စိတ်ဝင်တစားဖြင့် သူ့နောက်ပါလာလေသည်။

"ဘာမေးမလို့လဲ. . . ကိုရန်နိုင်"

"ဟိုလေ. . . မိန်းမတွေက ဘာကြိုက်တတ်သလဲလို့ပါ"

"ရှင်! "

"ဒီလို. . . မဝါရဲ့၊ ကျွန်တော့်သူငယ်ချင်းချို့မွေးနေ့ကို ဒီည သွားရမှာ။ အဲဒါ ဘာလက်ဆောင်ဝယ်ပေးရမလဲလို့ စဉ်းစားလို့ကို မရဘူး"

မမိုးဝါက သူ့ကိုကြည့်၍ကျိတ်ပြုံးလိုက်ပါ၏။ ကိုရန်နိုင်တော့ မရိုးတော့ဘူးထင်ပါရဲ့။

"ကျွန်မကိုယ်တိုင်ကလည်း ငယ်ငယ်ကတည်းက ယောကျ်ားလေးလိုပဲနေလာခဲ့တော့ သိပ်မသိဘူးကိုရန်နိုင်ရဲ့"

"သွားပါပြီဗျာ။ ကျွန်တော်က အားကိုးတကြီးမေးမိတာ"

"ဟင်းဟင်း. . . မသွားပါဘူးရှင်။ ကိုရန်နိုင်ရဲ့အခက်အခဲတွေအားလုံးကို ဖြေရှင်းပေးနိုင်မယ့်နေရာကို ကျွန်မ ညွှန်လိုက်ပါ့မယ်။ နေဦး. . . ကျွန်မမှာ Address ပါမယ်ထင်တာပဲ"

မမိုးဝါက လက်ထဲရှိ File ထဲမှ Note book လေး ကြားညှပ်ထားသည့်ကတ်ဖြူဖြူလေးကို သူ့ထံလှမ်းပေးလိုက်ပါ၏။





Lily

Garden and Gift shop

"အဲဒီမှာ ပန်းပဲလိုချင်ချင်၊ လက်ဆောင်ပဲထုပ်ထုပ်, အားလုံး Ok သွားစေရမယ်။ ကိုရန်နိုင်လိုချင်တာကိုပြောရုံနဲ့ ဟိုက အဆင်ပြေအောင်ကူညီမှာပါ"

"ညွှန်းလှချည်လား"

"သွားကြည့်လိုက်ပါလေ"

"ကျေးဇူးပါပဲ မဝါ"

"ရပါတယ်ရှင်"

ညနေစောင်းတော့ ကင်ထဲမှလိပ်စာအတိုင်း ကားဖြင့်ထွက်လာခဲ့၏။ ဉာဏတို့လေးယောက်ကို ကားတစ်စီးဖြင့် ဖယ်ရီလုပ်၍ကြိုပို့လုပ်ဖို့စီစဉ်ပြီးပြီမို့ သူတို့သုံးယောက် အလုပ်သက်သာသွားလေပြီ။

သူ့ ဆိုင်ရှေ့မှာ ကားရပ်၍ဆင်းလိုက်၏။ မှန်ကြည်ကြည်လေးများသာ ကာထားသည်မို့ ဆိုင်ထဲကိုရှင်းလင်းစွာမြင်နေရလေသည်။ ပန်းမျိုးစုံပန်းစည်းများ၊ ပန်းခြင်းများနှင့် နောက်နားခပ်ကျကျမှာ Fashion နှင့် Fancy ပစ္စည်းမျိုးစုံက ဗီရိုတွေနှင့်အပြည့်။



www.burmeseclassic.com

www.burmeseclassic.com



မှန်တံခါးကိုတွန်းဖွင့်၍ဝင်လိုက်တော့ ကောင်တာရှေ့မှာရပ်နေသည့်မိန်းကလေးက ခါးညွတ်၍နှုတ်ဆက်လိုက်လေသည်။

"မင်္ဂလာပါရှင်. . . ဘာများအလိုရှိပါသလဲ။ ကျွန်မတို့ဆိုင်မှာ မွေးနေ့နဲ့မင်္ဂလာဆောင်အတွက် ပန်းနဲ့ပစ္စည်းအမျိုးမျိုးရနိုင်ပါတယ်ရှင်"

Blouse အဖြူလက်ရှည်ပေါ်မှ Jacket လက်ပြတ်နှင့် Skirt အနက်အရှည် High Heel အဖြူနှင့် သန့်ပြန့်သည့်မိန်းကလေးသုံးလေးယောက်ကို သူတွေ့လိုက်ရသည်။ မဆိုးဘူး. . . ခေတ်မီမီလေးတွေပဲ။

"ဒီလိုပါ, ဦးရဲ့မိတ်ဆွေမွေးနေ့ပွဲသွားဖို့ ဘာပစ္စည်းများ ရနိုင်မလဲလို့ လာကြည့်တာပါ"

"အမျိုးသားလား, အမျိုးသမီးလားရှင့်"

"အမျိုးသမီးပါ"

"သူဘာကြိုက်တတ်ပါသလဲရှင်"

"အဲဒါတော့ ဦးမသိဘူး"

ကလေးမလေးတွေမျက်လုံးဝိုင်းသွားပြီး တစ်ယောက်က သူ့ကိုခဏစောင့်ခိုင်းလျက် အတွင်းခန်းထဲဝင်သွားလေ၏။

အင်း . . . ပစ္စည်းတွေကိုကြည့်နေတာတော့ အကုန်လှနေ





တာပါပဲလား။

"မွေးနေ့ရှင်က အသက်ဘယ်လောက်ရှိပါသလဲရှင်"

"ဗျာ! "

နောက်ပါးမှပေါ်လာသည့်အသံချိုချိုလေးကြောင့် သူလှည့်ကြည့်လိုက်သည်။ ဆိုင်ထဲမှာ ညနေခင်း လမင်းသာလိုက်သည့်အလား ဝင်းပသွားလေတော့၏။

"ဟော! ခိုင်ပါလား"

သူမတွန့်ခနဲဖြစ်သွားမိ၏။

အမယ်လေး. . . မနက်ကပဲ သူမခြံကိုကြည့်နေခဲ့သည့်လူက ညနေမှာ ဆိုင်ထဲကိုရောက်လာပါရောလား။ သူမမျက်နှာကိုပြုံးထားရာမှ အနည်းငယ်တည်လိုက်ပါသည်။

"ကျွန်တော့်နာမည် မင်းရန်နိုင်ပါ"

"ဟုတ်ကဲ့"

"ဒီလိုပါ ခိုင်, ကျွန်တော့်သူငယ်ချင်းမွေးနေ့ရှိလို့ လာခဲ့တာပါ။ အသက်က ခိုင့်လောက်ပါပဲ"

"သူ့, ဘာအရောင်တွေများ ကြိုက်တတ်ပါသလဲ ကိုမင်းရန်နိုင်"

"ကျွန်တော်သတိမထားမိဘူး ခိုင်ရဲ့။ ညံ့တယ်ပဲဆိုချင်ဆို



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေအကြိုက်ကို ကျွန်တော်မပြောတတ်ဘူး"

သူမ သူ့ကိုစူးခနဲကြည့်လိုက်မိ၏။ လာကြေညာနေတာလား။ မယုံပေါင်။ ပုံစံက အသားညိုညက်ညက်နှင့် ခန့်ထည်မြင့်မားတာမို့ မိန်းမတွေကြိုက်တဲ့ဂိုက်ဆိုက်မျိုးမဟုတ်လား။

"ပန်းကြိုက်လားရှင့်"

"ဟင်းဟင်း. . . ကျွန်တော်ဘာမှမသိပါဘူးခိုင်ရယ်။ ခိုင်သင့်တော်သလိုသာ စီစဉ်ပေးလိုက်ပါတော့"

"ဒါဖြင့် ပန်းစည်းတစ်ခုနဲ့ လက်ဆောင်တစ်ဂုပေါ့နော်။ ပန်းက အဖြူရောင်လေးပဲ ကျွန်မရွေးပေးလိုက်ပါ့မယ်။ အဖြူရောင်က မရိုးမဆန်းလေးလေ။ လက်ဆောင်ကို Hand bag ပေးချင်လား။ ဖိနပ်ပေးချင်လား။ ဒါမှမဟုတ် ပိတ်စပေးချင်လား။ ပစ္စည်းတွေက အများကြီးရှိပါတယ်"

"ခိုင်ကြိုက်တာသာ ထည့်ပေးပါ"

"ဖိနပ်ဆို size မသိရင် ပြဿနာဖြစ်လိမ့်မယ်။ Hand bag ပဲပေးပေါ့။ ဒီခဲရောင်လေးကြိုက်လား. . . ရိုးရိုးရှင်းရှင်းနဲ့ချစ်စရာလေးပါ"

"အင်း"

"Packing တစ်ခါတည်းငုပ်ပေးလိုက်မယ်နော်။ ပန်းစည်း





မှာ ကတ်ထည့်ချင်ပါသေးလား"

"အဆင်ပြေသလိုပေါ့ ခိုင်"

"သမီးရွှေဝါရေ. . . ဘူးတစ်ဘူးထုတ်ပေးပါ။ ပြီးတော့ ဗီရိုထဲက ယွန်းသေတ္တာငနက်လေးထဲက ကတ်တစ်ကတ်ယူပေး. . . အဖြူလေးနော်။ အပေါ်မှာ အသည်းပုံလေးနဲ့စာတန်းရေးထားတယ်။ Packing Paper ပန်းရောင်လေး,ပေး. . ."

ရွှေဝါလှမ်းပေးလိုက်သည့်ဘူးထဲသို့ Hand bag လေးကို ထည့်၍ပိတ်ကာ Packing ထုပ်လိုက်၏။ ဖဲကြိုးအဖြူပွင့်လေးဖြင့် သေချာစည်းနှောင်ပေးပြီး "အဆင်သင့်စည်းထားပြီးသား"ပန်းစည်းကိုမသုံးဘဲ နှင်းဆီဖြူ, နှင်းပန်း, ဂန္ဓမာအဖြူတို့ကိုကြည့်ကောင်းရုံစည်းပြီးမှ Plastic အကြည်လေးစွပ်ကာ ဖဲကြိုးတပ်ပေး။ ကတ်အဖြူလေးကို Stapler ဖြင့် ကပ်ချုပ်ပေးလိုက်ပါသည်။

"ကြိုက်ရဲ့လားရှင်"

"ကြိုက်ပါတယ်ခိုင်၊ ဘယ်လောက်ကျပါသလဲ"

"အားလုံး နှစ်သောင်းကိုးထောင်ပါ"

သူငွေထုတ်ရှင်းပေးတော့-သူမက ရွှေဝါ့ကိုငွေရေခိုင်းပြီး သူ့လက်ထဲသို့ ပစ္စည်းတွေကိုကမ်းပေးလိုက်ပါ၏။

"ကျေးဇူးအများကြီးတင်ပါတယ်ရှင်။ နောက်လိုတာရှိရင်



www.burmeseclassic.com

www.burmeseclassic.com



လည်းလာခဲ့ပါနော်"

"ဟုတ်ကဲ့ပါ။ ကျွန်တော့်ကိုခွင့်ပြုပါဦး၊ ခိုင်"

"ဟုတ်ကဲ့"

သူ မှန်တံခါးကိုတွန်းဖွင့်၍ထွက်လာခဲ့ပြီး ကားရှေ့ခန်းဘေးခုံမှာ ပစ္စည်းတွေကိုအသာတင်လိုက်၏။ ကားကိုမောင်းထွက်လာခဲ့ပြီး မျက်နှာက အလိုလိုပြုံးချင်လာမိသည်။

တော်တော် အသားအရေလှတဲ့အမျိုးသမီးပါပဲလား။ ကိုမောင်ပြောတာ ဘာမှမလွန်ချေ။ မီးပွိုင့်မှာ ကားခဏရပ်တော့ ပန်းစည်းမှကတ်အဖြူလေးကို သူယူ၍ကြည့်လိုက်မိ၏။

Have a nice
and
Comfortable life.



## အခန်း ( ၅ )

"ဟင်းနော်. . . ငါအသည်းယားလာပြီ။ ဘယ့်နှယ်. . . ငါ့ကျမှ အရိပ်လည်းမမြင်ရ။ အကောင်လည်းမတွေ့။ အသံလည်းမကြား။ ဘယ်လိုကံကွက်ကြားနဲ့မှ လာကြုံနေရပါလိမ့်"

"မတူဘူးလေ. . . ကိုမောင်ပြောတာထက် ပိုတောင်မှအသာကြီးလှတာ။ ခါးဆို တကယ့်တစ်ထွာ၊ အသားအရေက ရွှေမှုန့်စားထားသလိုဝင်းဝါဝါ။ ကိုမောင်ရာ. . . ငါက စပယ်တင်မှဲ့လေးကို ပိုစွဲတယ်"

သူတို့နှစ်ယောက် ရယ်မောနိုင်သော်လည်း ဘုန်းမြင့်ကျော်မျက်နှာကြီးက ခရမ်းသီးမီးဖုတ်လို ရှုံ့တွနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး. . . အသံကချိုလွန်းလို့ နားထဲမှာစိမ့်ဝင်သွားတာ။ ဒီလိုသာ Customer တွေကိုဆက်ဆံရင် သူ့လုပ်ငန်းအောင်ကိုအောင်မြင်မှာမလွဲဘူး။ ပါဆယ်ကို ကလေးမငှေ့ကိုမထုပ်ခိုင်းဘဲ သူကိုယ်တိုင်ထုပ်ပေးတယ်။ ပန်းစည်းတာကအစ, ကတ်ပြားချိတ်တာအဆုံး, သူ့လက်ချောင်းသွယ်သွယ်လေးတွေကို ငါကိုက်စားချင်စိတ်တောင်ပေါက်တယ် ကိုမောင်ရာ"

"ဘုန်း! "

"အ"

ဘုန်းမြင့်ကျော်အသည်းယားလွန်းလို့ မနေနိုင်တော့ဘဲ မင်းရန်နိုင်ကျောကို ထထုလေ၏။ သူနှင့်ဖိုးနိုင်ကပြောပြီးရယ်လေ. . . ဖိုးကျော်က ဒေါပွလေမဟုတ်လား။ အင်မတန်စွဲချင်နေသည့်လူကမိန်းမတွေကို တစ်ခုမဟုတ်တစ်ခုအပြစ်မြင်ပြီး အတင်းကလည်းအုပ်တတ်သေးသည်မို့ ပြန်ကြိုက်မယ့်သူမရှိသည့်ဂေါ်မစွံလူပျိုကြီးဘဝရောက်နေတာတောင်မှ ဖိုးကျော်ကမလျှော့သေး။

"ဘာပဲဖြစ်ဖြစ်ကွာ, သုံးယောက်မှာ နှစ်ယောက်က နှစ်ခါစီဆုံပြီးပြီ။ ငါကျမှ. . ."

"ကုသိုလ်ကံလေ. . . မောင်ရင်ရယ်"

"မင်းဘိုးအေကြီးလား"





"ဦးကျော်ရေ. . . Phone လာနေတယ်"

"ဟေ. . . အေးအေး"

သီဟအော်သံကြောင့် အပေါ်ထပ်ဧည့်ခန်းမှဖုန်းကို ဘုန်းမြင့်ကျော်ကိုင်လိုက်၏။ သူနှင့်ဖိုးနိုင်က Chess ကစားရန် အရုပ်တွေစီနေသည်။

"ဟဲလို. . . ဩော်. . . မမလား. . . ပြော"

"ဟုတ်လား. . . သက်သာရဲ့လား. . . ဩော်"

"ရပါတယ်၊ နှစ်ရက်ပဲမဟုတ်လား. . . ဖြစ်တယ်"

"ဒီလမ်းထဲမှာ. . . အင်း"

"ဘယ်သူ. . . ဘယ်သူ, နှင်းပန်းခိုင်. . . ဟာ"

"ဩော်. . . မဟုတ်ပါဘူး။ ဖြစ်တယ်. . . ဖြစ်တယ်"

"ကူညီမယ်၊ ဒါပဲ. . . မဟုတ်လား။ အင်းအင်း. . ."

ဖုန်းကိုဂွပ်ခနဲချလိုက်ရင်း သူနှင့်ဖိုးနိုင်ကို ပြေးလုံးပွေ့ပိုက်သဖြင့် သူတို့နှစ်ယောက်အော်လိုက်ကြရတော့သည်။

"ဟော့ကောင်. . . ဒီမှာအရုပ်တွေစီနေတယ်ကွ။ ဘယ်လိုဖြစ်လာတာလဲ"

"အလှည့်သင့်ချက်ပိုင် တစ်ခါတစ်ခွင့်တော့ သင့်သေးတာပေါ့ ငါ့လူရယ်။ ငါကိုယ်တော်မြတ်က မောင်မင်းတို့လို ခြုံပြင်မှ



www.burmeseclassic.com

www.burmeseclassic.com



ခဏတာတွေ့ဖို့ဇာတာမပါဘဲ သူစံမြန်းရာနန်းတော်ထဲကိုဝင်ခွင့် ဗီဇာကျလာသမို့"

"ဘာ! "

"ဟာ. . . ဖြည်းဖြည်းပါဖိုးနိုင်ရ။ လန့်သွားတာပဲ"

"မင်းကို ဘယ်သူကအမိန့်ပေးလို့လဲ"

"ငါ့အစ်မတော်ပေါ့ကွယ်"

"ကားငှားတော့ဖိုးနိုင်, မရတော့ဘူး။ ငါနဲ့မင်း ချုပ်ပြီးပို့ရင် တော့ဖြစ်မယ်ထင်တယ်"

"ခွေးနာတွေ. . . မင်းတို့ကောင်းစားတုန်းက ငါဘာပြောလို့ လဲ။ ငါ့အလှည့်ကျ မုဒိတာမပွားနိုင်ဘူး။ လူပျိုကြီးတွေပဲဖြစ်ပါစေ ဗျာ"

"ဇာတာမပါဘူးဖိုးကျော်ရေ. . . ကိုမောင့်အဖေက ဒီကောင့် ကို ဒီနှစ်ထဲမှာ မိန်းမ, ၊ပေးစားမဖြစ် ပေးစားမှာမို့ ယူကိုယူရမှာ သေချာတယ်။ ဒီတော့ ကိုမောင်က အန်ကယ်မင်း, ပေးစားတာ ယူရင် နိုင်ဟာ ငါ့အတွက်သေချာပေါက်ပဲ"

"မပေးနိုင်ဘူး"

"ဟာ. . . တိုးတိုးပြောကြလေကွာ။ လသာဆောင်မှာ အော် ကြီးဟစ်ကျယ်နဲ့။ ဟိုကကြားသွားမှ ဟုတ်ပေ့ဖြစ်နေမယ်"





ဖိုးကျော်အပြောကို ဘရိတ်အုပ်လိုက်ပြီး တစ်ဖက်ခြံကိုလှမ်း ကဲကြည့်လိုက်စဉ် အောက်ထပ်မှ စာလုပ်ပြီးတက်လာသည့်ချာတိတ် တွေ ရောက်လာလေ၏။

"ဦးကျော်. . . ဦးကျော်"

"ဟေ. . . ဘာလဲကွ"

"ဟိုဘက်အိမ် စာသွားပြမှာဆို"

"အေး. . . ကြည့်စမ်း၊ ဖုန်းခိုးနားထောင်ပြန်ပြီ။ ဒီလထဲမှာ ပဲ၊ ရှစ်ရက်တည်းပါကွာ"

"ဟင်. . . ဒါဆိုအန်တီခိုင်နဲ့ဆုံရတော့မှာပေါ့။ မနာလိုစရာ ကြီး"

"ဟာ. . . နေရင်းထိုင်ရင်း ငါ့လာမနာလိုရပြန်ပြီ"

"ညာက ဦးမောင်နဲ့ပဲသဘောတူတာပါဆို"

"ဪ. . . မင်း,ဦးမောင်က မင်းအဘိုးပေးစားတဲ့မိန်းမကို ပဲ မယူမဖြစ်ယူရမှာ။ ဒီတော့ ငါနဲ့ဖိုးနိုင်နဲ့ ဦးရာလှူပဲ"

"မကျေနပ်ပါဘူးဗျာ။ ညီတို့ကိုကြိုပြောထားမယ်"

"ဟော့ကောင် ဘာပြောမှာလဲ"

"ဦးကျော်စာလာသင်တဲ့အချိန် အန်တီခိုင့်ကိုထွက်မလာစေ နဲ့လို့"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးကျော်ပါးစပ်မှ အသံတိတ်ဆဲဆိုသံတွေထွက်လာတော့ သူ့ကို့အုပ်စု အုံးခနဲရယ်ရပြန်၏။ အဲဒီဖိုးကျော်ဟာ စိတ်ထားလေးကောင်းပေမယ့် စကားပြောရင် တုတ်ထိုးအိုးပေါက်မို့ လူ့ချဉ်ဖတ်ကြီးဖြစ်မှန်းမသိဖြစ်နေတာ။ ဒါကိုဆင်ခြင်ဖို့ပြောလိုက်ရင် ကိုယ်တို့က ရှင်းရှင်းဘွင်းဘွင်းပဲဆိုတာနဲ့ပဲ ကိုင်ကိုင်ပေါက်တတ်တာလေ။

"သိကြားမင်း နားကင်းကြီးနဲ့ဆင်းတားတောင် မရဘူးဟေ့။ အနည်းဆုံး. . . ဦးဆုံးနေ့တော့ စကားမပြောမဖြစ်ပြောရမှာပဲ။ မင်းတို့ဟာလေ. . . မင်းတို့ဦးလေးအရင်းခေါက်ခေါက်ကိုပဲ စုပုံချစ်စရာမှတ်"

"ဦးကျော်က ချစ်စရာကောင်းတာကိုး။ ညာတို့ကိုဘယ်တုန်းကများ ဘာညာဝယ်ကျွေးဖူးလို့လဲ။ ပစ္စည်းဝယ်ပေးဖို့ဆို ဝေလာဝေး"

"အံမာ. . . မင်းတို့က ဆွေမျိုးတောင့်ကြတယ်လေကွာ"

"မဆိုင်ပါဘူး. . . ဦးကျော်နဲ့ဦးနိုင် ဘယ်လောက်ကွာလို့လဲ။ ဦးနိုင်ဆို ညာတို့အတွက် မုန့်ပဲဖြစ်ဖြစ်, အကျီဘောင်းဘီပဲဖြစ်ဖြစ် ကြုံသလိုဝယ်လာပေးတတ်တာ"

"အံမာ. . . ဗိုလ်ချုပ်ဈေးကရွေးကျန်တွေ Discount ချပေးတာတွေရွေးလာခဲ့တာကို အဟုတ်ကြီးမှတ်. . ."





"ဘာဖြစ်လဲ. . . အဲဒါလည်းအသစ်တွေပဲဟာ။ ဦးကျော်က ကပ်စေးကိုနည်းတာ။ ဒါကြောင့် ခုထိမစွံတာပဲ"

"အောင်မယ်. . . အောင်မယ်။ ငါ့ကိုများ မှိုချိုးမျှစ်ချိုးပြောရက်လိုက်တာ။ မင်း့ဦးလေးကရော စွံလို့လား"

"စွံတာပေါ့ဗျ. . . တစ်ညတစ်ည ဖုန်းတွေဝင်နေတာ မကြားဘူးလား"

"မင်းတို့ကိုဝယ်ပေးချင်ပါတယ်ကွာ။ ငါက ကျူရှင်ပြတဲ့ဆရာလေ. . . ဝင်ငွေက သိပ်မှမဖြောင့်တာ။ ဖိုးနိုင်က အင်ဂျင်နီယာ။ လစာကို မင်းတို့အသိ"

"မဆိုင်ပါဘူးဖိုးကျော်ရာ. . . မင်းကလည်း"

"အေးလေ. . . မိန်းမပိုးတယ်ဆိုတာ အနည်းဆုံးကိုယ့်အိတ်ထဲကထုတ်ရမှာပဲ။ မင်း, ဒီလိုကပ်စေးနည်းနေလို့မရဘူး"

"ဒုက္ခပါပဲ. . . တော်ကြာ အစားကြီးအသုံးဖြုန်းကြီးတဲ့မိန်းမနဲ့တွေ့မှ ငါစုထားသမျှ တက်တက်ပြောင်မှာ"

"ဟော. . . ပေါ်လာပြီဟေ့"

ရယ်သံတွေ ထွက်လာကြပြန်၏။ ညကတို့က ဘူခင်းထားသည့်ဖျာပေါ်မှာ ဝင်ထိုင်လိုက်ကြသည်။

"ဦးကျော်စုထားတာ ဘယ်လောက်ရှိပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အံမာ. . . ပြောပြစရာလား"

"ဒါဆိုရင်တော့ အသင်ရေသည်မောင်မောင်ရဲ့ အသပြာဟာ ငွေသားလေးရွေးသာလျှင် ရှိပေလိမ့်မည်"

"ဟုတ်ပါလိမ့်မယ် အားကြီးကြီး။ လေးသိန်းကွ. . . လေးသိန်း. . . ဟိုက်"

"ဟာ. . . ဒါတောင် ဦးကျော်ကပ်စေးနည်းကြီးလုပ်နေတာ။ မရဘူး. . . မရဘူး။ ညာတို့ကိုမုန့်ဖိုးပေး"

"ဟာ. . . ဟေ့ကောင်တွေ"

ချာတိတ်လေးယောက် ဖိုးကျော်ပေါ်ဝိုင်းပြုမိတော့ သူတို့ကစားပွဲပါ ပျက်လေရော။ ဖိုးနိုင်ကပါ အားကျမခံ ဖိုးကျော်ကိုလည်ပင်းညှစ်တော့ သူတို့အိမ်ပေါ်မှာ ဆူညံနေတော့သည်။

"အား. . . သေပြီကွ။ ခွေးနိုင်. . . ကလေးတွေနဲ့ပေါင်းပြီး ငါ့ကိုနှိပ်စက်နေပြီ။ ကိုမောင်ရေ. . . လုပ်ပါဦး"

"နည်းတောင်နည်းသေးတယ်။ အခုမှ မင်းအကြောင်း ငါကောင်းကောင်းသိတာ. . . ခွေးကျော်။ သူ့ရှိလုစား ကိုယ့်ရှိဝှက်ထားတဲ့လင်းတရဲ့"

"ငါ, မင်းအိမ်မှာ ထမင်းလခပေးဖို့ပြောသားပဲကွ"

"ကောင်းမလား. . . ငါတောင် ကိုမောင့်အိမ်အလကားနေ





လို့လား။ မီးဖိုချောင်မှာ လိုတာတွေ့တာနဲ့ဝယ်ဖြည့်၊ မီတာဖိုး၊ ရေဖိုး ကြုံရင်ကြုံသလိုထည့်ဖြည့်တာပဲ။ မင်းက ပါးစပ်ပဲစိုက်, သိလား။ မင်းလိုပုံစံနဲ့ မင်းမိန်းမ အီသီယိုးပီးယားဖြစ်သေမယ်။ တော်ပြီ. . . တော်ပြီ။ ခိုင့်ကို မင်းပြိုင်လုခွင့်မပေးတော့ဘူး"

"ဩော်. . . အချစ်ရယ်။ မောင်တို့နှစ်ဦးကြား ကိန္နရာချောင်းက ခြားချင်နေပါရောလား"

"ငပေါ. . . ငပေါ"

ဘုန်းမြင့်ကျော်က ဖျာပေါ်မှောက်လျက် လဲသွားရာ တစ်ပြုံတစ်မကြီးတက်ဖိကြသဖြင့် ခွေးအော်ဝက်အော် အော်လေတော့သည်။

"ကဲ. . . တော်ပါတော့။ မကြီးမငယ်နဲ့ဆော့တာအကြောင်း မဟုတ်ဘူး။ တော်ကြာ ကျူရှင်ဆရာသေသွားလို့ ဆရာမတွေ သူ့ဈာပနမှာ လာငိုမှအခက်"

"အောင်မယ်. . . မင်းပဲသေ။ မင်းသာ ငှက်ပျောတုံးဖက်သေမှာ"

"ငါ့မှာ လူပျိုကြီးဇာတာမပါဘူးလေကွာ။ ဒီလောက် ဖေဖေဖုန်းတဂွမ်ဂွမ်ဆက်နေတာတောင်မယုံဘူး"

"ဟွန်း. . . ဘုန်းမြင့်ကျော်တို့က ရင်မခုန်တတ်တဲ့စက်ရုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုလက်မထပ်နိုင်ဘူး. . . ရှင်းရှင်းပဲ"

အားလုံး ဖျာပေါ်ပြန်ထိုင်တော့ ဉာဏက သူ့ပေါင်ပေါ်ခေါင်းမှီချ၍လှဲလေ၏။ ဒီကောင်က သူ့လက်ပေါ်အရင်ဆုံးရောက်ပြီး ကြီးခဲ့တာမို့ သူ့ကိုသံယောဇဉ်အရှိဆုံးမဟုတ်လား။

"ဦးမောင်"

"ဘာလဲ"

"ဦးမောင်တော့ အဒေါ်မရဘဲ တူမရနေရင် ဘယ့်နှယ်လုပ်မလဲ"

"ဟာ. . . ဒီကောင်တော့ ပေါက်ကရ"

"ဟုတ်တယ်, မယုံရင် သီဟကိုမေးကြည့်။ နီနီက ဦးမောင်ကို စိတ်ဝင်စားနေလားမသိဘူး။ ဦးမောင်အကြောင်း စပ်စုလိုက်တာစုံလို့"

"တော်စမ်းပါကွာ။ ကလေးမလေးက အခုမှ (၁၅)နှစ်လေးရှိသေးတာကို"

"ကိုမောင်. . . ခေါင်ထိအကုန်မလုပ်နဲ့နော်"

"မင်းဘကြီး. . . ခေါင်ထိအကုန်လား"

"ဒါနဲ့ ကိုမောင်ဆေးခန်းထိုင်ဖို့ကိစ္စကော. . . အဆင်ပြေလား"





"အေး. . . ဒီတစ်လမ်းကျော်မှာ ကေသရီ, ဆေးခန်းဖွင့်လိမ့်မယ်။ သူနဲ့တွဲထိုင်ရုံပဲ။ ဒီနီးနီးနားနားမှာဆေးခန်းမရှိတော့ လူကျမှာလေ။ လူသိပ်မများရင်တော့ သူတစ်လှည့်ငါတစ်လှည့်ပေါ့"

"အန်တီကေလည်း ချောတာပဲနော်"

"လာပြီ. . . လာပြီ. . . အဲဒါ မင်းဦးလေးရဲ့အသည်း ပါတ်(၁)လေ"

"သူ မစွံတိုင်း ငါ့ကိုအတင်းလှော်ပြန်ပြီ"

"ဖိုးကျော်ပြောတာလည်း. . . ဟုတ်တာပဲ။ မင်းက ကျောင်းတက်ကတည်းက မိန်းကလေးတွေနဲ့ group တစ်ခုတည်းကျခဲ့တာကိုး။ တစ်ယောက်ယောက်နဲ့ငြိမှာပဲဆိုပြီး အန်ကယ်မင်းက ထင်ထားတာ။ ငါတို့ကိုကြုံတိုင်းမေးရတာအမော။ ကေသရီလား, မေဘယ်လ်လား, မြကြာဖြူလား, မေမြတ်နိုးလားနဲ့။ စုံနေတာပဲ။ ပြီးတော့လည်း. . . ဒီအဆင့်ကမတက်။ ဒုံရင်းက ဒုံရင်း။ မြကြာဖြူနဲ့မေဘယ်လ်ကတော့ ကျောင်းပြီးတာနဲ့ယူပြီ။ မင်းမှာ ကေသရီနဲ့ မေမြတ်နိုးပဲကျန်တာ"

"ဖေဖေသဘောတူတာတွေ ရှိပါသေးတယ်ကွာ"

"လေကိုက နည်းနည်းလေးမှမလျှော့ဘူး"

"ငါလည်း ရင်ခုန်ချင်သေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူကပြောလည်းပြော တစ်ဖက်ခြံကိုလည်း ကြည့်လိုက်သဖြင့် သူ့ပေါင်ကို ဖြောင်းခနဲရိုက်တာကိုခံလိုက်ရ၏။ အကြည့်ဟာ အပင်တွေကို ခက်ရင်းခွလေးဖြင့် မြေဆွပေးနေသည့်သူမထံ တန်းခနဲရောက်သွားသည်။

"ဟော. . . တွေ့လား။ ကွက်တိပဲ"

"ဘာလဲ. . . ခိုင်လား"

ဖိုးကျော်ကိုယ်လုံးကို ဝိုင်းဆွဲကြ၊ မျက်စိမှိတ်ကြဖြင့် ဝရုန်းသုန်းကားဖြစ်ကုန်ကြပြန်၏။ သူနှင့်ဉာဏက လသာဆောင်ကိုမှီ၍ သူမကိုငေးနေမိသည်။ ခြံစည်းရိုးက သိပ်မဝေးတာမို့ တစ်ဖက်မှ သူမပြောသံကို ခပ်တိုးတိုးကြားနေရလေ၏။

"အကြိုင်ရယ်. . . လုပ်လိုက်ရင်အရမ်းပဲ။ ဒီမှာ အပင်ဟွေရေမြုပ်လို့သေကုန်ပြီ။ ဒီလောက် အထပ်ထပ်အခါခါသင်ပေးလည်း မတတ်. . . ငါဘယ်လိုစိတ်ချရမှာလဲ။ (၁၀) မိုင်ကုန်းက ခြံလည်း စိတ်မချ၊ ဆိုင်လည်းစိတ်မချ၊ အိမ်လည်းစိတ်မချနဲ့ ကြာရင်သေဖို့ပဲရှိတော့တယ်။ ဒီကြားထဲ ဟိုဒွေးမယ်နော် (၇) ဖော်ကိုလည်း မျက်စိဒေါက်ထောက်ကြည့်ရသေး။ ငါနော်. . . စိတ်ရှုပ်လွန်းလို့ သီလရှင်သာ ဝတ်လိုက်ချင်ပြီ. . . ဟင်း"

"ဟာ. . . ကုန်ပါပြီ၊ နှမြောစရာကြီး"





ခပ်ကျယ်ကျယ်အသံထွက်လာသည့် ဘုန်းမြင့်ကျော်ပါးစပ်ကို မင်းရန်နိုင်ပိတ်လိုက်သော်လည်း အလွန်နားပါးသည့်သူမက ကြားဖြစ်အောင်ကြားလိုက်ပါ၏။ ဖျတ်ခနဲမော့ကြည့်စဉ် လသာဆောင်ပေါ်မှာ တစ်ပြုံကြီးကြည့်နေသည့်သူတို့အုပ်စုကိုမြင်သွားလေ၏။ ကြည့်စမ်း. . . ကလေးတွေမရှိတာတောင် ချောင်းချင်နေကြသေး။ သူမဆတ်ခနဲထရပ်ကာ နေရာရွှေ့ထိုင်လိုက်လေ၏။

"အားပါးပါး. . . လှလိုက်တာနော်။ စက်စက်ယိုအောင်ပါပဲလား"

"ဖောင်း"

"အား. . . ခွေးသား. . . အရမ်းချည်းပဲ"

ဖိုးနိုင်ကိုလှည့်ဆဲရင်း အကြည့်ကိုနေရာမှမရွှေ့မိသေး။ ကျောခိုင်းလိုက်မှ သူမခါးတစ်ထွာနှင့် စွင့်ကားသည့်တင်ဝိုင်းဝိုင်းလေးက ပီပြင်စွာလှပနေဟာကို မသိလေရော့သလား။ ဖိုးဖိုးဇတ်ဇတ်နှင့် ပြုပြင်သင့်တာကိုပြင်ပြီးထရပ်ကာ အိမ်ထဲဝင်တော့ သူမဘေးမှကောင်မလေးဂါ လိုက်သွားလေ၏။ ခပ်မြန်မြန်လျှောက်သွားသော်လည်း ယိမ်းနွဲ့သွားသည့်ခါးကျဉ်းကျဉ်းလေးကိုကြည့်ရင်း ဖိုးကျော်ထံမှ အသံထွက်လာပြန်သည်။

"ဒါကြောင့် မခိုင်က သူ့အတွက်သီချင်းဆိုထားတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသီချင်းလဲ. . . ဦးကျော်ရဲ့"

"ခါးလေးလှုပ်ကာ လမ်းလျှောက်သွားတော့ ကောင်လေး တွေကြည့်တယ်ဆိုတဲ့သီချင်းလေ"

"အဲဒါ ကောင်လေးတွေကြည့်တာလေ။ မင်းက ကောင်ကြီး ဖြစ်နေပြီ။ လာလာ. . . အိမ်ထဲဝင်စို့။ တော်ကြာ စာသွားသင်ရင် ဆရာနှာဘူးအခေါ်ခံနေရမယ်။ စိတ်ထိန်းဖေ့သား. . . လာ"

"မင်းအမေ့လင်. . . သားဟေ့"

သူတို့အုပ်စု ဟဟားဟားရယ်မော၍ အိမ်ထပြန်ဝင်သွားကြ တော့ သူမ, အကြိုင့်ကို ရေပန်းခရားနှင့် ရေပိုက်သွားသိမ်းခိုင်းလိုက် ပါ၏။ ဘယ်လိုတွေမှန်းမသိ။ ကလေးတွေကလည်း အိမ်ထဲမှာပဲ အောင်းနေရသည်မို့ သူမကိုဂျစ်ချင်နေကြပြီ။ ခါတိုင်းဆို ခြံထဲမှာ ဆော့ချင်ဆော့၊ ပြေးချင်ပြေးမို့ ခုလိုနေရတော့လည်း ညောင်းညာ ရှာမှာပေါ့။ ဘယ်တတ်နိုင်ပါ့မလဲ။ ဒီလောက်ခပ်ကင်းကင်းနေတာ တောင်မှ လစ်ရင်လစ်သလို ချောင်းချင်နေကြသည့်သူတို့အုပ်စုကို မြင်ပြင်းကပ်လှပြီ။

ဒီကြားထဲ ညီတို့အုပ်စုက အဲဒီပါးမြိုင်းမွေးစိမ်းစိမ်းနဲ့ ဦး မောင်ဆိုတဲ့လူကို ဝတ္ထုတွေ၊ ရုပ်ရှင်တွေက ဇာတ်လိုက်ကစ်ယောက် လို တိတ်တိတ်လေးကျိတ်ပြီးစိတ်ဝင်စားကြတာမို့ သူမမှာ တုတ်





ကြိမ်း၊ ခေါ်ကြိမ်း။

ဘယ်နှယ်. . . ယောကျ်ားတန်မှယ့် မိန်းမတွေလိုအသားဖြူ ဆွတ်နေတာကိုက မနာလိုချင်စရာ။ သူမအသားက မဖြူဘဲ အဝါ သွေးတာတောင်မှ သူနဲ့ယှဉ်ရင်မည်းချင်သလိုလို။ အို. . . ဘာတွေ တွေးနေမိတာပါလိမ့်။ ညနေစာစားဖို့ ထမင်းပွဲပြင်ဦးမှပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



# မောင့်ရင်ထဲက နှင်းပန်းခိုင်

## အခန်း ( ၆ )

တီချယ်ဒေါ်မြမြ ဖုန်းဆက်ပြီးသားမို့ သူ့မောင်ဝမ်းကွဲကျူရှင်ဆရာလာမှာကိုကြိုသိထားသဖြင့် ကလေးတွေကိုတိုးတိုးတိတ်တိတ်မှာထားသင်ထားရသေးသည်။ ဆရာ့ရှေ့ ဟီးဟီးဟားဟားမရယ်အောင်ပြောရတာက ပိုအဆိုးဆုံး။ ဆရာလာရင် ကော်ဖီနှင့်မုန့်ချကျွေးဖို့ အကြိုင့်ကိုအဆင်သင့်မှာထားပြီးသား။ ဒီတစ်လပဲ သင်ရမှာမို့သာတော်သေးသည်။

အင်း. . . မဖြစ်သေးပါဘူး။ ဆရာမမျက်နှာကလည်း ရှိသေးတာမို့ ဦးဆုံးရက်တော့ ထွက်ပြန့ုတ်ဆက်ရဦးမည်။ လူမှုရေးကလည်း ရှိသေးတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ကလေးလေးယောက် စားပွဲဝိုင်းမှာထိုင်နေစဉ် ဧည့်ခန်းအဝင်ဝလိုက်ကာက ညစ်နေသဖြင့် အကြိုင့်ကို ဗီရိုထဲက လိုက်ကာအပြာနုရောင်လေး သွားယူခိုင်းလိုက်၏။ နာရီက ညနေ (၆)နာရီထိုးရန် (၁၀)မိနစ်လိုနေသေးသမို့ လဲချိန်ရှိပါသေးသည်။

ခွေးခြေခုံဖြင့် လိုက်ကာအဟောင်းကို တက်ဖြုတ်လိုက်ပြီး အကြိုင်ယူလာပေးသွားသည့်လိုက်ကာအသစ်ကိုတပ်နေစဉ် ပြုန်းဆို သူမကို အပြင်မှဝင်တိုက်လိုက်သဖြင့် သူမလန့်ဖျပ်အော်ကာ ခုံပေါ်မှပြုတ်ကျလေ၏။

"အမယ်လေး! "

"ဟာ"

ဝရုန်းသုန်းကားဖြင့် လိုက်ကာလည်းပြန်ပြုတ်, လုံးထွေးလျက်လဲကျသည့်သူမကို လူတစ်ယောက်က ဖမ်းဆွဲပွေ့လိုက်လေ၏။

"အို. . . ဘယ်လိုလုပ်လိုက်တာလဲ"

"ဟောဗျာ. . . ခိုင်ဟ ဘာလုပ်နေတာတုန်း"

"ဒီမှာလိုက်ကာအသစ်လဲနေတာလေ၊ လွှတ်. . . လွှတ်ပါ။ ရှင်. . . ရှင်. . . ဘာကိစ္စအသံမပေးဘဲ အိမ်ထဲဝင်လာရတာလဲ"

"ကျွန်တော့်နာမည် ဘုန်းမြင့်ကျော်ပါ"

အားပါးတရပွေ့ထားမိသည့် ခါးသိမ်သိမ်လေးကိုလွှတ်ပေး





လိုက်ပြီးပြောတော့ သူမမျက်နှာမှာ နှင်းဆီရောင်ပန်းခင်းတစ်ခု ဖူးပွင့်နေလေပြီ။

"ဟင်. . . ဒါဖြင့် တီချယ်ဒေါ်မြမြလွှတ်လိုက်တဲ့ သူ့မောင်ဆိုတာလား"

"အစစ်ပါပဲဗျာ"

"ညို. . . ညို"

"ရှင်. . . တီတီ"

"ဒီမှာ ဆရာ့ကိုလာကြိုဦး"

သစ်သားနံရံအရှင်လေးသာခြားထားတာမို့ အဖြစ်အပျက်ကို လေးယောက်စလုံး အစအဆုံးမြင်လိုက်၏။ ရယ်ချင်စိတ်ကိုထိန်း၍ ဆရာ့ကိုခရီးဦးကြိုပြုလိုက်ရလေသည်။ ဦးကျော်ဟာတော့ စလာတာနဲ့ ဇာတ်လမ်းတစ်ပုဒ်ရပါရောလား။ သူမ လိုက်ကာကို ဆက်မတပ်တော့ဘဲ အိမ်နောက်ဖေးခန်းဘက် အပြေးဝင်သွားသလို ဘုန်းမြင့်ကျော်လည်း ညိုညိုခေါ်ခဲ့ရာ စာသင်ခန်းကို လိုက်ဝင်ခဲ့ရ၏။

"ဆရာလို့ခေါ်ရမှာလား။ ဒါမှမဟုတ် ဦးကျော်လို့ပဲ ညိုတို့ခေါ်ရမှာလားဟင်"

"ခဏ. . . ခဏလေး. . . ညိုရေ။ အရင်ဆုံး ညိုလုပ်ပေးရ



www.burmeseclassic.com

www.burmeseclassic.com



မှာက ဦးကျော်ကို သောက်ရေအေးအေးလေးတစ်ခွက်တိုက်ပါ။ ဦးကျော်ရင်ထဲ လျှောင်လှုပ်နေပြီ"

ကလေးမလေး, လေးဦးသား တိုးတိုးကျိတ်၊ ရှုံ့တ်ရယ်မော လိုက်ကြလေ၏။ မြခွာညိုက နောက်ဖေးထမင်းစားခန်းထဲတွင်ရှိ Refrigerator ထဲမှ ရေသန့်တစ်ဘူးနှင့်ဖန်ခွက်ကို အမြန်ပြေးယူ၍ ဦးကျော်ရှေ့စားပွဲပေါ်မှာ ချပေးလိုက်ပါသည်။ ဘုန်းမြင့်ကျော် ရေကိုသောက်ချလိုက်တာ ဘူးကိုတစ်ဝက်ကျိုးပါလေရော။ ဒါတောင် ရင်ခုန်သံက သိပ်မငြိမ်သေး။

"ဦးကျော်နော်. . . နို့တီတီကိုစတွေ့တာနဲ့ ဒီလိုလုပ်တာတော့ ဘယ်ကောင်းပါ့မလဲ"

"ဟဲ့. . . နင့်တီတီကလည်း ဒီအချိန်မှ လိုက်ကာတပ်နေရလား။ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ကုန်တာ။ ငါ့ကိုအပြစ်မတင်နဲ့။ ကံကြမ္မာကိုအပြစ်တင်"

"ကံကြမ္မာက ဦးကျော်ဘက်မှာရှိနေတာလေ"

"ရှူး. . . တိုးတိုးပြော၊ တော်ပြီ. . . စာစသင်မယ်။ Light အခန်းစသင်ရမှာမဟုတ်လား"

"ဟုတ်ကဲ့"

"ကိုးတန်းတုန်းက စာအမြည်းသင်ခဲ့ရတာပဲ။ အလင်းဆိုတာ





စွမ်းအင်တစ်မျိုး. . . ဘယ်လိုစွမ်းအင်မျိုးလဲဆိုရင် အမြင်အာရုံကို နှိုးဆွပေးတဲ့စွမ်းအင်။ ဒါကြောင့်. . . အလင်းရဲ့အဓိပ္ပာယ်သတ်မှတ်ချက်က Light is a form of energy which stimulates our sense of vision မဟုတ်လား"

အကြိုင့်ကိုကော်ဖီဖျော်ပေးပြီး သွားပို့ခိုင်းလိုက်၍ ဧလှကား မှတက်ရန်ပြင်စဉ် အသံဩဩကြီးဖြင့် စာစသင်နေသည့်အသံကို ကြားနေရ၏။ စာသင်တာ စိတ်ဝင်တစားဖြင့်စိတ်ရှည်သည့်ပုံပါပဲ။

"ကိုးတန်းတုန်းက သမီးတို့သင်ခဲ့တာ, အလင်းတန်း ဘယ်နှမျိုးရှိလဲ"

"နှစ်မျိုးပါ"

"မှတ်မိသားပဲ, ကဲ. . . ပြောပါဦး။ ဘာအလင်းတန်းတွေလဲ"

"ရိုက်လင်းတန်းနဲ့ ပြန်လင်းတန်း"

"ဟုတ်ပြီ. . . အင်္ဂလိပ်လိုပြောပါဦး"

"Incident ray နဲ့ Attracted ray"

"ညည်းဘိုးအေ attracted ray . . . reflected ray လုပ်ပါဟ"

"ဟီဟိ. . . အဲဒါ. . . ပြာ,ပြောတာနော်"

"ခရမ်းပြာ. . . ညည်းလုပ်မှ ဆွဲဆောင်အလင်းတန်းအသ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာပြီ"

ရယ်သံသဲ့သဲ့။ သူမ လှေကားထစ်မှမတက်ဖြစ်သေးဘဲ ရပ်နေမိသည်။ စာသင်တာကတော့ ကောင်းသားပဲ။ ကလေးတွေကို စိတ်ဝင်စားအောင်ပြောတတ်သား။ ဒါပေမဲ့. . . တစ်ချက်တစ်ချက် ဆဲတာက နားကလောချင်စရာ။

"အေး. . . ညည်းပြောသလို အလင်းတန်းအသစ်တစ်ခုကို ဒီ(၁၀)တန်းမှာ ထပ်တိုးသင်ရမယ်။ ဒါပေမဲ့. . . attracted ray တော့ မဟုတ်ဘူး. . . refracted ray r, e, f, r, a, c, t, e, d နော် . . . refracted ray . . . ယိုင်လင်းတန်းလို့ အမှတ်ရတယ်"

"ဒါဆို ခုန တီတီယိုင်လဲသွားတာ ယိုင်လင်းတန်းပေါ့"

"စကားစိမ်းရေ. . . ငါ့ကို တစ်ရက်တည်းနဲ့လန့်ပြေးရအောင် မလုပ်ပါနဲ့"

"စိမ်းက ဥပမာမြင်ကြည့်တာပါ. . . ဦးကျော်ရဲ့"

ရယ်သံတွေ ထွက်လာပြန်၏။ သူမမျက်နှာလေး ရဲသွားရသည်။

ကြည့်စမ်း. . . အဒေါ်ချော်လဲတာကို သင်ခန်းစာထဲထည့်ပြောစရာလား။ မိစိမ်းစိမ်းတော့ class ပြီးတာနဲ့ ဗိုက်ခေါက်ပြတ်ပြီသာမှတ်။





"ထားပါတော့. . . ဟောဒီမှာ ရေပြင်ညီမျဉ်း horizontal line. . . အလင်းက ဒီဘက်ကနေရိုက်မယ်. . . incident ray. . . ဒီနေရာမှာ မတ်မျဉ်းရှိတယ်. . . normal . . . ဒီဘက်ကပြန်ထွက်တဲ့အလင်းတန်းကို ဘာလို့ခေါ်လဲ"

"Reflected ray"

"ဟုတ်ပြီ. . . refracted ray ကျတော့ ရေပြင်ညီမျက်နှာကို ပြန်မထွက်ဘဲ အတွင်းဘက်ကို ယိုင်ကျသွားတဲ့အလင်းတန်းကို ခေါ်တာ။ အဲဒါ refracted ray . . . ရှင်းလား"

"ဟုတ်ကဲ့"

"ပုစ္ဆာပွက်တဲ့အခါ လုံးဝအကွင်းသို့ အလင်းပြန်ခြင်းဆိုတာပါ သင်ရလိမ့်မယ်. . . ထားတော့။ ကဲ. . . Definition ရေးရမယ်။ မှတ်စုရေးဖို့ထုတ်။ ဘောပင်ကိုင် note တပ်, ဘေးမျဉ်းတား, ခေါင်းစဉ်ရေး"

ကိုးတန်းဝိုင်းပါ ဆက်သင်ပေးပြီး သူပြန်သွားတော့ ကလေးတွေဆီမှ လေသံတစ်ထပ်တည်းထွက်လာသည်က ဦးကျော်,စာသင်တာကောင်း၍ ဆက်သင်ချင်သည်တဲ့။ ရော်. . . ခက်ကုန်ပါရောလား။

"ဟယ်! ဘယ်ဖြစ်မလဲ၊ တီချယ်ဒေါ်မြမြကိုအားနာစရာ"



www.burmeseclassic.com

www.burmeseclassic.com



"တီတီကလည်း တီချယ်ရှင်းတာက ကောင်းတော့ကောင်းပါတယ်။ ဦးကျော်က ရယ်စရာလေးတွေ ထည့်ထည့်ပြီးပြောပြောသွားတော့ မှတ်မိတာပေါ့"

"အံ့မယ်. . . ကြားထဲမှာ ဆဲသံတွေထည့်တာကျတော့ မပြောဘူး"

"ဦးကျော်ဆဲတာ ကြားလို့ကောင်းပါတယ်တီတီရဲ့။ ပြာတို့ပုစ္ဆာတွက်ရင်းမှားတာတောင် ကြီးဒေါ်ဆိုပြီးခေါ်တာ။ ဟီး. . . ဟီး. . . ရယ်ရတယ်"

"အို. . . မကြိုက်ပါဘူး။ ဆရာနဲ့တပည့်မတွေနဲ့ ကြာရင်မကောင်းဘူး။ ငါမကြိုက်ဘူး"

"ဟင်. . . တီတီ့ကို စိမ်းတို့က ကြိုက်ခိုင်းနေတာမှမဟုတ်ဘဲဟာ"

"ဟင့်. . . ကဲ. . . ငါ့ကိုဘာမှတ်နေလဲ"

"ဒေါက်"

စကားစိမ်းက နှာသည့်နေရာကိုပွတ်၍ လျှာလေးတစ်လစ်ထွက်နေလေ၏။ ဘာမှတောင် သေချာမပြောရသေးဘူး။ တီတို့မျက်နှာက နီချင်နေပြီ။

"မဖြစ်ပါဘူး၊ တီချယ်နေကောင်းရင် တီချယ်နဲ့ပဲသင်။ လျှာ





ထပ်မရှည်ကြနဲ့။ ဒါပဲ"

"တီတီကလည်း တီတို့ဟာတီတီရှက်တာနဲ့ပဲ ပြာတို့ဘက်ကိုမကြည့်ဘူး။ ဦးကျော်သင်ပုံနဲ့ဆိုရင် ပြာတို့ Physics D တစ်လုံးသေချာပြီ။ ပြီးတော့. . . ဦးကျော်က Maths လည်း ကျွမ်းတယ်တဲ့"

"ဘာမှမဒွဲနဲ့. . . မရဘူး"

"တီတီကလည်း"

"ထပ်မရှည်ကြနဲ့. . . သွား. . . စာသွားလုပ်ကြ။ နင်တို့ငါ့အကြောင်းသိတယ်နော်။ ပြောမရရင် နင်တို့မိဘတွေဆီပို့ပစ်မယ်"

ကျွတ်စီကျွက်စီပြောနေသည့်နေရာမှ သူမ ထထွက်လာခဲ့သည်။ သင်းကလည်းသင်း။ နည်းနည်းပါးပါး အသံလေးဘာလေးမပေး စွတ်ဝင်ချလိုက်တာပဲ၊ မပြောမဆိုပွေ့ချီလိုက်တာ ခါးရိုးတောင်ကျိုးပြီမှတ်တာ။

ဟွန်း. . . အသားကညိုညို၊ နှုတ်ခမ်းမွေးကရေးရေး၊ မျက်နှာကငယ်ညိုသလိုနှင့် ပါးစပ်က ပေါက်ကရတွေပြောတော့ ကလေးတွေမကြိုက်ဘဲနေမလား။ ဟိုတစ်ယောက်လို မိန်းမကျွေပစ်ကျမယ့်ရုပ်မဟုတ်ပေမယ့် သူကယောကျ်ားပီသတာတော့ ငြင်းမရချေ။

"မမ. . . ဖုန်းလာနေပါတယ်"

"ဘယ်ကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စက်ာပူက. . . ဘဘ"

"ဟယ်! "

သူမ, ဧည့်ခန်းမှဖုန်းကို အမြန်ကိုင်လိုက်၏။ တစ်ဖက်မှရယ်မောသံတွေကိုသည်းခံစောင့်နေရာမှ လေးလေးအသံက ပေါ်လာသည်။

"မိနိုင်လား"

"ဟုတ်"

"ဘယ်လိုလဲ. . . ညည်းမျက်စိတွေနားတွေ မပွင့်သေးဘူးလား"

"အာ. . . လာပြန်ပြီ။ လေးလေးကလည်း နိုင့်ဟာနိုင် အေးအေးနေတာကို။ ဘာမှန်းလည်းမသိဘူး"

"ဟ. . . အေးလို့ရမလား။ ငါ့အစ်မ. . . နင့်အမေက ငါ့ကိုသေချာမှာထားခဲ့တာနော်။ ညည်းအသက် မငယ်တော့ဘူး။ ဘယ့်နှယ်. . . ဟိုရှောင်ဒီပြေးလုပ်လာတာ (၃၀)နား,ကပ်နေပြီ"

"ဘာဖြစ်လဲ. . . နိုင့်ဟာနိုင် ကလေးတွေနဲ့ပျော်နေတဲ့ဟာ"

"ဟဲ့. . . အဲဒီကလေးတွေက အချိန်တန် အတောင်အလက်စုံရင် ထပျံကြမှာ. . . နင့်အနားမှာ ဘယ်သူမှကျန်မှာမဟုတ်ဘူး။ အရှုံးမထနဲ့။ ဘယ့်နှယ်. . . လူ့ဘဝကြီးရောက်လာပြီး လူ့တာဝန်





ကျေပွန်အောင်မထမ်းနိုင်ရင် လူဖြစ်ကျိုးနပ်တော့မလား"

သူမ, တော်တော်စိတ်ညစ်သွားမိ၏။ ဘာများပူဆာရမလဲမှတ်တယ်။ ခုတော့. . . မကြီးမငယ်နဲ့အဆူခံနေရပြီ။ တူမတွေကိုနေ့ရှိသရွေ့အော်ငေါက်လာခဲ့တဲ့ဝဋ်ထင်ပါရဲ့။

"ညည်းစိတ်ကြိုက်ရှာမတွေ့ရင် ငါပေးစားတော့မယ်"

"အာ. . . နိုင်,မယူချင်ဘူး"

"မယူလို့မရဘူး၊ ဒီနှစ်ထဲ ညည်းယူကိုယူရမယ်။ ချေးများမနေနဲ့။ ငါခေါ်လာမယ့်သတိုးသားလောင်း ချောချောမချောချောညည်းလက်ခံဖို့သာပြင်။ ဒါပဲ"

"နိုင်မှမကြိုက်ဘဲ"

"ဒါဆို ညည်းကြိုက်တဲ့ ရှာထားလေ။ ငါလာတော့ ပေးစားမယ်"

"မလိုချင်ပါဘူးဆိုနေမှ. . . ဇွတ်ပဲ"

"အေး. . . ညည်းက ငါငယ်ငယ်က ငါ့အချိုးအတိုင်းပဲကိုး။ ဒါကြောင့်လည်း ငါ့အသည်းကျော်ဖြစ်လာတာပေါ့"

"လေးလေးတောင်မှ လူပျိုကြီးလုပ်နေပြီ"

"ဟဲ့. . . ငါက အကြောင်းမဟုတ်ဘူး။ အခုယူရင်တောင်အခုရတယ်။ လိုချင်နေတဲ့သူတွေ တန်းစီလို့နော်။ ညည်းကိုချစ်လွန်း



www.burmeseclassic.com

www.burmeseclassic.com



လို့စိတ်မချလို့ ဒီအတိုင်းနေနေတာ"

"ခိုင်လည်း တူမတွေကိုစိတ်မချဘူး"

"အပိုတွေပြောမနေနဲ့။ ညည်းတူမတွေက (၁၀)တန်းအောင်တာနဲ့ ဒီမှာကျောင်းလာတက်ရမှာ။ အချိန်တန် မိဘအမွေယူမယ့်သူတွေချည်းပဲ။ ညည်းသာ ကြားထဲမှာ ပ,လပ်ကျန်ခဲ့မှာ"

"ခိုင်က ဘာအမွေကိုမှမမက်ဘူး။ ကိုကြီးတို့နဲ့ အမွေခွဲတုန်းကတောင် အနည်းဆုံးအပုံကိုပဲယူခဲ့တာ၊ လေးလေးအသိ"

"အေးပါ။ ဒါပေမဲ့. . . ငါ့အမွေကို ဘယ်မြေးကိုမှမပေးနိုင်ဘူးဟေ့။ ညည်းကမွေးမယ့်သားသမီးတွေကိုပဲပေးမှာ"

"အာ"

"အဲဒါ. . . သေချာစဉ်းစား။ တစ်နေ့တစ်နေ့ Calculator ချည်းကိုင်မနေနဲ့။ နှလုံးသားလေးကိုလည်း လှုပ်နှိုးဦး။ ကာလနဂါးလေး အိပ်ရာထသင့်ပြီ။ ဘယ့်နှယ်ဗျာ. . . ရည်းစားထားဖို့ ဦးလေးက ပြန်သင်ပေးနေရတယ်လို့။ ငါ December ပြန်ခဲ့မယ်။ ဘာလိုချင်လဲ"

"ဘာမှမလိုချင်ဘူး"

"အေး. . . ဒါဆို ညည်းအတွက် ယောကျ်ားတစ်ယောက်ခေါ်ခဲ့ပေးမယ်. . . ဒါပဲ။ ကဲ. . . ငါ့မြေး. . . ညည်းတူမတွေ ဘာလို





ချင်လဲမသိဘူး။ ခေါ်ပေးဦး"

"ဟုတ်"

သူမ, ဖုန်းကိုဘေးချ၍ ညီအစ်မ (၇)ယောက်ကိုအော်ခေါ်လိုက်ပါ၏။ ဟွန်း. . ဖုန်းဆက်တိုင်း ဒီဘူတာပဲဆိုက်ဆိုက်ခဲ့တာ ဘယ်လောက်ကြာပြီလဲ။ ညီအစ်မတွေ တစ်ယောက်တစ်လှည့်လုပြောနေကြတာမို့ သူမထမင်းပွဲပြင်နေလိုက်၏။

ဟွန်း. . . သူ့မြေးတွေပူဆာတာတော့ မပျက်မကွက်ပို့ပေးတော့မည်။ သူမကိုကျ ပေးစားဖို့ယောကျ်ားတဲ့. . . ကောင်းရော။ ဟွန်း. . . ယောကျ်ားများကြောက်လွန်းလို့ ရှပ်အင်္ကျီတော့ ကြောင်ကြောင်ကြားကြားတွေတောင်မဝတ်ဘဲရှောင်တာ အားလုံးအသိ။ ရှိနေပေါင်းနေတဲ့သူငယ်ချင်းတစ်အုပ်စုလုံးတောင်မှ တဖြုတ်ဖြုတ်နှင့်ယူသွားကြတာ ကုန်သလောက်ပဲ။ ကျန်တာဆိုလို့ သူမနှင့် ကေသရီနှစ်ယောက်သာ။

ကေသရီနှင့်တော့ ဆယ်တန်းအောင်ကတည်းက ကွဲသွားခဲ့တာ။ ဆေးကျောင်းကစာတွေနဲ့ နပန်းလုံးနေရလို့ ရည်းစားမထားဖြစ်ခဲ့ပေမယ့် ကြိုက်သူတွေဝိုင်းဝိုင်းလည်နေတဲ့သတင်းတွေကတော့ ကြားနေရကာပါပဲ။ သူမနှင့်စိတ်ဘူကိုယ်တူ၊ တက်ညီလက်ညီခေါင်းခါခဲ့ကြတာမို့ ဘာလိုလိုနှင့် အပျိုဟိုင်းကြီးစာရင်းဝင်ခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"တီတီ. . . ဖိုးလေးက ဘာပြောဦးမလဲတဲ့"

"ဟွန်း. . . ငါ့ကျဘာမှမပို့ပေးဘူးပြောထားပြီး, မပြောမဟော့ဘူး. . . ချလိုက်တော့"

ညည့်ခန်းဆီ ပြန်အော်ပြောလိုက်သဖြင့် ဖြူ့အသံက စူးခနဲထွက်လာလေ၏။ တိုက်အိမ်မို့ အိမ်ထဲမှအသံတွေ အပြင်ကိုထွက်ကုန်ပြီလား။ ပြတင်းပေါက်တွေမပိတ်ရသေးတာကို သူမသတိရသွားမိသည်။

"တီတီလာမပြောရင် တီတို့ဖို့ယောကျ်ားကို ပါဆယ်ထုပ်ပြီးပို့လိုက်မယ်တဲ့"

"ဟဲ့. . . တိုးတိုး၊ အမယ်လေးနော်. . . ငါတော့ တိုင်နဲ့ခေါင်းနဲ့ဆောင့်သေလိုက်ချင်တာပဲ"

သူမ ထမင်းစားခန်းဟဲမှ အပြေးပြန်ထွက်၍ ဖုန်းကိုကိုင်လိုက်ရသည်။ အဲဒီလေးလေးဟာ သူမကိုအချစ်ဆုံးဆိုပြီး ချုပ်ချယ်လာခဲ့တာ အသက်(၂၅)နှစ်ထိ။ ခုမှ ဘယ်လိုကနေ ဘယ်လို အိမ်ထောင်ပြုစေချင်တာမှန်းကိုမသိတော့။ မေမေဆုံးခါနီး မှာခဲ့တာတော့ သူမမှတ်မိသားပဲ။ မေ့မေ့ပျောက်ပျောက်နေလာခဲ့တာ သုံးနှစ်ကျော်မှ ဒီဇာတ်လမ်းက,စတာတော့ ဘယ်ကောင်းပါ့မလဲ။

"မိခိုင်. . . ကလေးတွေက ဆရာဘုန်းမြင့်ကျော်သင်တာ





ကြိုက်တယ်တဲ့။ အဲဒါအဆင်ပြေအောင်ကြည့်လုပ်ပေးလိုက်"

"အာ. . . ဆရာနဲ့တပည့်မတွေ"

"ညည်းမရှုပ်နဲ့။ အပျိုကြီးပီပီ နေရာတကာအရှက်သည်းပြီး ဇီဇာမကြောင်နဲ့။ ဘာဖြစ်လဲ. . . ကျူရှင်ဆရာနဲ့ညည်းကြိုက်သွားလည်း ငါသဘောတူတယ်။ ကိုယ်တပြည့်စုံပြီးသား။ အနေရိုးတဲ့ယောကျ်ားရရင်. . . ပြီးရော။ ညည်းရှက်နေတာနဲ့ ကလေးတွေပညာရေးကိုအထိခိုက်မခံနိုင်ဘူး။ ပြီးတာတွေပြီးပါစေပေါ့။ ကလေးလေးယောက်စလုံး D တွေမှန်းထားတာ။ နီနီနဲ့ပြာပြာက လေးလုံးအထိမှန်းတယ်။ စိမ်းစိမ်းနဲ့ညိုညိုက နှစ်လုံးပဲတဲ့။ သူတို့က ကျက်အားပဲသာတာကိုး။ ဖြစ်အောင်လုပ်ပေး. . . နောက်လ ဖုန်းထပ်ဆက်လို့မှ ငါပြောတဲ့အတိုင်းမလုပ်ရင် ငါ December အထိမစောင့်တော့ဘူး။ ပြန်ချလာပြီး Sedona မှာ date ရွေးပြီ။ ဒါပဲ"

ကဲ. . . ပြောကိုမပြောချင်တော့ပါဘူး။ သေချင်လိုက်တာမှလွန်နေပြီ. . . လေးလေးရေ။ သူမဘယ်သူ့ကိုရန်လုပ်ရမှန်းမသိ။ ဒေါပွနေစဉ်မှာ နှုတ်ခမ်းမွှေးရေးရေးနှင့်သင်းကိုသာ ထုရိုက်ပစ်ချင်လာတော့သည်။ သင်းကြောင့်. . . သင်းကြောင့်. . .



www.burmeseclassic.com

www.burmeseclassic.com




အခန်း ( ၇ )

"စွဲနေပြီ. . . ဟီး. . . ဟီး. . . ဟီး"

"ဟာ. . . အရှုး. . . အရှုး. . . ဝိုင်းရိုက်ဟေ့"

ဘုန်းမြင့်ကျော်နှုတ်မှ ဆဲသံထွက်လာတော့ သူတို့အုပ်စုရယ်လိုက်ကြ၏။ ထမင်းစားခန်းထဲဝင်လာတာတောင် သီချင်းဆိုပြီး ဝင်လာပုံထောက်ရင် ဒီကောင်, ခိုင်နှင့် Peace ဖြစ်လာပုံပဲ။

"ဦးကျော်. . . ဘယ်လိုလဲ"

"Procare"

"မင်းဘကြီး Procare . . . ရင်ထဲမှာစွဲနေတဲ့ရန်က ခထိ Heart ထိတုန်း။ ဒီမှာမောင်. . . ငါက မျက်စိနဲ့ကြည့်ခဲ့ရရုံမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဟောဒီလို ခါးက,ပွေ့ခဲ့ရတာကွ"

"ဘာ! "

"ဟာ. . . တိုးတိုးသာသာလုပ်လေ။ ဟိုဘက်အိ်ဒီဘက်အိမ်ကပ်နေတာကို"

"နေပါဦး. . . နေပါဦး။ မင်း. . . သူ့ခါးကိုသွားဖက်တော့ ဟိုက မင်းပါးကို သူ့လက်ဝါးနဲ့မိတ်ဆက်မပေးလိုက်ဘူးလား"

"No . . . ထက်ထက်မိုးဦးလို နှုတ်ခမ်းလေးဝိုင်းပြီး, အို . . . ဘာလုပ်တာလဲတဲ့"

ဝေါခနဲရယ်လိုက်ကြပြန်လေ၏။ အဲဒီဖိုးကျော်ဟာ ဟုတ်မဟုတ်တော့မသိ။ လူတစ်ဖက်သား စိတ်ဝင်စားအောင်ပြောတဲ့နေရာမှာတော့ နံပါတ် (၁) မဟုတ်လား။ ဒါကြောင့်လည်း စာပေဟောပြောပွဲတွေဘာတွေမှာ ဒီကောင် လူရာဝင်ရတာလေ။ ရသမျှကျူရှင်လစာလေးနဲ့ ဘဝကိုတင်းတိမ်ရောင့်ရဲနေနိုင်ပြီး ပျော်ပျော်နေတတ်သူကိုး. . .။

"ညာမပြောနဲ့နော်။ သိကြားမင်း,ကြားသွားလိမ့်မယ်"

"မညာပါဘူး. . . ဖိုးနိုင်ရာ။ ငါ အစကပြောပြမယ်"

"မကြားချင်ဘူး"

"မစ္ဆရိယက ဝင်ပြန်ပြီ. . . မင်းမကြားချင်လည်း ကိုမောင်





နားထောင်ချင်လိမ့်မယ်"

"မထောင်ချင်ပါဘူး။ နှာခေါင်းမီးတောက်တဲ့ကိစ္စကြီး"

"မင်းဘကြီးပဲ နှာခေါင်းမီးတောက်။ သူနဲ့ကျမှတိုက်တိုက်ဆိုင်ဆိုင်ပါကွာ။ သူက လိုက်ကာအသစ်လဲတပ်နေချိန်၊ ငါက အိမ်ထဲကိုအသံမပေးဘဲဝင်အတိုး. . . အဲဒီမှာစတွေ့တာပဲ။ ဝုန်းဆိုပစ်လဲကျ။ ငါက ဖမ်းဆွဲပွေ့. . . ဒါပဲ"

"ကုန်ပါပြီ. . . ကုန်ပါပြီ. . . ခိုင်ကလည်း ဒီကောင်လာမှဒီအလုပ်ကိုလုပ်ရသတဲ့လား"

"ဒါပေါ့. . . ကံကြမ္မာက ငါ့ဘက်ကိုသာတယ်ဖိုးနိုင်။ မင်းသူကိုယ်တိုင်ဖျော်တိုက်တဲ့ကော်ဖီ သောက်ဖူးပြီးပြီလား။ သူ့ဆီကသနပ်ခါးရနံ့နဲ့ ကိုယ်သင်းနံ့လေးရှူရှိုက်ဖူးလား။ သူ့ခါးသိမ်သိမ်လေးကိုပွေ့ဖက်ဖူးပြီလား။ ဘာမှလာပြောမနေနဲ့. . . ငါသာပြီ"

"နှာဘူး. . . နှာဘူး"

ဖိုးနိုင်က မနိုင်တော့ နှာဘူးကြီးစွတ်အော်လေတော့သည်။ ထမင်းပွဲအဆင်သင့်ဖြစ်နေတာမတာင် ဘယ်သူမှမစားဖြစ်သေး။ ဖိုးကျော်စကားကိုသာ အာရုံစိုက်နေကြလေ၏။

"သူ့တူမတွေကလည်း ငါ့ဘက်ကရှိတယ် မောင်။ နီနီကဆိုတီတီ့ကိုစတွေ့တာနဲ့ ဒီလိုလုပ်တာတော့ ဘယ်ကောင်းပါ့မလဲတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေက ငါတို့အဖြစ်ကို အစဖေ့ဆုံးမြင်သွားတာကိုး။ Light အခန်းစသင်တော့ Attracted ray ဆိုပြီး. . . ပြာပြာထဖော်လို့ ဟောက်ရသေးတယ်။ စိမ်းကလည်း Refracted ray ရှင်းပြတာကို တီတီ ခုနလဲကျတာ refracted ray လို့ ဥပမာပေးသကွ"

"ဟင်. . . အားလုံးက သူ့ဘက်ကချည်းပဲ။ လုံးဝမတရားဘူး။ မနက်ဖြန်ကျောင်းရောက်မှတွေ့မယ်. . . ညာ့ဦးမောင်နဲ့ပဲ သဘောတူပေးပါဆိုတာလို့ပြောထားရဲ့သားနဲ့"

"ဩော်. . . ငါ့တူရယ်။ အချစ်က တစ်ခါတလေ မျက်စိမှောက်တတ်သေးသကိုး"

"မရပါဘူး. . . ဦးမောင်နဲ့အန်တီ စတွေ့တဲ့ဟာ. . . အဲဒီဦးမောင်ဟာ မတုန်မလှုပ်ကျောက်ဆစ်ရုပ်လုပ်မနေနဲ့လေ။ တော်ကြာ ဘိုးဘိုးပေးစားတာ ပုံမလာကြီးဖြစ်နေမှအခက်ပဲ. . . လုပ်ပါ။ ညာတို့ပြောပေးဆိုလည်းပြောပေးပါ့မယ်. . . နော်. . . နော်"

"အတင်းကြီးဇွတ်ပါလားဘာဏရယ်။ ဖြည်းဖြည်းပါ"

"မဖြည်းနဲ့လေ. . . ဦးနိုင်လည်း ဆိုက်ထဲအနေများတော့ အန်တီနဲ့ဘယ်တွေ့ပါ့မလဲ။ ဦးကျော်က အိမ်ထဲဝင်ထွက်နေပြီ။ တော်ကြာနောက်ကျနေမှအခက်. . . အားအားရှိ ဆေးထိုးအပ်တွေကိုပဲ အိပ်မက်ထဲထည့်မက်မနေနဲ့လေ"





"ဘာဏရယ်. . . ဖြည်းဖြည်းပြော။ ဖူးစာဆိုတာ ဦးရာလူ ပါကွ"

"စကားတတ်တိုင်း လျှောက်ပြောမနေနဲ့။ အချစ်က မညာတတ်ဘူး။ ရှိတ်စပီးယားရဲ့အဆိုကို မင်းမဖတ်မိဘူးလား။ Love looks not with the eyes, but with the mind တဲ့။ ငါက အချစ်ကို မျက်လုံးနဲ့မကြည့်ဘဲ စိတ်နဲ့ကြည့်တာ။ နှလုံးသားနဲ့ရွေးချယ်ရင် ဘာအမှားမှမရှိနိုင်ဘူး။ အရာခံသိမ်းအောင်မြင်တယ်"

သူ့စကားကိုအဆုံးသတ်ပြီး ထမင်းစစားစဉ် အားလုံးက သူ့ကိုငေးကြည့်နေမှန်း သတိထားမိသွား၏။ ဗုဒ္ဓေါ. . . ဘာတွေဖြစ်ကုန်ကြတာပါလိမ့်။

"ရော်. . . ဘာဖြစ်ကုန်တာလဲ"

"မင်း. . . ဒေါက်တာသည်းဦးမောင်အစစ်ပါနော်"

"ဩော်. . . ငါကဘာဖြစ်နေလို့လဲ"

"အချစ်ဒဿနတွေ ဒီညနေ မင်းနှုတ်ကထွက်ကျလာလို့လေ"

"ကွာတော့ကွာပါတယ်. . . ဖိုးကျော်ရာ။ ငါက ဆေးနဲ့ပတ်သက်တဲ့စာအုပ်တွေကိုပဲ အပတ်တကုတ်လေ့လာနေခဲ့ရတာ။ မင်းလို ပြင်ပဗဟုသုတစာတွေ မဖတ်ဖြစ်ဘူး။ ဒီတော့ မင်းလိုစကားလုံးဝေါဟာရမကြွယ်ဝပါဘူး။ ဒါပေမဲ့. . . မင်းသိမှာပါ။ အရိုးရှင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဟာ အဆန်းပြားဆုံးပဲတဲ့။ စကားလုံးလှလှလေးတွေသုံးမှ အချစ်က နိုးထတာမဟုတ်ဘူး။ အချိန်တန်ရင် ဘာမှပြောစရာမလိုဘဲ သူ့အလိုလိုနိုးလာလိမ့်မယ်။ အဲဒါ. . . အချစ်ပဲ။ ကဲ. . . စားကြတော့"

"အား. . . ဦးမောင်ဒိုင်တွေမိုက်တယ်"

"အံမာ. . . ရည်းစားထားဖို့စိတ်ကူးမိရင် အခုပဲမြောင်းထဲလွှင့်ပစ်လိုက်။ အမှတ်လျော့သွားတာနဲ့ ငါ့အကြောင်းသိပြီမှတ်"

"အန်. . . ဘာမှတောင်မလှုပ်ရဲပါလား"

ထမင်းစားသောက်ပြီးသွားတော့ အတူတူဆေးကြောနေကြချိန် ညည့်ခန်းမှဖုန်းသံမြည်လာသဖြင့် ဉာဏာက အပြေးကိုင်လိုက်လေ၏။

"ဦးမောင်ရေ. . . ဘိုးဘိုး Phone"

"အေးအေး. . . လာပြီ"

သူ, လက်ကိုဆပ်ပြာနှင့်သေချာဆေး၍ ခြောက်အောင်သုတ်လိုက်ပြီး အိမ်ရှေ့ထွက်လာတော့ ဉာဏာက သူ့အဘိုးကိုပူဆာလို့ကောင်းတုန်း။

"ညာက ဦးမောင်လိုပဲဆရာဝန်လုပ်မှာလေ. . . ဟုတ်။ ညီလေးလား. . . ဟုတ်. . . အမှတ်ကောင်းတယ်။ (၉၀)အထက်ကြီး





ပဲ။ အဆင့် (၁)ကနေ (၅) အတွင်းပေါ့။ သီဟက ခင်ဂျင်နီယာပဲဝါသနာပါတယ်လို့ပြောတယ်။ ရာဇာက နည်းနည်းပျင်းတယ်။ ညာကချော့ပြီးစာကျက်ခိုင်းရတယ်. . . ဘိုးဘိုးရဲ့။ သူက အငယ်ဆုံးဆိုတော့ နည်းနည်းဂျစ်တယ်။ ဟင်း. . . ဟင်း. . . ဟုတ်ပါဘူး။ ရပါတယ်။ ဘိုးဘိုးပို့ချင်တာ ပို့ပေးလိုက်ပါ။ ညာက ဘာပဲရရကျေနပ်ပါတယ်။ တူမှာပေါ့၊ ဦးမောင်တူပဲဟာကို. . . မရသေးဘူး။ မြို့စိစိနဲ့။ ဦးနိုင်တို့လည်းပြောတာပဲ။ အခုလား. . . အင်း. . . ဘေးအိမ်ကအန်တီ့ကို သုံးယောက်သားဝိုင်းလုပြီးပိုးနေလို့"

"ဟော့ကောင်, မင်းနဲ့မဆိုင်တာပြောစရာလား။ မင်းတော့နာတော့မယ်. . . ပေး။ ဟဲလို. . . ဖေဖေ. . . သားပါ"

သူ, ဉာဏာဆီက ဖုန်းကိုလုကိုင်လိုက်ရ၏။ ဘယ့်နှယ်. . . ဖေဖေ့ကို ချွန်နေပြန်ပြီ။ ခိုင်က ဘူတို့သုံးဦးကြားက ပန်းတစ်ခိုင်ဖြစ်မှန်းမသိဖြစ်လို့။

"ဟော့ကောင်. . . ရှာပါရှာပါဆိုတုန်းက မရှာဘဲ, အခုမှဘယ့်နှယ်သုံးယောက်ပြိုင်လုနေတာလဲ"

"ဟာ. . . ကျွန်တော်မလုပါဘူးဖေဖေရ။ သူတို့နှစ်ကောင်ပဲလုနေတာပါ"

"ကောင်မလေးက ချောလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ယဉ်တာ"

"မင်းအကြိုက်ပေါ့လေ"

"အာ"

"အာလုပ်မနေနဲ့။ ဘယ့်နှယ်. . . ကေသရီနဲ့မေမြတ်နိုးရော ဘယ်ချောင်ထဲထိုးထည့်ထားလဲ"

"ကေသရီက ကျွန်တော်နဲ့အတူတူဆေးခန်းဖွင့်မှာ။ မြတ်နိုးက ပုဂ္ဂလိကဆေးရုံမှာဝင်လုပ်နေပြီ"

"ဒါဆို ကေသရီ့ကိုလည်း ချိန်လို့ရတာပေါ့။ ကြည့်လုပ်ဦး။ သူငယ်ချင်းတွေနဲ့ရည်းစားလုပြီးပြဿနာဖြစ်ရင် ဘယ်ကောင်းမှာလဲ။ သီးသီးသန့်သန့်လေးလှုပ်ရှားမှပေါ့"

"မဟုတ်ပါဘူးဖေဖေရာ. . . ဉာဏက ခိုင်နဲ့ကျွန်တော့်ကို အတင်းသဘောတူနေတာပါ"

"ဟုတ်လား, ဉာဏနဲ့မင်းက အမြဲ အမြင်ရောအသွင်ပါတူတတ်တာပဲ။ ဉာဏသဘောကျရင် မင်းလည်းသဘောကျမှာ ငါသိတယ်"

ကျိတ်လိုက်ကွ။ စွတ်ကိုတင်နေတော့တာပဲ။ ဒီမှာဖြင့်စကားတောင် ကောင်းကောင်းပြောဖူးတာမဟုတ်။ ဟိုကလည်း မျက်နှာက ခပ်တည်တည်။ သူကလည်း ခပ်အေးအေးမို့ ကြားထဲမှာ အေး





နေလိုက်တာမှ ရေခဲလောက်ပြီ။

"အံမာ. . . ငြိမ်သွားလိုက်တာ။ ဘယ်လိုလဲ. . . ဟိုချာတိတ်ရဲ့သီချင်းလို နှလုံးသားကိုခဲတတ်လိုက်ပြီလား"

"ဟာ. . . ဖေဖေက ခေတ်မီလှချည်လား"

"ငါက မင်းလို ရေခဲတုံးမှမဟုတ်တာဘဲကွ။ ကဲ. . . ဘာမှ ထွေထွေထူးထူးပြောမနေနဲ့။ ဒီသုံးလေးလအတွင်း. . . . . .ဆိုက သတင်းထူး ငါကြားချင်ပြီ။ ငါဖုန်းဆက်လိုက်တာနဲ့ ဖေဖေရေ. . . Ready ပဲ။ ဟိုတယ်မှာ date ယူပေးတော့ဆိုတာပဲကြားချင်တယ်"

"အာ. . . ဒီသုံးလအတွင်း ဘယ်သူက ဖျတ်ခနဲမခေါင်းညိတ်မှာလဲဖေဖေရ"

"ဟော. . . ဒါဆို ကေသရီမဟုတ်တာသေချာပြီ။ ဒီလောက် (၇)နှစ်၊ (၈)နှစ်တွဲလာတဲ့သူငယ်ချင်းက အချိန်ဆွဲစရာအကြောင်းမရှိဘူး။ ဘာလဲ. . . ခိုင်မှခိုင်ပဲလား"

"ဟာဗျာ. . . ပါးစပ်က လွတ်ခနဲထွက်မိတာလည်း မှတ်မိတာပဲ-သားဖေဖေရာ"

"လွတ်ခနဲပြော. . . ဗိုင်းခနဲထိ. . . ဂိုင်းခနဲလဲတာပဲ မဟုတ်လား။ ငါက ဒါဆိုဒါပဲ။ မင်းဟာမင်း. . . ကိုယ့်အရည်အချင်းနဲ့ရအောင် ရှာချင်ရှာ။ မရရင်တော့ ငါပေးစားတာပဲ ခေါင်းညိတ်ရပြီ



www.burmeseclassic.com

www.burmeseclassic.com



မှတ်"

"ဟာ. . . ဖေဖေကလည်း ကျွန်တော်က ဆယ်ကျော်သက်လေးမဟုတ်ဘူးလေ။ ဘယ့်နှယ် သံမဏိစည်းတွေကန့်နေရတာလဲ"

"ဆယ်ကျော်သက်မဟုတ်လို့ ပြောနေရတာပေါ့။ ငါ, မင်းမွေးတဲ့မြေးချီချင်ပြီ။ မြေးတောင်မှ မြေးမလိမ်လိမ်မာမာလေး, ချောချောလေးတွေ။ မျောက်တွေမချီချင်ဘူး. . . ဒါပဲ"

"အာ. . . ခုယူခုကလေးမွေးခိုင်းလို့ ဘယ်ရမှာလဲဖေဖေရ"

"ရအောင်လုပ်ပေါ့. . . ကြံပေါ့။ အင်တာနက်ခေတ်မှာ မင်းက နောက်ကောက်ကျကျန်နေခဲ့ပြီ။ ဒီမှာ. . . နောက်ဆုံးပဲ၊ မင်းမှာအစွမ်းအစမရှိရင် ငါချတဲ့ထောင်မှာလွတ်လမ်းမရှိ။ လုံးဝကျပြီမှတ်တော့"

ဂွက်ခနဲဖုန်းချသွားသည်နှင့် သူ သက်ပြင်းကိုချလိုက်မိ၏။ ဘုရားရေ. . . ရည်းစားရှိကြောင်းသက်သေပြဖို့က သုံးလေးလ။ မင်္ဂလာဆောင်ပြီးတာနဲ့ ကလေးယူချင်တာကအမြန်။ မင်္ဂလာဦးညမှာ ရင်ခုန်သံစကားတွေမပြောရဘဲ 'မောင့်ကို မီးမီးလေးမွေးပေးနော်' ဆိုမိတာနဲ့၊ အမယ်လေး. . . ပါးတောင်ယားကျိကျိဖြစ်လာသလိုပါပဲဟား။ ဖြန်းခနဲမျှားရိုက်ချလိုက်တာနဲ့ အသည်းလည်းဟက်တက်ကွဲရရော. . . ကဲ။





"မျက်နှာကလည်း ဘီလူးကို သံပရာသီးကိုက်ခိုင်းထားလားမှတ်ရတယ်။ ရှုံ့တွလို့"

"ဘယ်မှာလဲ. . . ဟိုကောင်ညာဏ"

"စာကျက်နေပြီလေ။ ကလေးကိုဘာမဲဦးမလို့လဲ"

"သင်းကြောင့်. . . သင်းကြောင့်။ ဖေဖေ ငါ့ကို Warning ပေးနေပြီ။ ခွေးကောင်ညာဏ"

သူ အပေါ်ထပ်ပြေးတက်လာတော့ နောက်မှ ဖိုးနိုင်နှင့် ဖိုးကျော်ပါ အပြေးလိုက်လာ၏။ အပေါ်လပ်ဧည့်ခန်းမှာ သချာထိုင်တွက်နေသည့်ညာဏဇက်ပိုးကို ဖြောင်းခနဲအုပ်တော့ ကလေးတွေက တအံ့တသြ။

သူက တစ်ခါမှ ကလေးတွေကို ကိုယ်ထိသင်ရောက်ဆုံးမဖူးတာမှမဟုတ်ဘဲ။ ပါးစပ်နဲ့ဆုံးမတာတောင် လေပြည်လေးနဲ့ပဲပြောခဲ့ဖူးတာ။ သူ့မျက်နှာရဲရဲနီနေတာမို့ တော်တော်ဒေါသထွက်နေမှန်းသိသဖြင့် ကျန်တူသုံးယောက်က ဘာမှမပြောပေမယ့် ညာဏက သူ့အချစ်ဆုံးတူမို့ ပြောရဲဆိုရဲရှိပါ၏။

"ဟာ. . . ဦးမောင်, ညာဘာလုပ်မိလို့လဲ"

"ဘာခုမှမသိချင်ယောင်ဆောင်တာလဲ။ မင်း, ဖေဖေ့ကိုချွန်လို့ အခုငါချောင်ပိတ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ညာဘာပြောမိလို့လဲ"

"မင်းပြောလိုက်တယ်လေ။ ငါတို့သုံးယောက်ကပဲ ခိုင့်ကိုပြိုင်လုနေသလိုပြောလိုက်လို့ အဆူလည်းခံရသေး"

"ကိုမောင်ရာ. . . မင်းမကြိုက်လည်း နောက်ကို ငါတို့မစတော့ပါဘူး။ ဖိုးညာကိုတော့ ဒီလိုမလုပ်ပါနဲ့"

"တောက်! အဲဒါ. . . မင်းကြောင့်။ ငါ့ဟာငါ အေးအေးနေနေတာ။ အခုမင်းလုပ်လို့ ငါထောင်ကျတော့မယ်"

"ဟာ. . . ညာက ဦးမောင်ကို အဲဒီလိုဖြစ်အောင် လုပ်ပါ့မလား။ ဦးမောင်ကိုချစ်လွန်းလို့ အန်တီခိုင်နဲ့စမိတာကို"

"အေးလေ. . အဲဒါကြောင့်ပဲပြောနေတာ။ မင်းအဘိုးက ငါ့ကို ဒီသုံးလေးလအတွင်း လက်ဆုပ်လက်ကိုင်ရည်းစားမပြနိုင်ရင် ထောင်ချကိုချမှာတဲ့. . . ကဲ"

"ကိုမောင်ရယ်. ပြောစကားနားမထောင်လို့ သားကိုထောင်ချတဲ့အဖေ လောကမှာမရှိသေးပါဘူး"

"ခုရှိပြီလေ. . . မတွေ့ကူးလား။ တစ်သက်လုံးဘယ်တော့မှ ပြန်မလွတ်တော့မယ့်ထောင်. . . အိမ်ထောင်ဟေ့"

ရယ်သံတွေ အုံးခနဲထွက်လာသော်၏။ ညာဏက ဇက်ပိုးကို ပွတ်ရင်း ပြုံးစိစိဖြစ်နေလေသည်။ သူက ရှုတည်တည်မှုန်ကုပ်ကုပ်



ဖြစ်၍ ခါးကို ခုချိန်ထိထောက်ထားကုန်း။

"ဒါဆို ဦးမောင်ရည်းစားအမြန်ရဖို့ ညာတို့ဝိုင်းကြိုးစားပေးပါ့မယ်"

"အံမာ. . . ငါ့ကိုများ အစွမ်းအစမရှိဘူးမှတ်နေလား"

"ဒါဆိုလည်း အေးဆေးပေါ့ကိုမောင်ရယ်"

"မအေးဘူး. . . မအေးဘူး၊ နောက်ဆက်တွဲက ကျန်သေးတယ်။ ဘယ့်နှယ် ရည်းစားရှာဖို့က အချိန်သုံးလေးလတဲ့။ မင်္ဂလာဆောင်ပြီးတာနဲ့ ကလေးမွေးခိုင်းရော။ မွေးခိုင်းတာတောင်မှ သမီးမိန်းကလေးတဲ့. . . ကဲ"

"ဟာ. . . ကွက်တိပဲဟေ့"

"ဖြောင်း"

ညာဏနှင့်သီဟ လက်ဝါးနှစ်ဖက်မြှောက်ရိုက်လိုက်တော့ သူက မျက်လုံးပြူး၍ကြည့်လိုက်မိလေ၏။

"ဒါက ဘာကွက်တိလဲ"

"ကွက်တိပေါ့ ဦးမောင်ရဲ့။ အန်တီခိုင့်အစ်ကိုငါးယောက်လုံး မွေးထားကြတာ သမီးမိန်းကလေးတွေချည်းပဲလေ။ ဒါဆို အန်တီခိုင်လည်း ယောကျ်ားရရင် သမီးပဲမွေးမှာပေါ့။ Bio မှာသင်ရတဲ့ Gene (မျိုးရိုးဗီဇ) အရဆို . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . တော်တော်တတ်နေ"

သူ့လက်တစ်ဖက် မြောက်တက်လာတော့ ဉာဏ ခုံမှထပြေးလေ၏။ သူ့ကို ဖိုးနိုင်နှင့်ဖိုးကျော်က ဆွဲထားသဖြင့် သူဒေါသထွက်မဆုံး။ ဘယ့်နှယ်. . . ဦးလေးဆရာဝန်ထက် ပိုတတ်နေတာကိုး။

"စိတ်ချ. . . ဒီသုံးလေးလအတွင်း ဦးမောင်ကို အန်တီခိုင်ခေါင်းညိတ်စေရမယ်။ ညာတို့တာဝန်ထား"

"ဟေ့ကောင်ဖိုးညာ၊ မင်းထင်ရာတွေ စွတ်လုပ်မနေနဲ့ကွ။ ငါအရှက်ကွဲမခံနိုင်ဘူး"

"ဘာလဲ. . . ဦးမောင်၊ အန်တီခိုင့်ကိုမချစ်ဘူးလား"

"အဲဒါ ကလေးပြောရမယ့်စကားလား. . . ဒီကောင်တော့"

"ကိုမောင်ရယ်. . . စိတ်လျှော့လိုက်ပါ။ ကလေးနဲ့ဖက်ပြိုင်လိုက်ပြောမနေနဲ့။ တော်ကြာ ဟိုဘက်အိမ်ကကြားသွားလို့"

"ကြားတော့. . . နားဖောက်ပြီးသားဖြစ်တာပေါ့ဦးနိုင်ရ"

"ဟေ့ကောင်. . . တော်. . . တော်. . . မင်းနော်. . . ငါပြောထားပါရဲ့။ ငါနဲ့ပတ်သက်ပြီးမဟုတ်တာ ပေါက်ကရ ခိုင့်ကိုလျှောက်ပြောသံကြားတာနဲ့ ငါနဲ့တွေ့ပြီမှတ်"

"ဦးမောင်က ညာ့ကိုရိုက်ဦးမလို့လား"

"မရိုက်တော့ဘူးဟေ့။ တသ်ခါတည်းသံယောဇဉ်အပြတ်. . .





ဒါပဲ"

သူလှည့်ထွက်လိုက်တော့ ဉာဏထံမှ 'လုပ်မှာပဲ' ဟု တီးတိုးထွက်လာရင်း သီဟနှင့်လက်အစုံ ဖြောင်းခနဲရိုက်လိုက်ကြပြန်လေ၏။

စိတ်ညစ်လိုက်တာနော်. . .

သုံးလေးလအတွင်း ဘယ့်နှယ်ရည်းစားရှာရပါ့။



www.burmeseclassic.com

www.burmeseclassic.com



# မောင့်ရင်ထဲက နင်းပန်းခိုင်

## အခန်း ( ၈ )

လက်ထဲလာထည့်သည့် Report Card တွေကို ဖွင့်ဖတ်စဉ် သူမမျက်နှာမှာ အလိုမကျရိပ်က, ထင်၏။ ဘယ့်နှယ်. . . အမှတ်တွေရော အဆင့်တွေပါ ကျသွားတာမနည်းမနော။ နီနီက အမှတ်မကျသော်လည်း အဆင့် (၂) ကကို ရွေ့တက်မလာ။

"ကဲ. . . ဟိုမှာကပ်ထားတဲ့ စည်းကမ်းနံပါတ် (၅)ကိုမြင်လား"

"ဟုတ်ကဲ့"

"အေး. . . ကြော်ငြာရိုက်ရပြီသာမှတ်။ ဘယ့်နှယ်. . . သေချာပြောထားပါလျက်နဲ့ ဦးနှောက်တွေက ထူလွန်းထိုင်းလွန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအမှတ်တွေနဲ့ နင်တို့ ဟိုမှာ ကျောင်းဘယ်လိုသွားတက်ခွင့်ရမှာလဲ။ နည်းနည်းမှအသုံးမကျဘူး။ အဒေါ်လုပ်တဲ့လူက ဝိုင်းဆိုဝိုင်း၊ တစ်ဘာသာစီ special ထားတာ။ ဒါတောင်မှ စာကိုကြိုးစားချင်စိတ်မရှိဘူး။ ဖြူဖြူဆို Physics မှာ အောင်ရုံတင်လေး။ ညည်းအမေသိရင် ညည်းအရေခွံအစုတ်ခံရမှာ။ ငါလည်းအပြောခံရမှာပဲ သေချာတယ်. . .။ နီနီကလည်း ဒီအဆင့် (၂)ကကိုမတက်ဘူး။ ဘယ်လိုဖြစ်တာလဲ"

"ဉာဏက တော်လွန်းနေတာကိုး. . . တီတီရဲ့"

"ဘာ. . . (၁)က ဟိုဘက်အိမ်ကကောင်လေးဟုတ်လား"

"အင်းလေ. . . သူတို့လေးယောက်လုံးကို ဦးမောင်တို့သုံးယောက်က ကျူရှင်မထားဘဲ စာလည်းပြ Guide လည်းလုပ်ပေးတာတဲ့"

"အောင်မာ. . . နင်တို့ကို ဒိတ်ဒိတ်ကျဲဆရာမတွေ ခေါ်သင်ပေးတာလေ"

"တီချယ်တွေက. . . ဦးကျော်လောက် စာရှင်းတာကောင်းမှမကောင်းဘဲတီတီရဲ့"

"ဘာမှဆင်ခြေမပေးနဲ့. . . အားလုံးအဝတ်အစားသွားလဲ။ မြက်နှုတ်ရမယ်။ အဲဒီမြက်ခင်းမကုန်မချင်း ညနေစာစားဖို့မကြံနဲ့။





အေး. . . ငါလည်းမစားဘူး။ အကြိုင်ရော. . . ဒေါ်မြိုင်ရော ဘယ်သူမှမစားရဘူး။ အားလုံးတန်းတူပဲ. . . မြန်မြန်လုပ်"

ကလေးတွေ မျက်နှာညိုညိုဖြင့် အပေါ်ထပ်ပြေးတက်ရင်း အိမ်နေအဝတ်အစားတွေလဲလျက် ပြန်ဆင်းလာ၏။ နောက်ဖေးတံခါးကိုဖွင့်၍ တစ်ပြန့်ကြီးဖြစ်နေသည့်မြက်ခင်းကို လက်ညှိုးညွှန်လိုက်တော့ မျက်နှာငယ်လေးတွေဖြင့် စနှုတ်ကြတော့သည်။

ရင်ထဲမှာတနုံ့နုံ့နှင့် ခံပြင်းနေတာအမှန်ပင်။ ဆယ်တန်းဖြေတုန်းကအဖြစ်အပျက်ကို ပြန်မြင်လိုက်မိ၏။ အတန်းထဲမှာ အမြဲအမှတ်တူခဲ့သည့်ကေသရီနှင့် အပြိုင်အဆိုင်ဖြစ်ခဲ့ရာမှ ကျန်းမာရေးကြောင့် Final ဖြေစဉ် သူမဘက်က အဆုံးရှုံးကြီးဆုံးရှုံးခဲ့ရတာမဟုတ်လား။ D လေးနှစ်လုံးဖြင့် နောက်ကောက်ကျခဲ့ရသည့်အဖြစ်ကို ဒီနေ့ထိမမေ့။

ပန်းဝင်လှပခဲ့သည့်ကေသရီက ခုတော့ဖြင့် ဆရာဝန်ဖြစ်နေချေပြီ။ သူမသိပ်ဖြစ်ချင်လွန်းသည့်ဆရာဝန်ဘဝကို အိပ်မက်တောင်မမက်ရဲခဲ့တော့။

ဆရာဝန်ဖြစ်ခွင့်မရတာနှင့် ဆရာဝန်တွေကို မျက်မုန်းကျိုးကာ တော်ရုံဖျားနာတာလောက်နှင့်တော့ ဆေးခန်းဆိုတာကိုမသွား။ ဆေးရုံဆိုတာ သူမအကင်းရှင်းနိုင်ဆုံးနေရာတစ်ခုလေ။



www.burmeseclassic.com

www.burmeseclassic.com



သူမ, မရနိုင်ခဲ့သည့် ဒီအခွင့်အရေးတွေကို ဒီကလေးတွေကို အပြည့်အဝရစေချင်တာ။ ဒါကြောင့်လည်း အမုန်းခံပြီး ပြောဆိုဆုံးမနေခဲ့တာ။ စေတနာတွေကို အသိအမှတ်မပြုလည်းနေပါစေ။ သူတို့သာ ဆေးကျောင်းတက်ခွင့်ရသွားလျှင် သူမဘက်က အနစ်နာခံရတာတွေ ခံရကျိုးနပ်ပါပြီ။

"ခိုင်"

"..."

"ခိုင်"

"ဟင်"

ခြံစည်းရိုးနား ကပ်ခေါ်လိုက်သံကြောင့် အတွေးလွန်နေရာမှ သူမလှည့်ကြည့်လိုက်မိ၏။ ဗုဒ္ဓေါ... ဆရာဝန်တွေမုန်းပါတယ်ဆိုမှ အဲဒီဆရာဝန်ကတမျောင့်။

"ခိုင်... ဘယ့်နှယ် ကလေးတွေကို မြက်နုတ်ခိုင်းရတာလဲ"

"အဲဒါ... ရှင့်အပူမပါ,ပါဘူး"

"မဟုတ်သေးဘူးလေ။ ဒီလောက်လက်နုနုလေးတွေကို မြက်ကြမ်းကြီးတွေနုတ်ခိုင်းရလား။ မာလီမရှိရင်လည်း ကိုယ်တို့ဝိုင်းကူလုပ်ပေးမှာပေါ့။ ပေါက်တူးနဲ့ပေါက်လိုက်ရင် တစ်ညနေနဲ့ပြီးပါတယ်"





"ရှင့်အပူမပါဘူးလို့ပြောနေတာ မကြားဘူးလား"

ဒေါသတွေက အကုန်စုပြုံ၍ သူ့ထံရောက်လာလေ၏။ သူက ဘာမှပြောမနေတော့ဘဲ ဘကြီးထွန်းတို့နေစဉ်ကတည်းက ပြုလုပ်ထားသည့် ခြံဘေးသံဇကာတံခါးလေးကိုဖွင့်၍ ကူးခဲ့လေတော့သည်။

"ကြည့်... ရှင်နော်, ခွင့်မတောင်းဘဲ ခြံထဲဝင်လာရလား"

"ခိုင်ရယ်... ပြေးကြည့်မှ ဒီနှစ်ခြံပဲ ရင်းနှီးတာလေးကို။ ကျန်တဲ့ခြံတွေက နိုင်ငံခြားသားတွေပဲငှားနေကြတာသိရဲ့သားနဲ့"

"အို... မခင်ချင်ပါဘူး။ ရှုပ်ရှပ်ယှက်ယှက်"

"ခိုင်ကလည်းဗျာ... ဖိုးကျော်နဲ့ကျတော့ရင်းနှီးပြီး"

"ဘာမှမရင်းနှီးဘူး... အပိုတွေလာပြောမနေနဲ့"

သူဘာဆက်ပြောရမှန်းမသိဘဲ မီးဖိုခန်းထဲ ကပ်ထားသည့် စာရွက်ကို မီးဖိုချောင်ပြတင်းဝမှမြင်သွားလေ၏။

"ဟာ! "

"ကြည့်စမ်း... ရှင်နော်... စပ်စုပြန်ပြီ"

"ဒါတော့... ခိုင်မတရားတာပဲ။ ကိုယ်တို့နဲ့ခင်တော့ ခိုင်တို့မိသားစု ဘာမှနစ်နာစရာအကြောင်းမရှိပါဘူး။ ကိုယ်တို့က ဟော့ဟော့ရမ်းရမ်းလူတွေမှမဟုတ်တာဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်. . . ဒီမှာ ဒေါသတွေထွက်နေတာနော်။ ရှင်တော့ နာတော့မယ်"

"နိုင့်ဒေါသတွေ ကိုယ့်ဆီပုံချင်လည်းပုံလိုက်ပါနိုင်ရယ်။ သမီးတွေကို ဒီလိုဒဏ်ပေးတာတော့ မတရားပါဘူး။ ဘယ့်နှယ် အမှတ်နည်းရင် နည်းရတဲ့အကြောင်းကိုရှာကြည့်မှပေါ့"

"တောက်. . . ရှင်နော်။ တော်တော်လျှာရှည်တာပဲ"

"နီနီ ကျောင်းခန်းထဲမှာငိုတော့ ဉာဏမေးလို့သိတာ။ ကိုယ် မယုံလို့လာကြည့်တော့အဟုတ်ပဲ။ နိုင်က ရက်စက်လွန်းပါတယ်"

"ရှင်နော်. . . ရှင်"

"ကလေးတွေ လိုအပ်တဲ့ဘာသာကို ကိုယ်တို့တစ်ယောက် တစ်လှည့်စီသင်ပေးနိုင်ပါတယ်နိုင်ရယ်။ ဒီလိုတော့ မလုပ်သင့်ပါဘူး"

"ဒါ. . . ကျွန်မ သူတို့ငယ်ငယ်ကတည်းက ချမှတ်ထားတဲ့ စည်းကမ်းပဲ။ ရှင်လာပြီးမဖျက်ပါနဲ့"

"ကိုယ်က တောင်းပန်နေတာပါနိုင်။ ဒီတစ်ကြိမ်ကိုခွင့်လွှတ်ပေးလိုက်ပါ။ ကိုယ်တို့ Guide လုပ်ပေးမှ အဆင့်မတက်လာရင် နိုင့်သဘောပဲ. . . ဟုတ်ပြီလား"

သူမထံမှ မျက်စောင်းတစ်ပွင့် သူ့ထံလွင့်ပျံလာ၏။ ရင်ထဲ





မှာ ဒိန်းခနဲဆောင့်ခုန်လိုက်သံက အကျယ်ကြီး။ ဘုရားရေ. . . ငါ တော့ လက်နက်ချရတော့မယ်ထင်ပါရဲ့။

"ဦးမောင် တကယ်ပြောတာနော်"

"တကယ်ပါ သမီးတို့ရဲ့"

"ဟာ. . . ဒါဆိုပွတာပဲ။ နီနီက အနည်းဆုံး D လေးလုံးမှန်းတာ။ နီနီ ဆရာဝန်သိပ်ဖြစ်ချင်တာအမှန်ပဲ"

"ဖြစ်ရမှာပေါ့. . . နီနီ။ ဖိုးညာလည်း M.B.B.S လိုချင်တာလေ"

"ဖြူက အင်ဂျင်နီယာလုပ်ချင်တာ"

"ဒါဆို နန္ဒနဲ့အတူတူပေါ့"

သူမ ဘာမှထပ်မပြောတော့ဘဲ အိမ်ထဲဝင်ခဲ့တော့ သူက ကလေးတစ်ခုပ်နှင့် နောက်ဖေး၊ ဥင်းပြင်မှာ ကျန်ခဲ့လေ၏။ ညနေစာကို ပျော်ပျော်ပါးပါးလေးစားစေချင်လို့ ကြာဆံချက်တွေ ချက်ထားလိုက်တာ တစ်အိုးကြီး။ ခုတော့ ဘယ်လိုမျိုးကျပါတော့မလဲ။ ကိုယ်က စေတနာဇတွေလွန်ကဲပြီး ဆုပေးဒဏ်ပေးစနစ်လုပ်နေကာမှ ကြားထဲက ကန့်ကွက်သူပေါ်လာပြီ။ ရင်ထဲမှကရုဏာကို ဘယ်သူမြင်နိုင်မှာတဲ့လဲ။ မျက်ရည်က ပေါက်ခနဲကျသွား၏။

ခုချိန်ထိ လက်ဆေးပြီး အိမ်ထဲဝင်မလာသဖြင့် ကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်နေသလဲ. . . အကြိုင့်ကိုမေးကြည့်လိုက်တော့ သူတို့တူအရီး (၇)ယောက်လုံးနှင့် နောက်ဖေးကွင်းမှာ အတူလုပ်အားပေးနေပြီတဲ့။

ကဲ. . . ကောင်းရော။ ကြာဆံချက်အိုးကိုနွှေးထားခိုင်းပြီး သူမ အိမ်နောက်ဖေးကိုပြန်ထွက်လာတော့ ပေါက်တူးဖြင့်ပေါက်သူပေါက်၊ ထွန်ခြစ်ဖြင့် ဆွဲသူဆွဲ၊ ဓားဖြင့်ခုတ်သူခုတ်၊ မြက်ကျုံးသူက ကျုံးဖြင့် မြက်ခင်းက တစ်ခဏဖြင့် ရှင်းပြီးနေလေပြီ။ အားလုံးရဲ့ မျက်နှာမှာက ရယ်ရယ်ပြုံးပြုံး။ သူမတစ်ယောက်သာ လူမမြင်အောင် ကျိတ်ငိုခဲ့ရသည့်မျက်နှာနီနီဖြင့်. . .

"အားလုံးရေချိုးပြီးရင် အိမ်မှာ ကြာဆံချက်လာစားကြပါနော်"

"ဟာ. . . ပွတာပဲဟေ့။ ဦးမောင်အကြိုက်ကွ"

"ဟေ့ကောင်"

ညာဏအော်လိုက်တာကို သူကလှမ်းတားရင်း သူမကိုဖျတ်ခနဲမော့ကြည့်လိုက်မိဟော့ မျက်ဝန်းမှ မျက်ရည်စကိုမြင်ဖြစ်အောင် မြင်လိုက်လေသည်။ ကလေးတွေ အိမ်ထဲပြန်ဝင်ကြပြီး ရေပြန်ချိုးကြတော့ သူက နောက်ဆုံးမှာချန်ရစ်၍ သူမနားမှာလာရပ်၏။

"မျှော်လင့်ချက်ဆိုတာ သိပ်ကြီးကြီးမားမားထားရင်. . .





မကောင်းဘူးခိုင်ရဲ့။ ကိုယ်မှန်းထားသလောက်ဖြစ်မလာရင် ကရုဏာဒေါသဖြစ်ရရော။ ကလေးဆိုတာ အင်မတန်နုနယ်တဲ့အပင်လေးနဲ့တူတယ်။ သူတို့ကို ညင်ညင်သာသာနဲ့ ရေလောင်း ပေါင်းသင်မြေဩဇာကျွေးနိုင်ရင် လှပတဲ့အပွင့်တွေ၊ အသီးတွေကို ခိုင်ရမှာလေ။ ကိုယ်. . . ခိုင်ခံစားနေရတာကို ကိုယ်ချင်းစာပါတယ်။ နားလည်းနားလည်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကိုယ်တိုင်လည်း တူလေးယောက်ကိုပျိုးပေးနေတဲ့ ဥယျာဉ်မှူးတစ်ယောက်ကိုး။ သူတို့ကို ဘေးကနေ အသာလေးတိန်းမတ်ပေးရုံနဲ့ ကိုယ်လိုရာပန်းတိုင်ကို အချိန်တန်ရောက်မှာပါ။ ကိုယ်ပြောတာ ခိုင်သဘောပေါက်ရဲ့လား"

"ဒါဆိုရင် အိုးကောင်းဟောင်းလိုချင်ရင် နာနာကိုက်ရတယ်။ ဓားထက်ထက်လိုချင်ရင်. . . နာနာသွေးရတယ်ဆိုတာတွေကရော ဘယ်နားသွားထားမှာလဲ"

"ဒါတွေက သူ့နေရာနဲ့သူအသုံးပြုတတ်ရင် လွယ်ပါတယ် ခိုင်ရယ်"

"ရှင်ဆေးမကုစားနဲ့တော့. . . သိလား"

"ဒါဆိုဘာလုပ်ရမှာလဲ"

သူမထံမှ မျက်စောင်းတစ်ပွင့် ထပ်ရပြန်၏။ သူမပြုံးဘဲ



www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်ဘဲ ပြုံးလိုက်မိတော့ သူ့မျက်နှာမှာ အံ့ဩရိပ်ထင်သွားလေသည်။ ဟုတ်သားပဲ။ သူကပြုံးလိုက်ရင် ပါးချိုင့်နှစ်ခုခွက်ဝင်ပြီး ကလေးဆန်သွားတာကိုး။

"ကဲပါ. . . ရေမြန်မြန်ချိုးပြီးလာခဲ့နော်"

"ကိုယ်မလာရင်. . . နိုင်စိတ်ဆိုးမှာလား"

"ဟင်. . . တကယ်မလာဘူးလား"

"အလကားစတာ"

သူ တစ်ချက်ရယ်မောလိုက်ပြီး ခြံဘေးပေါက်မှ ပြန်ခဲ့လေတော့၏။ ရေချိုးပြီးထွက်လာတော့ မင်းရန်နိုင်ဆီမှ ဧရမွှေးနံ့က ထောင်းခနဲထွက်လာလေသည်။

"ဟာ. . . ဦးနိုင်တော့ တစ်မှတ်လျော့ပြီ"

"ဘာဖြစ်လို့လဲကွ"

"အန်တီခိုင်က ရေမွှေးနံ့လုံးဝမခံနိုင်ပါဘူးခင်ဗျာ"

"ဟိုက်! သွားပါပြီ"

ဖိုးနိုင်က နဖူးကို ဖတ်ခနဲရိုက်လိုက်တော့ ဖိုးကျော်က အသံသြကြီးဖြင့်ဟားလေ၏။ ကလေးတွေက သပ်သပ်ရပ်ရပ်နှင့်မျက်စိမနောက်အောင်ဝတ်ထားသည်မို့ ရှင်းသန့်နေလေသည်။

"သွားနှင့်ကြလေ။ ငါ့နောက်ကလိုက်ခဲ့မယ်"





"ဒါဆို မင်းမလာတော့ဘူးလို့ ငါချွန်မှာနော်"

"ချွန်ကြည့်လေ။ ခိုင်ယုံမယုံကြည့်ကြသေးတာပေါ့"

"အမယ်. . . အပိုင်ကြီးပါလား။ စကားကြီးသုံးခွန်းပဲတတ်တဲ့မောင်ပေါက်ကျိုင်းရယ်"

ဖိုးကျော်ကဦးဆောင်၍ တစ်ဖက်ခြံကို ချီတက်သွားတော့မှ သူ ရှပ်အဖြူနှင့် ပုဆိုးနက်ပြာကွက်ကိုထုတ်ဝတ်လိုက်၏ ။ပေါ် ထပ်ဧည့်ခန်းဆီမှ ဖုန်းမြည်သံကြောင့် အကျီကြယ်သီးတပ်လက်စနှင့် ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဟဲလို"

"ကိုမောင်လား"

"အင်း"

"ငါ. . . ကေကေပါ"

"အေး. . . ပြော"

"ငါပြောတဲ့ဆေးခန်း အားလုံးပြီးနေပြီ။ အဲဒါ နင်လာရင်လာဘော့လေ။ ငါတောင်ထိုင်တာ နှစ်ရက်ရှိနေပြီဟ"

"ဟုတ်လား. . . အေး. . . ငါ Night duty ဝင်ရရင်တော့မဆင်းပေးနိုင်ဘူးနော်"

"သြော်. . . ဒီလောက်တော့ ငါသိပါတယ်ဟဲ့။ ငါ့ကို C.W



www.burmeseclassic.com

www.burmeseclassic.com



(Central Woman Hospital) (ဗဟိုအမျိုးသမီးဆေးရုံ) ရောက်နေလို့ အမြင်ဝါးတယ်မထင်နဲ့"

"မဟုတ်ပါဘူး။ လူနာနည်းတဲ့ရက်မျိုးလည်း မဆင်းနိုင်ဘူးကြိုပြောထားချင်လို့ပါ"

"အမယ်. . . ကြီးကြီးကျယ်ကျယ်, နင်ဆေးရုံကြီးမှာပဲ ဆင်းနေတာကိုများ။ ဘယ်မှာဆေးခန်းဖွင့်သေးလို့လဲ"

"မဖွင့်ပါဘူး. . . တူတွေတူမတွေကိုစာပြရသေးလို့ပါ"

"ဟဲ့. . . နင့်မှာ တူလေးယောက်ပဲရှိတာလေ။ ဘယ်က တူမတွေထပ်ရလာတာလဲ"

"ဩော်. . . ဘေးခြံကပါ"

"ဘယ်နှယောက်လဲ"

"အားလုံး. . . ခုနစ်ယောက်"

"ဘုရားရေ. . . များလှချည်လား၊ ဆယ်တန်းတွေပဲလား"

"ဆယ်တန်းက လေးယောက်တစ်ဝိုင်းပါ။ ငါ့တူနှစ်ယောက်နဲ့ဆိုတော့ ခြောက်ယောက်တစ်ဝိုင်းပေါ့။ ကိုးတန်းက သုံးယောက်၊ ငါ့ပူတွေနဲ့ဆို ငါးယောက်တစ်ဝိုင်း. . ."

"ဒါဆို နင့်ဝိုင်းကြေးတော်တော်ရမှာပေါ့"

"ငါတို့သုံးယောက်စလုံး အလှည့်ကျပြပေးတာပါဟာ"





"တော်တော်စုမိပြီလား. . . တစ်လဘယ်လောက်ရသလဲ"

"၁၅၀၀. . ."

"ဟယ်! "

"sorry. . . မရပါဘူး"

"ကိုမောင်နော်. . . ဒီလောက်ဆို ငါပေါက်ပြီ။ ပြော. . . မဟုတ်မှလွဲရော အဲ့ဒီအိမ်မှာ အပျိုကြီးတွေရှိနိုင်တယ်"

"နင်ဗေဒင်ဟောစားတော့. . . မိကေ"

"ဟယ်. . . အဟုတ်လား"

"အေး. . . ဒါပေမဲ့ တစ်ယောက်တည်း"

"ဟော. . . ငါထင်ရင် လွဲခဲတယ်။ သူ့ကို နင်တို့သုံးယောက်စလုံး ဝိုင်းပိုးနေပြီဟုတ်လား"

"ငါပြောတယ်. . . နင်ဗေဒင်ဟောစားတော့ဆို"

ကေသရီက ဘစ်ဖက်မှာ သဘောကျစွာဖြင့် ရယ်နေတော့သည်။

"တော်တော်ချောလား"

"မျက်စိထဲမှာ စွဲနေအောင်ယဉ်တယ်"

"ဩော. . . နင့်အကြိုက်ပေါ့။ ဝမ်းသာပါတယ်၊ နင်ပဲ ရပါစေလို့ ငါဆုတောင်းပေးတယ်သိလား။ ဒါပဲနော်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အေး. . ."

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ. . . မိကေရာ"

သူ့ အိမ်တံခါးကိုသော့ခတ်၍ တစ်ဖက်ခြံသို့ဝင်ခဲ့၏။ အိမ်ရှေ့မှဝင်၍ ထမင်းစားခန်းဆီလှမ်းခဲ့ရာ အားလုံးက စားလို့နောက်ထပ်တစ်ပန်းကန်ပင် ယူနေလေပြီ။ သူမဘေးခုံမှာ လွတ်နေသလို သူမပန်းကန်ထဲမှာ ဘာမှရှိမနေပါချေ။

"ဘယ်လိုလဲကိုမောင်, မဟုတ်မှလွဲရော. . . မင်းဆီ phone လာနေလို့ ကြာနေတာမဟုတ်လား"

သူမမျက်ဝန်းများ သူ့ဆီဖျတ်ခနဲရောက်လာ၏။ သူဘာမှပြန်မပြောဘဲ ခုံမှာဝင်ထိုင်လိုက်တော့ သူမက သူ့အတွက် ကြာဆံချက်ကို ပူပူလေးထည့်ပေးလေသည်။

"မိကေက ဆေးခန်းသွားထိုင်ဖို့ဆက်တာပါကွာ"

"ဟင်. . . ဒါဆို ဦးမောင်က နီတို့ကို ဘယ်အချိန်စာပြပေးမှာလဲ"

"ဩော်. . . ဦးမောင်နားတဲ့ရက်, အားတဲ့အချိန်မှာ လာပြပေးမှာပါ။ ဦးနိုင်နဲ့တစ်လှည့်စီပေါ့။ ဦးကျော်ကတော့ အမြဲလာပြပေးလိမ့်မယ်"

"ဟင်. . . နီက Bio ညံ့လွန်းလို့ ဦးမောင်ကိုအားကိုးချင်





လို့ပါဆိုနေမှ"

"ပြပေးမှာပါနီနီရယ်။ ဦးမောင်က ဆေးခန်းလည်းနေ့တိုင်းထိုင်မှာမှမဟုတ်တာ"

သူမက နန်နပင်နှင့် အချဉ်ပန်းကန်ကို သူ့ရှေ့သို့ရွှေ့ပေးလိုက်ကာ သူမပန်းကန်ထဲမှ ကြာဆံချက်ကိုအသာအယာမှုတ်နေလေ၏။ အားလုံးက ဝကုန်ပြီမို့ စားသောက်ခြင်းကို လက်စသတ်လိုက်ကြသည်။ ညိုက ရေခဲသေတ္တာထဲမှ အုန်းနို့ကျောက်ကျောနှစ်ပန်းကန်ကိုထုတ်ယူလိုက်ပြီး ဦးကျော်တို့ကို ဧည့်ခန်းဆီခေါ်ထုတ်သွားလေတော့သည်။

"ကျွန်မက ရှင်တကယ်မလာတော့ဘူးလို့ထင်နေတာ"

"လာမှာပေါ့ခိုင်ရယ်။ ကိုယ်ရေချိုးနေလို့ပါ"

"ကိုဘုန်းမြင့်ကျော်က မျက်နှာတည်ကြီးနဲ့ပြောတာကိုး"

"သူက ဒီလိုပဲ အစအနောက်သန်တယ်။ ပွင့်လင်းတယ်၊ ရိုးတယ်၊ လူဖြောင့်စိတ်တို့"

"ဒါဖြင့် ကိုမင်းရန်နိုင်ကရော. . ."

"ဖိုးနိုင်က ရုပ်ချောသဘောကောင်း၊ တစ်ဖက်သားကိုငဲ့ညှာတယ်၊ ကြင်နာတတ်တယ်"

"ရှင်ကရော. . ."



www.burmeseclassic.com

www.burmeseclassic.com



သူထိတ်ခနဲဖြစ်သွားပြီး သူမကိုဖျတ်ခနဲကြည့်လိုက်စဉ် သူမက သူ့ကို တည်တဲ့သည့်မျက်နှာဖြင့်ငေးကြည့်နေလေ၏။ ခိုင်ရင်၊ ဘယ်သူက ကိုယ့်ကောင်းကြောင်းကိုယ်ပြောမှာတဲ့လဲ. . .

"ဖိုးကျော်တို့မပြောဘူးလား"

"ပြောတော့ပြောတာပေါ့။ ဆေးကျောင်းမှာ ရှင်သိပ်စွံတဲ့အကြောင်း"

သူလှစ်ခနဲပြုံးလိုက်မိသည်။ ဒီကောင်က ဒီပွဲမှာ သူ့ကိုမပါစေချင်သည့်လူလေ။

"သူများတွေက ရှင့်မကောင်းကြောင်းပဲပြောမှာပေါ့ ကိုသည်းဦးမောင်ရဲ့။ ဘယ်သူမှ ရှင့်လို တစ်ဖက်သားကိုအကောင်းမပြောချင်ကြဘူး"

"ကိုယ်တို့က လည်ပင်းပေါက်ကြီးလာတဲ့ ငယ်ပေါင်းကြီးဖော်တွေပါခိုင်ရဲ့"

"တူကိုမတူတာပါရှင်။ ဒါပေမဲ့. . . ရှင့်တူ ဉာဏကတော့ ရှင့်ကောင်းကြောင်း တစ်ခွန်းစ,နှစ်ခွန်းစပြောပါသေးတယ်"

"ဟာ. . . ဒီကောင် မဟုတ်တာတွေပြောပြီထင်တယ်"

"လန့်မသွားပါနဲ့ရှင်။ ညအိပ်ရင် ရှင်ယောင်ယောင်ပြီးရွတ်တဲ့နာမည်တစ်ခုကိုပဲပြောသွားတာပါ"





သူ့မျက်နှာ ဖျန်းခနဲရဲတက်သွား၏။ သွားပြီထင်တယ်၊ ဖိုးညာတော့ ငါ့ကိုလုပ်ကြံပြီ။

သူ့ ကြာဆံချက်စားပြီးသွားပြီမို့ ပန်းကန်လုံးကိုကိုင်၍ထရပ်လိုက်၏။

"မဆေးပါနဲ့. . . ထားခဲ့ပါ။ အိမ်မှာ အိမ်အလုပ်တွေအများဆုံးလုပ်တဲ့သူ့ဦးလေးကို ဉာဏက အချစ်ဆုံးတဲ့ရှင့်။ ရှင်တို့ဝတ္ထုဝရီးက စရိုက်ရောအကြိုက်တွေပါတူတယ်တဲ့။ ဟုတ်လား. . ."

တော်ပါသေးရဲ့။ စကားလမ်းကြောင်းလွဲသွားပေလို့ပဲ။ သူခေါင်းကိုဆတ်ခနဲညိတ်လိုက်ပြီး မီးဖိုခန်းဘေဇင်မှာ ပါးစပ်နှင့်လက်ကိုဆေးလိုက်သည်။

"ကိုသည်းဦးမောင်"

"ဗျာ"

"ရှင့်ကို ကျွန်မဝေဖန်ရင်ကြိုက်ပါ့မလား"

"ရပါတယ်. . . ခိုင်ရဲ့"

"ရှင်က ဟိုနှစ်ယောက်လိုမဟုတ်ဘူး။ မြဲစိစိနဲ့လျှို့ဝှက်လွန်းတယ်။ တော်ရုံနဲ့အပိုစကားမပြောတတ်ဘူး။ တကယ်လို့ပြောခဲ့ရင်လည်း အဲဒီစကားတစ်ခွန်းဟာ တစ်ဖက်သားရင်ထဲထိ ရောက်နိုင်တဲ့စကားမျိုးဖြစ်တယ်။ ဟုတ်ရဲ့လား. . ."



www.burmeseclassic.com

www.burmeseclassic.com



သူဘာမှမပြောနိုင်တော့ဘဲ သူမမျက်နှာကိုသာ ငေးကြည့်နေမိတော့သည်။ သေချာပါတယ်၊ ကောင်းကင်ထက်မှာပါမက, ဒီအိမ်ထဲမှာပါ လနှစ်စင်းပြိုင်ပြီး,သာနေပါရောလား"

ဩော်. . . နိုင်ရယ်. . .



BURMESE CLASSIC .com

## အခန်း ( ၉ )

"မင်း, သူ့ကိုဘာတွေပြောခဲ့သလဲ"

"ငါဘာပြောလို့လဲ"

"ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်နေလို့။ တော်ရုံနဲ့ အိမ်ရှေ့ကို မင်းထွက်မလာတာပေါ့ကွ"

"ကျွတ်. . . ဘာမှမပြောပါဘူးကွာ"

"ဒီလောက်ဆို ငါရိပ်မိပါတယ် ကိုမောင်ရာ။ နိုင်ကလည်း မင်းမလာတော့ဘူးဆိုတာနဲ့ ကြာဆံချက်ကို စားကိုမစားတော့တာ"

"မဆိုင်ပါဘူးကွာ. . . သူမဆာသေးလို့နေမှာပေါ့"

"မဟုတ်ဘူး ကိုမောင်ရေ့။ ဒီကောင့်မျက်လုံးတွေကိုလန့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မစားရဲတာ"

"မင်းဘကြီးပဲလန့် . . . ဒီကောင် မင်းကိုချန်တဲ့စကားတွေချည်း အကွက်ဝင်တိုင်းလွတ်နေတာ။ ဖိုးညာက ဝင်ပြင်ပြောလို့သာ မဆိုးတာ"

"ရာသီဥတုက ငါ့ဘက်မှာရှိနေပါတယ်ဖိုးနိုင်ရာ။ ပူမနေပါနဲ့ . . ."

"အံမယ် . . . ကိုယ်ထင်ခုတင်ရွှေနန်းပေါ့။ ပြောစမ်းပါဦး၊ သူက မင်းဘက်ကို ဘာကိစ္စရောက်နေမှန်းသိခဲ့တာလဲ"

"တက္ကသိုလ်ဆုမြိုင်ကပြောတယ်၊ လျှို့ဝှက်သင့်သည့်ကိစ္စများကို လျှို့ဝှက်ထားရမည်တဲ့။ မဖတ်ဖူးဘူးလား . . ."

"ဟာ . . . ဒီကောင်တော့ ငါတို့ထက် တစ်ဂိုးသာနေပြီဖိုးနိုင်။ ကြည့်လုပ်ကြပါဦး"

"ကျွတ် . . . ငါတို့သုံးယောက်ထဲမှာ မင်းကအချိန်အပိုဆုံးပါ ဖိုးကျော်ရာ။ ဒီကောင်က အချိန်အဆင်းရဲဆုံး။ ခိုင့်အိမ်မှာ မင်းက အများဆုံးဝင်ထွက်ရမှာ။ သေချာလည်းစဉ်းစားကြည့်"

"ဟုတ်တယ်ကွ . . . ငါဆေးခန်းထိုင်ဖြစ်ရင် ကလေးတွေကို guide လုပ်ဖို့တောင် အချိန်ပေးနိုင်ပါ့မလားမသိပါဘူး"

"အဲဒီလို မျက်နှာတော့မလွှဲပါနဲ့ကိုမောင်ရာ။ မင်းက ဖိုးညာ





တို့နဲ့ Bio ဝိုင်းကျက်ပေးတာ ကလေးတွေစာအမြန်ရဘယ်ကွ"

"ကြည့်လုပ်ပေးတာပေါ့"

"တွေ့လား . . . ပြောလိုက်ရင်အေးစက်စက်နဲ့။ ဒီလိုရေခဲတုံးကိုများ ကြွေတဲ့မိန်းမက ရှိသေးတယ်။ ဖက်အိပ်ရင် အအေးမိမှာ မကြောက်ဘူးလားမသိ"

"ကဲ . . . ငါသွားတော့မယ်။ ဒီနေ့ duty ပြီးတာနဲ့ ငါဆေးခန်းတန်းဝင်မှာနော်။ ထမင်းချက်တာဝန်ကို ဖိုးကျော်ယူ . . ."

"အေးပါ . . ."

သူ ကားဖြင့်ထွက်ခဲ့စဉ် ရှေ့နားမှာလျှောက်နေသည့်သူတို့၏ပန်းခိုင်လေးကို မြင်လိုက်ရလေသည်။

"တီ . . . တီ . . ."

"ဘုရား . . ."

သူမက လမ်းဘေးကိုကပ်၍ရပ်လိုက်ပြီး လှည့်ကြည့်လိုက်ပါ၏။ ကားပေါ်မှာ အပြစ်ကင်းသည့်ပါးချိုင့်လေးနှစ်ဖက်ကိုတွေ့လိုက်ရလေသည်။

"ဒီတစ်ခါတော့ လမ်းကြုံမကြုံ ပို့ပေးပါရစေလားခိုင်"

"ရပါတယ် ကိုသည်းဦးမောင်။ ရှင် duty နောက်ကျနေပါ ဦးမယ်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"နောက်မကျပါဘူးခိုင်ရယ်။ ကိုယ့် duty က ဆယ်နာရီမှ ပါ။ လာ. . . ရှေ့ကပဲတက်လိုက်ပါနော်"

"အားနာစရာကြီး"

"အားမနာပါနဲ့ ခိုင်ရဲ့။ တွေ့ရာ Taxi တားပြီးစီးတာထက် ကိုယ့်ကားက ခိုင့်အတွက်ပိုလုံခြုံပါတယ်"

"ဟင်. . . အဲဒါဘာ့စကားကြီးတုန်း"

သူမက ကားပေါ်တက်ထိုင်၍ တံခါးကိုပိတ်ရင်းပြောလိုက်တော့ သူအမြန်ဖြေရှင်းရပါလေ၏။

"ဩော်. . . ခိုင်နဲ့ကိုယ်တို့က တစ်လမ်းတည်းနေ့အိမ်နီးချင်းတွေဆိုတော့ စောင့်ရှောက်ရမယ့်တာဝန်ရှိတယ်လေ"

"ဒါဆို ရှင်. တာဝန်အရ ကျွန်မတို့တူဝရီးတွေကိုခင်တာဆိုပါတော့"

"ဟာ. . . မဟုတ်ပါဘူးခိုင်ရဲ့။ ကိုယ်ကမောင်နှမလို ရင်းရင်းနှီးနှီးသဘောထားပါတယ်"

သူမ ဘာမှမပြောတော့ဘဲ ငြိမ်သက်သွားလေ၏။ ဟိုနှစ်ယောက်မျက်လုံးတွေထဲမှာ သူမကိုနှစ်လိုသည့်အကြည့်တွေမြင်နေရပေမယ့် သူကတော့ တုံဏှိဘာဝေ။ အင်းပေါ့လေ. . . သူက ဆရာဝန်တစ်ယောက်ပေကိုး။ ပြီးတော့ ဆေးကျောင်းမှာကတည်းက စွဲ





လာခဲ့တာ။ ခုချိန်ထိ သူ့ဘေးမှာ ဆရာဝန်မတွေ nurse တွေ ဝိုင်းဝိုင်းလည်နေမှာပါပဲ။

အို. . . ငါဘာတွေတွေးနေမိတာပါလိမ့်။ မဆိုင်တာတွေဆွဲတွေးနေမိတာ ရှက်ဖွယ်ပါလား။

"ခိုင်"

". . ."

"ခိုင်"

"ဟင်"

"ဘာတွေတွေးနေတာလဲ"

"ဟင့်အင်း. . . ဘာမှမတွေးပါဘူး ကိုသည်းဦးမောင်"

"မမောဘူးလားခိုင်ရယ်။ သူများတွေခေါ်သလို ကိုမောင်လို့ပဲခေါ်ပါလား"

သူမ, သူ့ကိုမျက်စောင်းခဲလိုက်မိ၏။ မခေါ်ချင်ပါဘူး။ သူများခေါ်ပြီးသားနာမည်ကိုများ. . . ။

"နော်"

"မခေါ်ချင်ဘူး"

"ဟောဗျာ. . . ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး။ မခေါ်ချင်လို့ကိုမခေါ်ကာ"



www.burmeseclassic.com

www.burmeseclassic.com



ရုံတ်တရက်မို့ သူဘာမှနားမလည်နိုင်တော့ပေ။ ကားကိုဆိုင်ရှေ့ထိုးရပ်ပေးလိုက်စဉ် သူမဘာမှမပြောဘဲ ကားပေါ်မှဆင်းလိုက်၏။ ကားတံခါးကိုပြန်ပိတ်လိုက်ပြီး မှန်ပြတင်းမှ ပြန်ငုံ့ကြည့်၍ပြောလိုက်လေသည်။

"ရှင်တောင် ကျွန်မကို ညီမလေးခေါ်ဖို့ရည်ရွယ်ထားသေးတာပဲ။ ဒီတော့ ကျွန်မက သူများတွေလို ရှင့်ကိုလိုက်ခေါ်စရာမလိုပါဘူးမဟုတ်လား။ လိုက်ပို့ပေးတဲ့အတွက် ကျေးဇူးပဲ။ သွားပြီ"

သူ, ခေါင်းကိုခါယမ်းလျက် ကားကိုမောင်းထွက်ခဲ့၏။ တစ်မျိုးပါလား. . . ခိုင်ရယ်။ ကိုယ်က ခိုင်တစ်မျိုးထင်မှာစိုးလို့ စကားကိုပြန်ကာတာ၊ ခိုင်က နောက်တစ်မျိုးတစ်လွဲထင်ပြန်သေး။ ဒါနဲ့ပဲဂျာအေး သူ့အမေရိုက်ဖြစ်ကုန်ရောပေါ့။

ဆေးရုံကိုရောက်တော့ ခဏနားပြီး Operation ဝင်ရတော့သည်။ ညနေ duty ပြီးတော့ ဆေးရုံမှာပင်ရေချိုး၍ အပိုယူလာသည့်ဝတ်စုံတစ်စုံလဲကာ ကေသရီရှိရာဆေးခန်းသို့ ထွက်လာခဲ့၏။ လူနာသိပ်မရှိတာမို့ သူ:ခသံတစ်ချက်ပြု၍ ဆေးခန်းတွင်းဝင်လာခဲ့သည်။

"ဟဲ့. . . ဆေးရုံကတန်းလာတာပဲလား"

"အေး. . ."





"ဒါဖြင့် ဘာမှစားမလာခဲ့ဘူးပေါ့"

"နင်ကျွေးမလို့လား။ အိမ်ရောက်မှပဲ ထမင်းစားပါတော့မယ်ဟာ"

"ဃူဒွေးကလည်း နင်ကျွေးမှပေါ့"

"ဖြစ်တာပဲ။ ငါကပ်စေးမနည်းပါဘူး"

"သိပါတယ်။ ဘုန်းမြင့်ကျော်လို့မဟုတ်မှန်း"

"နင့်ဆေးခန်း ဘယ်အချိန်ပိတ်မှာလဲ"

"ခုနစ်နာရီ. . . လူနာနည်းလို့တမင်စောစောပိတ်တာ။ များရင်တော့ ကိုးနာရီပေါ့။ အချိန်က ပုံသေထားလို့မရပါဘူး။ ဘာဖြစ်လို့လဲ"

"ငါ, ကလေးတွေကိုစာပြဖို့ အချိန်တွက်နေလာ"

"ကလေးတွေဆိုရင် ကလေးတွေရဲ့အဒေါ်ကိုပါသိချင်တယ်။ ခဏစောင့်. . . ငါ,နင်တို့အိမ်လိုက်ခဲ့မယ်"

"ဟာ. . . မဖြစ်ဘူးထင်တယ်"

"အံမာ. . . နင့်လေဒီကို လိုက်အကဲခတ်မလို့ပါဆိုနေမှ"

"နင့်ကို သူမြင်တော့ အထင်တွေလွဲကုန်မှာပေါ့"

"လွဲစရာလား. . . ဒီလူနဲ့ဒီလူ။ မရဘူး. . . လိုက်မှာပဲ"

လူနာကုန်တော့ ဆေးခန်းပိတ်ပြီး သူ့ကားနောက်မှ ကေသရီ



www.burmeseclassic.com

www.burmeseclassic.com



က ကားဖြင့်ပါလာလေ၏။ မနက်ကတည်းက အဆင်မချောပါဘူး ဆိုနေမှ မိကေရှုပ်တာနဲ့ လွဲချော်ကုန်တော့မှာပါပဲ။

အိမ်ကိုပြန်ရောက်တော့ နန္ဒနှင့် ရာဇာသာရှိနေလေသည်။

"ညာဏာတို့ရော"

"ဟိုဘက်အိမ်မှာ ဝိုင်းစနေပြီလေ။ ဦးကျော်သင်နေတယ်"

"ဒီနေ့ သူသင်တော့ ဖိုးနိုင် Guide လုပ်မှာလား"

"ဦးမောင်လုပ်ပေးရမှာ။ ဦးနိုင်က ဆိုက်ထဲမှာ slab လောင်းတာစောင့်ကြည့်ရမှာမို့ ဒီညပြန်မလာဘူးလို့ Phone ဆက်တယ်"

"ဩော်. . . အေးအေး, မိကေစားတော့မလား၊ ဗိုက်ဆာပြီလား"

"ငါစားချင်လို့လိုက်လာတာမှမဟုတ်ဘဲ။ ကြည့်ချင်လို့ပါဆို၊ ဘယ်မှာလဲ နင့်အသည်း. . ."

"ဟာ. . . တိုးတိုး၊ နဂိုကမှ သိပ် Key မကိုက်ရတဲ့ကြားထဲ"

"အစကတော့ ဒီလိုပဲပေါ့။ ဟုတ်လား. . . နန္ဒရေ။ မင်းတို့ဦးလေးတွေ ကျိတ်ပိုးနေတဲ့အန်တီက တော်တော်မှချောရဲ့လား"

"အင်း. . . အန်တီကေထက် နည်းနည်းလေးပိုချောရုံပါ"

"အမယ်လေး. . . ညာဏာညီလို့မပြောရဘူး။ အဖြေက. . . ထောင့်ကိုစွေ့လို့။ အန်တီကေက သူ့ကိုမြင်ဖူးချင်လို့လိုက်လာတာ"





"ဒါဆို သားခေါ်ပေးမယ်လေ"

"ဟဲ့. . . ကောင်းပါ့မလား"

"ရပါတယ်၊ ကိုကိုတို့ပြီးရင် သားတို့သွားတက်ရမှာလေ။ ခဏလေးစောင့်"

နန္ဒက ခြံစည်းရိုးနားကပ်၍ တစ်ဖက်ခြံကိုလှမ်းအော်နေစဉ် ကေသရီက ခပ်လှမ်းလှမ်းမှရပ်ကြည့်နေလေ၏။

"အန်တီခိုင်ရေ. . . အန်တီခိုင်"

"ဟဲ့. . . ဘယ်သူလဲ, နန္ဒလား"

"ဟုတ်"

"ဘာလုပ်မလို့လဲ"

အောက်ထပ်ခေါင်းရင်း ပြတင်းလိုက်ကာလေး ပွင့်သွားစဉ် ကေသရီအရမ်းအံ့ဩသွားရလေ၏။ ဘုရားရေ. . . မိခိုင်ဖြစ်နေပါရောလား။

"သားတို့လာရတော့မလားလို့မေးတာ"

"လာရင်လာတော့လေ၊ ဒီမှာတစ်ပုဒ်တွက်ပြီးရင် ခဏနားတော့မှာ"

"မိခိုင်"

"ဟယ်. . . ကေကေ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးဟယ်. . . ဝမ်းသာလိုက်တာ။ နှင်နဲ့ကွဲသွားတာ ရှစ်နှစ်ကျော်နေပြီ"

"နှင်, ဘယ်သူ့ဆီလာလည်တာလဲ"

"ကိုမောင့်နောက် လိုက်လာခဲ့တာလေ"

"ဩော်. . ."

"ငါလာခဲ့မယ်မိနိုင်ရယ်"

"လာလေ, ခြံဘေးမှာ တံခါးပေါက်ရှိတယ်။ လာလာ. . ."

သူမအိမ်ရှေ့မှ အပြေးထွက်လာကာ အိမ်ဘေးထိ ကေသရီ့ကိုကြိုလိုက်ပါ၏။ ကေသရီက သူမလက်ဖျားလေးကိုလှမ်းဆုပ်ကိုင်လိုက်လေသည်။

"နှင်အရင်အတိုင်းပဲနော်, ဘာမှမပြောင်းလဲဘူး။ ပိုပြီးတော့တောင် ချောလာတယ်"

"ငါထမင်းကျွေးမှာပါဟယ်. . . မမြှောက်ပါနဲ့။ လာ. . . အိမ်ထဲဝင်ရအောင်"

အိမ်ထဲကိုဝင်လိုက်တော့ စာသင်ခန်းက ဧည့်ခန်းထောင့်မှာ။ အကာအရံမရှိမြင်နေရလေ၏။ White board မှစာတွေကို ဖျက်၍ ဘုန်းမြင့်မကျော်ခဏနားစဉ် အကြိုင်က ကော်ဖီနှင့်မုန့် လာချပေးလေသည်။





"အပေါ်တက်မလွှားကေကေ။ နှင်အချိန်ရရဲ့လား"

"ရတယ်. . . အပေါ်တော့မတက်တော့ပါဘူး။ နေပါစေ"

"ဟိုအပျိုကြီး ဘာလာရှုပ်တာလဲ"

"အံမာ. . . ဂါကရိုးရိုးသားသား လာလည်တာပါနော်။ နှင်တို့လိုမဟုတ်ဘူးငကျော်ရဲ့"

"မသိပါဘူး. . . ငါကမိန်းမကြိုက်တော့ ဆိုက်ဆိုက်လာလို့ ထုံးစံပြောင်းသွားပြီမှတ်တာ"

"အေး. . . နှင်ပဲပြော,သိလား။ အဲဒီကိုမောင်နဲ့တွဲစတာ ခုချိန်ထိမလွတ်သေးဘူး"

သူမရင်ထဲမှာ တစ်မျိုးလေးဖြစ်မိသွား၏။ ဩော်. . . ဒါကြောင့် သူမကို သူက ညီမလေးပဲတော်ချင်တာကိုး။ ဟုတ်တာပေါ့လေ။ ကေကေနှင့်သူက အသွင်တူလုပ်ငန်းတူတွေမဟုတ်လား။

"ကိုမောင်မပြောတာ နှင့်မှာတူမခုနစ်ယောက်တောင်ဆို။ ငါသိတာ လေးယောက်ပဲလားလို့,ခိုင်ရဲ့"

"ဟုက်တယ်. . . အငယ်တွေက နောက်မှရောက်တာ။ ဖြူဖြူက ကိုထွေးမွေးတာလေ။ ညိုရေ. . . ပြီးရင် သမီးတို့ညီအစ်မတွေ ဒီမှာလာတန်းစီဦး"

"ဟုတ်ကဲ့ပါတီတီ"



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှဆင်းလာသည့်သုံးယောက်ပါ တန်းစီရပ်လိုက်တော့ ကေသရီက ပြုံးပြုံးလေးကြည့်နေမိ၏။ အင်း. . . မိခိုင်လက်ကွက် ဆိုတော့ အကုန်ဗိုင်းကောင်းကျောက်ဖိပုံစံတူလေးတွေပါလား။

“ဒါက ကိုကြီးသမီးနှစ်ယောက် မြခ္ခာညိုနဲ့ဇီဇဝါ။ ဒါက ကိုလတ်သမီးတွေ နှင်းဆီနီနဲ့ ပုလဲနက်။ ဒါက ကိုလေးသမီး စကားစိမ်း၊ သူက ကိုငယ်သမီး ခရမ်းပြာ။ ဒါက ကိုထွေးသမီး ပုန်းညက်ဖြူ”

“ချောချောလေးတွေဟယ်။ ချစ်စရာလေးတွေချည်းပဲ”

“တီတီ့ကိုမမီပါဘူးအန်တီကေရဲ့”

“အေး. . . ဒါတော့ဟုတ်တယ်။ တစ်မျိုးစီပေါ့ ညီရယ်။ သမီးတို့က အခုမှ အဖူးလေးတွေအရွယ်ကိုး. . . မိခိုင်က ပွင့်အာနေတဲ့ နှင်းဆီပွင့်ကြီးပေါ့။ မဟုတ်ဘူးလား”

“ဟုတ်”

“ပြောတော့မယ် ပေါက်ကရ။ ဟော. . . နန္ဒတို့လာပြီလား”

“ဟုတ်ကဲ့ အန်တီခိုင်။ အန်တီကေ့ကို ဦးမောင်က ထမင်းစားဖို့ခေါ်နေကယ်”

“ဟယ်. . . ဒီမှာပဲစားမယ်လို့သွားပြောလိုက်ညာကာရယ်”

“ဒါဆိုဦးမောင်တစ်ယောက်တည်း ပျင်းနေမှာပေါ့။ ညာတို့က စားပြီးနေပြီ”





“ဒီကိုခေါ်လိုက်လေ. . . သားရယ်”

“လွှတ်လိုက်မယ်လေ၊ ညာတို့စာကျက်ဖို့ စာအုပ်တွေပြန်ယူလိုက်ဦးမယ်”

“အေးအေး. . .”

သူမထမင်းစားပွဲပြင်နေတာကို ကေသရီငေးကြည့်နေမိ၏။ အင်း. . . ကိုမောင်တို့အုပ်စု စွဲမယ်ဆိုလည်းစွဲချင်စရာပဲကိုး။ ခိုင်က ဣန္ဒြေလည်းရှိ၊ လှယဉ်ကျေးမယ်တွေထက်တောင်မှ လှနေတော့ ဘယ်ပုရိသကမှ သဘောမကျတာမရှိဘဲကိုး။

“နင်အခုဘာလုပ်နေလဲ”

“. . . . . လမ်းမှာ Gift shop ဖွင့်ထားတယ်”

“ဟယ်. . . Lily ဆိုတာ နင့်ဆိုင်လား”

“အင်း”

“ဒါဆို နင်တော်တော်နာမည်ရနေတာကိုး. . . ငါ့အပေါင်းအသင်းတွေပါးစပ်ဖျားမှာ ဒီ Lily က ရေပန်းစားနေတယ်”

“ဆိုင်နာမည်ရတယ်ပြောပါ ကေကေရယ်”

“အမယ်. ဆိုင်ထက် ဆိုင်ပိုင်ရှင်က ပိုနာမည်ရတာရှင့်။ မယုံမရှိနဲ့။ Lily သွားမယ်ဆို အမျိုးသားတွေက ထိပ်ဆုံးကပြေးတာ”

အဲဒီထဲမှာ နင့်ကိုမောင် မပါပါဘူးကေကေရယ်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းဝသို့ ခရမ်းပြာရောက်လာလေ၏။

"တီတီ. . . ဦးမောင်က စားနှင့်တော့တဲ့။ သူမဆာသေးဘူးလို့ပြောတယ်"

"ဟောတော်. . . လမ်းမှာတုန်းကဖြင့် ဆာတယ်ပြောပြီး၊ အဲဒီရေခဲတုံးဟာလေ အမျိုးမျိုး. . ."

"သူ ဒီည Guide လုပ်ပေးမှာလားပြာပြာ"

"ဟုတ်. . . တီတီ၊ ခဏနေ လာခဲ့မယ်လို့ပြောတယ်"

"အေးအေး. . ."

သူငယ်ချင်းနှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်တွေပြောပြီး ထမင်းစားပွဲက ခဏနှင့်ပြီးသွားပါ၏။ ကေသရီပြန်သွားပြီးတော့ သူမ အပေါ်ထပ်သို့တက်လာခဲ့သည်။

အိမ်ထဲဝင်လိုက်စဉ် ကလေးတွေကိုသာမြင်ရပြီး သူမကို မတွေ့ရပေ။ သူ White board မှာ Bio ပုံဆွဲနည်းတွေသင်ပေး၍ ဆယ်တန်းကွေကို အရင်စာတိုင်ပေးကာ ဝိုင်းကျက်ပေး၏။ အကြီးတွေကိုစာကျက်ခိုင်းထားပြီး အငယ်ငါးယောက်ကို စာတိုင်ပေးပြန်သည်။

အသံအနည်းငယ်ဆူညံနေသော်လည်း ကလေးတွေက ပျော်နေပုံရသဖြင့် အာရုံနောက်ပုံမရပေ။ တစ်ရက်ကို တစ်ခန်းအပြီး





ကျက်ခိုင်းသဖြင့် ဆယ်တန်းခြောက်ယောက် မျက်လုံးပြူးအောင် ကျက်နေရသည်။ နန္ဒတို့နှစ်ယောက်က စာအရင်ပြီးပြီမို့ တခြားစာကျက်ရန် အိမ်ပြန်လေပြီ။ ဖြူဖြူတို့သုံးယောက်ပါ အပေါ်ကိုတက်သွားလေ၏။

"ဦးမောင်. . ."

"ဘာလဲ"

"ဦးမောင်က ဉာဏ်သိပ်ကောင်းတာပဲနော်။ စာတိုင်ပေး၊ဝိုင်းကျက်ပေးရင်း ဦးမောင်ကပဲအရင်ရတယ်"

"မှတ်ဉာဏ်ကိုသွေးပေးရတယ်နီနီရဲ့။ ရပြီလား. . . ရရင်ဆို. . ."

"ဟုတ်"

နီနီစာဆိုနေစဉ် အပေါ်ထပ်လှေကားမှ သူမပြန်ဆင်းလာ၏။ အိမ်နောက်ဖေးဝင်၍ အကြိုင့်ကို သူထံလွှတ်လိုက်ပါသည်။

"ဦးမောင်. . ."

"ဘာလဲအကြိုင်"

"မမက မေးခိုင်းလို့။ ထမင်းစားမလား ဒါမှမဟုတ် တစ်ခုခုသောက်ချင်လားတဲ့"

"ကြိုက်တာကျွေးလို့ပြောလိုက်အကြိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

အကြိုင်က မီးဖိုဘက်ပြန်ဝင်လာပြီး သူမကိုလာပြန်ပြောပါ၏။ သူမမျက်မှောင်ကြုတ်ထားလိုက်ပါသည်။ တွေ့လာ. . . စကားပြောတာကိုက မရှင်းမရှင်းနဲ့။ စားချင်တာမပြောဘဲ ကြိုက်တာကျွေးဆိုတော့ ဘယ်လိုလုပ်ရမှာလဲ။ ကေသရီလာတာနဲ့ အာဟာရသိဒ္ဓိတွေပြီးနေပြီထင်ပါ့။

နီနီက စာဆိုပြီးသည်နှင့် သူ့ကိုတီးတိုးပြောလိုက်လေ၏။ သူ့မျက်နှာမှာ လှစ်ခနဲအပြုံးတစ်ခုပေါ်လာသည်။

"ဦးမောင်. . . တီတီထမင်းသုပ်တာ အရမ်းကောင်းတယ်။ သုပ်ခိုင်းပါလား"

"ဟာ. . . နေပါစေ၊ နင့်အန်တီပင်ပန်းမှာပေါ့"

"တီတီက အိမ်ရှင်မအလုပ်ဝါသနာပါပါတယ်ဦးမောင်ရဲ့"

"ဦးမောင်. . . မမက အဲဒီလိုမပြောနဲ့တဲ့။ စားချင်တာပြောတဲ့. . ."

"ဦးမောင်က ထမင်းသုပ်စားမယ်လို့ပြောလိုက်ပါမကြိုင်"

"ဩော်. . . အင်းအင်း. . ."

"နင်ကတော့လေ. . . နင့်အဒေါ် ဥါ့ကိုမျက်မုန်းကျိုးအောင်လုပ်။ သိလား. . ."





"နီက စေတနာနဲ့ ဦးမောင်ကိုစားစေချင်လို့ဟာကို"

စာဆိုတာပြီးကုန်ပြီမို့ သူပြန်ရန်ထရပ်လိုက်၏။ အင်း. . . ထပြန်သွားရင် အခြေအနေက ပိုဆိုးသွားမယ်ထင်ပါရဲ့။

"ဦးမောင်. . . မမက ထမင်းကားခန်းထဲမှာပဲလာစားပါတဲ့"

ကဲ! ဟုတ်ကိုမဟုတ်တော့ပါဘူး။ ကိုယ်တိုင်လာပြောတော့ ဘာဖြစ်မှာမို့လို့လဲ။ သူ့ ထမင်းစားခန်းကိုရောက်တော ထမင်းသုပ်ပူပူနွေးနွေးနှင့်ဟင်းခါးပူပူက အဆင်သင့်ဖြစ်နေလေပြီ။

"အားနာပါတယ်ခိုင်။ နောက်ကိုဘာမှမလုပ်ပေးပါနဲ့"

သူမမျက်ဝန်းမှာ သူ့ထံစူးခနဲရောက်လာ၏။

သူထိုင်ခုံမှာဝင်ထိုင်လိုက်တော့မှ သူမအသံတီးတိုးထွက်လာလေသည်။

"ကိုဘုန်းမြင့်ကျော်ဆို ဒီစကားမျိုးတစ်ခါမှမပြောဘူး"

"သူက ဆရာလေ. . . ခိုင်ရယ်"

"ရှင်လည်း Guide လုပ်ပေးတဲ့ဆရာပဲ"

"မတူဘူးလေ"

"မစားချင်လည်း ရှင်းရှင်းပြောပါ. . . ကိုသည်းဦးမောင်။ ကျွန်မက စေတနာနဲ့ပြင်ကျွေးတာပါ"

"မဟုတ်ပါဘူးခိုင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်ဝန်းမှာ မျက်ရည်တို့ဝေ့သွားရ၏။ ရေခဲသေတ္တာထဲမှ ဆန္ဒင်းမကင်းနှင့် ကျောက်ကျောပန်းကန်ကိုယူကာ စားပွဲပေါ် တင်လိုက်လေသည်။

သူ ဘာကိုမှဆက်မပြောရဲတော့။

ဘယ်လိုတွေဖြစ်ကုန်တာလဲ. . . ခိုင်ရယ်။



အခန်း ( ၁၀ )

"နီနီဂျေ. . . ပြီးရင်သွားကြမယ်ဟေ့"

"အေး. . . ခဏလေး၊ တီတီဆင်းလာတာကို စောင့်နေလို့ ဉာဏရေ"

Driver ခန့်၍ အိမ်မှကားတစ်စီးဖြင့် ကလေးတွေကိုကြိုဖို့လုပ်ပေးတာမို့ အတူတူသွားကြပြန်လေပြီ။ Guide လုပ်ပေးတာချင်း အတူတူ ဖိုးနိုင်နှင့်သူမက ပို၍ရင်းနှီးနေလေပြီ။ ဖိုးကျော်ဆိုရင်တော့ ပြောဖွယ်ရာမရှိ။ တွေ့ရချိန်နည်းလို့လား။ ဟုတ်မည်မထင်ပါ။ ဖိုးနိုင်လည်း အားတဲ့ရက်တွေပဲ English နှင့် Chemistry ကို Guide လုပ်ပေးရတာပဲ။ ဖိုးကျော်က Maths နှင့် Physics။



www.burmeseclassic.com

www.burmeseclassic.com



သူက Bio တစ်ဘာသာ,သာ။ လပတ်ဖြေတိုင်း Bio မှာ ကလေးတွေ အမှတ်အများဆုံးရတာမို့ သူကျေနပ်မိပါသော်လည်း သူမ၏စိမ်း သက်စွာဆက်ဆံမှုတွေကိုဖြင့် လက်သင့်မခံချင်ပြီ။

သူမဆိုင်သွားချိန်ကိုတောင် ဖိုးနိုင်က အများဆုံးဝင်ပို့တတ် တာကိုပဲကြည့်။ သူမကပဲတည်လွန်းတာလား၊ သူကပဲအေးခဲလွန်း၍လား၊ မဝေခွဲတတ်ပြန်ခဲ့။

"ကိုမောင်"

"..."

"ကိုမောင်. . . ဟာ. . . ဒီကောင်တော့ ဘာကြောင်ငေးပြီး တွေးနေတာလဲ"

"ဟင်. . . ဘာလဲ"

"ငါ ဒီနေ့ ဆိုဒ်ယဲစောစောဝင်ဖို့ရှိတယ်။ ခိုင့်ကိုမပို့အားဘူး။ အဲ့ဒါ. . . မင်းသွားရင် ခေါ်သွားလိုက်ဦးနော်"

"သူကလိုက်ချင်ပါ့မလား"

"ကြည့်. . . မင်း အဲဒီလိုအပြောမတတ်လို့ ဟိုကစိမ်းတာ။ ဘာလဲ. . မပို့ချင်ဘူးလား"

"မဟုတ်ပါဘူး. . . ငါ ဒီနေ့ Night duty . . ."

"ဒါဆို Taxi နဲ့သွားလို့ပဲ ငါပြောလိုက်တော့မယ်"





"ဟာ. . . အဲဒါတော့ဘယ်ကောင်းပါ့မလဲ။ ငါပို့ပေးပါ့မယ်"

"မင်းတော့နော်. . . ငူငူငိုင်ငိုင်နဲ့။ ဘယ်လိုဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

"ဒါဖြင့်ငါလစ်ပြီ"

"အေး. . ."

ဖိုးနိုင်ကားလေးထွက်သွားတော့ သူ့ ကားကိုထုတ်၍ သူမ ထွက်အလာကိုစောင့်နေမိ၏။ ကလေးတွေပို့သည့်ကားက အရင် ထွက်တာမို့ သူ့ကိုတော့တာပြသဖြင့် ပြန်ပြလိုက်ရသည်။ တစ်ဖက် ခြံတံခါးမှ အဝါရောင်အရိပ်လေးထွက်လာလေ၏။

"ခိုင်. . . ဒီနေ့ဖိုးနိုင်မအားဘူး၊ အဲဒါ. . ."

"ရပါတယ်. . . ကျွန်မ Taxi နဲ့ပဲသွားမှာပါ" ,

"မဟုတ်ပါဘူး. . . ကိုယ်ပို့ပေးပါ့မယ်"

"ရှင့် duty နောက်ကျနေဦးမယ်"

"ကိုယ်, ဒီနေ့ Night duty ပါ,ခိုင်ရဲ့"

"ဟုတ်လား. . . ဒါဆို တကူးတကကြီးမပို့ပါနဲ့ ကိုသည်းဦး မောင်။ နေပါစေ. . ."

တောက်! ဒီပါးစပ်ကလည်း ဘာလို့အမှန်အတိုင်းပြောလိုက် မိတာပါလိမ့်။ သူဘာဆက်ပြောရမှန်းမသိဘဲ သူမလက်ထဲမှ ထား



www.burmeseclassic.com

www.burmeseclassic.com



ချိုင့်ကိုလှမ်းယူလိုက်မိ၏။

"ဟယ်. . . ဘာလုပ်တာလဲ"

"လိုက်ခဲ့ပါနိုင်ရယ်"

"ရှင့်ကြည့်ရတာ နေမကောင်းဘူးထင်တယ်. . . ကိုသည်းဦးမောင်။ မျက်နှာလည်းမလန်းဘူး. . . ဘာဖြစ်နေလဲ"

သူ့ သူမတက်ရမည့်ဘက်တံခါးကို အရင်ဖွင့်ပေးလိုက်ပါ၏။ ကားပေါ်တက်၊ စက်နှိုးပြီးထွက်တော့ သူမက မေးခွန်းထပ်မေးပြန်လေသည်။

"ကျွန်မမေးနေတယ်လေ. . ."

"ဟင့်အင်း. . . ဘာမှမဖြစ်ပါဘူး"

"မဟုတ်သေးဘူး၊ ရှင်တစ်ခုခုတော့ဖြစ်နေတယ်။ ရှင့်ပုံစံက ပုံမှန်မှမဟုတ်ဘဲ"

"ဘာလဲ. . . နိုင်က ကိုယ့်ကိုစိတ်ကျန်းမာရေးဆေးရုံကိုသွားစေချင်ပြီလား"

သူမသဘောတကျဖြင့် ရယ်လိုက်လေ၏။ ကား Dish board ပေါ်တွင် တင်ထားသည့် Hand phone သေးသေးလေးကိုမြင်သွားသဖြင့် သူမ လှမ်းယူကိုင်လိုက်မိသည်။

"Hand phone က အသစ်ပါလား။ ရှင်ကိုင်တာ တစ်ခါမှ





မတွေ့ဖူးပါဘူး"

"ဟုတ်တယ်. . . ဖေဖေ ဟိုတစ်လောကမှပို့ပေးလိုက်တာ"

"ဩော်. . ."

ရုတ်တရက် ဖုန်းကမြည်လာသဖြင့် သူမလန့်အော်လိုက်မိ၏။ သူတစ်ချက်ပြုံးလိုက်မိပြီး ခေါင်းညိတ်ပြလိုက်ပါသည်။

"ဖွင့်လိုက်လေ. . . နိုင်"

"ရှင်ပြောလေ"

"ဖွင့်သာဖွင့်လိုက်ပါ"

သူမ သူ့ကိုတစ်ချက်ကြည့်၍ Hand phone ကိုဖွင့်လိုက်မိသည်။ တစ်ဖက်မှ အသံခပ်တိုးတိုးကိုကြားရလေ၏။

"ဟဲလို. . ."

"ဟဲလို. . ."

"ဟော. . . ဒါ ဖိုးမောင်ဖုန်းမဟုတ်ဘူးလား"

"ဟုတ်ပါတယ်ရှင်"

"အခုပြောနေတာ နိုင်ဆိုတာလား"

"ဟုတ်ကဲ့"

"အန်ကယ့်သားရော"

"ဘေးမှာရှိနေပါတယ်ရှင့်။ ခဏနော်. . . အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေနေ. . . သမီးနဲ့ပဲပြောဦးမယ်"

"ဩော်. . . ဟုတ်ကဲ့"

"ဒီကောင့်အခြေအနေ တော်တော်ဟုတ်နေပြီလား"

"ရှင်! "

"ဖုန်းတွေဘာတွေပေးကိုင်တဲ့အဆင့်ဆိုတော့ မဆိုးပါဘူး။ သမီးရေ. . . ဒီကောင်က မပွင့်တပွင့်နဲ့အုံ့ပုန်းကွ။ ဘယ်တော့မဆို မြုံစိစိနဲ့အရမ်းအေးတာ။ အဲဒါ သမီး Control လုပ်နိုင်မှနော်။ အေးလွန်းလို့ သူငယ်ငယ်ကတည်းက ရေခဲတုံးလို့အခေါ်ခံရတာ လေ. . ."

"ဩော်. . . ဟုတ်ကဲ့"

"မြန်တယ်လို့တော့မထင်ပါနဲ့သမီးရယ်။ ဒီနှစ်ထဲ Wedding လုပ်ပေးဖို့စီစဉ်ထားတာကိုလက်ခံပါ။ အန်ကယ် မြေးချီချင်ပြီကွယ့်"

"ရှင်. . ."

"ဘယ်သူလဲခိုင်"

"ရှင့်အဖေ"

"ဟာ. . . ပေးပေး. . . ဟဲလိုဖေဖေ"

"ဟေ့ကောင်. . . ငါ, ငါ့ချွေးမလောင်းနဲ့စကားပြောနေတယ် လေကွာ"





"အာ. . . ဖေဖေ, ဘာတွေလျှောက်ပြောနေတာလဲ။ မဟုတ် ပါဘူး. . . ကျွတ်. . . ရှုပ်ကုန်ပါပြီ"

"ဘာမဟုတ်ရမှာလဲကွ။ ဒါရှက်စရာလား. . . မင်း, ငါ့သား လုပ်နေပြီး ရှက်တတ်တာလွန်ရော။ ဘာဖြစ်လဲ. . . လူဆိုတာ သီး ချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ရတယ်"

"ဟာ. . . မဟုတ်သေးဘူး, ဖေဖေယင်တာလွဲနေပြီ၊ ကုန် ပြီဗျ"

"အောင်မာ. . . ငါ, မင်းအဖေပါကွ။ တစ်ထွာပြရင် တစ်လံ မပြောနဲ့၊ တစ်မိုင်လောက်ထိမြင်နိုင်တယ်။ ဖုန်းတောင်ပေးကိုင်တဲ့ ကိစ္စအဆင့်ဖြစ်နေပြီးမှ. . ."

"တော်ပြီဖေဖေ. . . ကျွန်တော်နောက်မှ ပြန်ဆက်လိုက်ပါ့ မယ်။ ဒီမှာ ကားမောင်းရင်းတစ်ဖက်မို့ပါ"

သူ, ဖုန်းကိုပိတ်လိုက်ပြီး မျက်နှာကြီးရဲရဲနီနေတော့သည်။ သူမငိုက်ထဲမှာ တစ်မျိုးကြီးခံစားလိုက်ရ၏။ ကြည့်စမ်း. . . သူ့မှာ ခိုင်ဆိုတဲ့တစ်ယောက်ရှိပြီးသားကိုး။ ဒါကြောင့် ငါ့ကိုရှောင်ဖယ် ဖယ်လုပ်နေတာပါလား။

ဩော်. . . ကိုသည်းဦးမောင်ရယ်၊ ကျွန်မအတွက်နဲ့ ရှင်ဒီ လောက်အနေခက်စရာမလိုပါဘူး။ ကျွန်မ အလိုက်တသင့်ရှောင်



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ့မယ်ရှင်။

သူ့ ဆိုင်ရှေ့မှာ ကားရပ်ပေးလိုက်ပြီး တစ်ချိုးတည်းလစ်ပြေး ခဲ့တော့၏။ အမယ်လေး. . . မျက်နှာပူလိုက်တာနော်။ ခိုင့်ကို ဖေဖေ ဘယ်အဆင့်ထိတောင်များပြောလိုက်ပြီလဲမသိဘော့ပါဘူး။ ဘယ်လို တောင်းပန်ရမှန်းမသိဘဲ သူစိတ်တွေညစ်ပြီးရင်းညစ်နေမိတော့ သည်။ Hand phone မှအသံထပ်မြည်လာပြန်သည်။

"ဟဲလို"

"ကိုမောင်. . . ငါ့ကေကေ"

"မိကေ. . . အတော်ပဲ၊ ငါ့နင့်ကိုတွေ့ချင်လို့"

"အိမ်ပဲလာခဲ့လေ. . . ငါ ဒီနေ့ OFF.."

"ဟုတ်လား. . . ငါက Night duty၊ ငါအခုပဲလာပြီသိလား"

"အေး"

သူ့ စမ်းချောင်းလမ်းကြားသို့ ကားကိုချိုးချ၍ ကေသရီ့ခြံထဲ ဝင်ခဲ့၏။ ခြံထဲမှာ ကေသရီ့မေမေက နှင်းဆီပန်းအိုးတွေကို မာလီ အား ရွှေ့ခိုင်းနေလေ၏။

"ဟော. . . သားမောင်, ဘယ်ကနေလှည့်လာတာလဲ။ ဒီနေ့ Duty မရှိဘူးလား"

"Night duty ပါအန်တီ။ မိကေရော. . ."





"အထဲမှာလေ. . . ဝင်သွားလိုက်သား"

"ဟုတ်ကဲ့"

သူ့ ဧည့်ခန်းထဲဝင်လိုက်စဉ် ကေသရီက လက်ဖက်သုပ်နှင့် ရေနွေးဓာတ်ဘူးလင်ဗန်းကိုကိုင်၍ထွက်လာလေသည်။

"လသာဆောင်သွားကြမယ်လေ။ ငါ့ကိုကူသယ်ပေးဦး"

"ပေး. . ."

လသာဆောင်ကိုရောက်တော့ စားပွဲပုလေးပေါ် လင်ဗန်းကို တင်၍ Plastic ခုံတွေမှာ ထိုင်လိုက်ကြ၏။

"နင်, ငါ့ဆီကိုဖုန်းဆက်တာ အကြောင်းရှိလို့လား"

"အေး. . . ဆေးခန်းကိုအချိန်ခွဲမလားလို့။ နင် Guide လုပ် တဲ့အချိန်က ရှစ်နာရီဆိုတော့ ခြောက်နာရီကနေ ခုနစ်နာရီခွဲကိုယူ ဖို့ပြောမလို့"

"အေး. . . ရပါတယ်"

"နင်, ငါ့ကိုတွေ့ချင်တာ မဟုတ်မှလွဲရော၊ ခိုင်နဲ့ပတ်သက်တဲ့ ကိစ္စပဲဖြစ်မယ်"

သူ့မျက်နှာမှာ ရှက်ပြုံးတစ်ခုပေါ်လာ၏။ ဘယ်ကနေ စပြော ရမလဲမသိဘဲငြိမ်နေမိသည်။ သူ့ရှက်လျှင်လုပ်နေကျ လက်ဝါးနှစ် ဖက်ပွတ်မိတော့ ကေသရီက ခပ်လှောင်လှောင်ရယ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . နင်ကလည်း"

"ကိုမောင်ရယ်. . . ဆယ်ကျော်သက်လေးကျနေတာပဲ။ ဒါ့ဒါ ကြောင့် နင်အမြဲပဲ ကျွန်ရစ်ဖြစ်ဖြစ်နေခဲ့တာ"

"ဘာဆိုင်လို့လဲ"

"အမယ်. . . ဆေးကျောင်းဟက်ကတည်းက ငါတို့အတန်းက Queen မေသဇင်မိုးလေ၊ ဒီလောက်အထာပေးနေတာတောင် နင်, ဒီလိုထုံလွှန်းအေးလွန်းလို့ သူများနောက်ပါသွားတာ၊ နည်းတောင်နည်းသေး. . ."

"အဲဒါ ငါမှမကြိုက်တာဟ"

"ဩော. . . ဒါဖြင့်ခိုင့်ကိုကျတော့ ကြိုက်တယ်ပေါ့လေ"

"ဟာ. . . ကြိုက်တာမဟုတ်ပါဘူး"

"ဒါဆို ချစ်တာပေါ့လေ"

"မိကေကလည်းကွာ၊ ငါမျက်နှာပူလာပြီဟ"

ကေသရီလှောင်ရယ်လို့မဆုံးတော့။ ကြည့်ပါဦး၊ သူ့မျက်နှာရော၊ နားရွက်တွေပါထူပူပြီး ရဲရဲနီနေလေပြီ။ အတော်အရှက်သည်းတဲ့ဆရာဝန်လေးပါလားလေ။

"ဟာ. . . သိပ်ရယ်မနေနဲ့လေ"

"ဘာဖြစ်လဲ. . . ငါ့အိမ်မှာဂါရယ်တာ. . . နင့်ကို permit





တောင်းရဦးမှာလား။ ဟွန်း. . . သွား. . . ငါမကူညီဘဲနေလိုက်မှာ"

"အဲဒီလိုတော့မလုပ်ပါနဲ့, ငါပြောပြပါ့မယ်ဟာ။ ပြောရမှာတော့ခပ်ခက်ခက်ပဲ။ ဖေဖေက စတာ. . ."

"ပြောပါဦး. . ."

"ဖေဖေကကွာ. . . ငါ့ကို ဒီသုံးလေးလအတွင်း ချစ်သူတစ်ယောက် လက်ဆုပ်လက်ကိုင်မပြနိုင်ရင် ဒီနှစ်ထဲမှာ သူ့စိတ်ကြိုက်မိန်းကလေးတစ်ယောက်နဲ့ ငါ့ကိုအိမ်ထောင်ချပေးမှာတဲ့"

"ဟယ်. . . ဒါဆို နင်, ခိုင့်ကိုဟန်ဆောင်ရည်းစားထားချင်တာပေါ့လေ"

"အဲဒီလိုမဟုတ်ပါဘူး. . . ငါလည်း ဒီကိစ္စခေါင်းခဲနေတာ၊ ဖေဖေပေးစားတဲ့မိန်းမကိုလည်း မယူချင်ဘူး။ ကိုယ်ယူရမယ့်မိန်းမကို ရင်လေးမှမခုန်ရင် ငါ့အိမ်ထောင်ရေး ဘယ်လိုသာယာမှာလဲ။ ကိုယ်ချစ်တဲ့လူကိုယူရင် ပိုအဆင်ပြေတာပေါ့"

"ဩော ဩော်. . . ဒေါက်တာသည်းဦးမောင်ရဲ့ရင်ဖွင့်သံက စိတ်ဝင်စားဖို့ကောင်းသားပဲ။ ဆက်ပါဦး. . ."

"မနောက်နဲ့ဟာ. . . အဲဒါ ငါ့တူဖိုးညာက ဖေဖေဖုန်းဆက်တုန်း ခိုင့်ကို ငါတို့သုံးယောက် ငိုင်းပိုးတယ်ဆိုပြီးချွန်တာ၊ အဟုတ်မှတ်သွားရော"



www.burmeseclassic.com

www.burmeseclassic.com



"နင်က တကယ်မပိုးဘူးလား"

"ငါ့ကို ဟိုနှစ်ကောင်က ပွဲပယ်လုပ်ထားတယ်"

"အမယ်. . . သင်းတို့က ဒါတော့ဘယ်တရားပါ့မလဲ"

"အဲဒါထက်ပိုအရေးကြီးတာက ခိုင်ကအစ ငါ့ကိုခပ်တန်းတန်းဟ။ ဟိုနှစ်ကောင်နဲ့ဆို စကားပြောတာမှဖြူးလို့။ ငါနဲ့ဆို တစ်ခွန်းမဟုတ်တစ်ခွန်းပြဿနာဖြစ်ရရော။ ငါကလည်း စကားမကြွယ်တော့ သူ့ခနဲ့သံအောက်မှာ ငြိမ်ခဲ့ရပေါင်းများပြီ"

ကေသရီရယ်မိမှာစိုး၍ ပြုံးစိစိဖြင့် သူ့ကိုငေးကြည့်နေမိလေသည်။ ဩော်. . . ကိုမောင်. . . ကိုမောင်. . . အချစ်နဲ့တွေ့တော့မှ နေမထိထိုင်မသာဖြစ်နေပါရော့လား။

"အခုပဲ ငါ့ဆီ ဖေဖေ့ဖုန်းဝင်တာ၊ ခိုင့်ကိုဘာတွေပြောလိုက်သလဲမသိပါဘူး၊ ငါဟော်တော်မျက်နှာပူတယ်ဟ။ ဖေဖေက ခိုင့်ကိုချွေးမလောင်းဆိုပြီး စွတ်တင်လိုက်တာ"

"ဟဲ့. . . အဲဒါဆိုပွဲပြီးရောပေါ့။ နင်အသာလေး ချော့လဲရောထိုင်ရုံပဲဟာ။ ပူစရာလား. . ."

"မလုပ်ပါနဲ့ဟာ. . . နဂိုကတည်းက ငါ့ကိုခပ်စိမ်းစိမ်းဆက်ဆံနေတာ။ ခုလိုဖြစ်သွားတော့ ပိုဆိုးတာပေါ့"

"ကဲ. . . ဒီတော့ ငါဘာပြောပေးရမှာလဲ"





"ကျွတ်. . . ငါလည်းမပြောတတ်တော့ဘူး။ အစချိုပြီးပြောလိုက်မိမှ သူပိုအရှက်ရမှာလည်းစိုးတယ်၊ ခင်မင်လက်စလေးတွေ ပျက်သွားရင် သွားပါလေရော"

"ဟင်း. . . နင့်ဟာကလည်းဟယ်၊ ငါတောင် ဘယ်လိုအကြံပေးရမှန်းတောင်မသိတော့ဘူး။ ခိုင်က ငယ်ငယ်ကတည်းက မာနသိပ်ကြီးတာ။ ရှင်းရှင်းပြောရရင် ငါနဲ့အဆင့်တစ်နေရာကို ပြိုင်ပွဲဘက်ဟဲ့။ သူက ငါ့ထက်ပိုချောသလို စာလည်းပိုတော်တာ ာမှန်ပဲ။ အေး. . . ငါတို့ဆယ်တန်းဖြေတော့ သူအစာအိမ်ဖြစ်ပြီး ဆေးရုံတက်ရတာပဲ။ အဲဒီမှာ. သူ D နှစ်လုံးနဲ့ပဲအောင်ခဲ့တာပေါ့။ Result ကြည့်ပြီး သူချုံးပွဲချငိုသွားတဲ့နေ့ကို ငါခုထိမမေ့ဘူး။ သူက ငါ့လိုပဲ ဆရာဝန်သိပ်ဖြစ်ချင်တာဟ။ စာကျက်ရင် သူများထက်ပိုကျက်ရမှ။ အတန်းထဲမှာ ဆရာဆရာမတွေစာမေးရင် ဒေါက်ခနဲထ,ထဖြေနိုင်တဲ့နှင်းပန်းခိုင်ဟာ တို့ State ကျောင်းမှာ သိပ်သတင်းမွှေးတယ်။ ငါဆေးလိုင်းရသွားတော့ သူတော်တော်အထိနာသွားတယ်ထင်ပါရဲ့။ ဆရာဝန်တွေနဲ့တတ်နိုင်သရွေ့ သူကင်းအောင်နေတယ်။ ဖြစ်နိုင်သမျှ မပတ်သက်မိအောင်နေတာတဲ့. . . ငါလည်း ist MB စတက်ကတည်းက သူ့သတင်းတွေ လက်လှမ်းမီသလောက်စုံစမ်းရင်း နောက်တော့ အဆက်အသွယ်ပြတ်တောက်သွားတာပဲ။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ခံရှိနေတော့ နှင့်ကို သူခပ်တန်းတန်းဆက်ဆံတာပဲနေမှာပါ။ ထားလိုက်ပါ. . . အလိုက်သင့်လေးပဲနေလိုက်ပေါ့။ နောက်တော့လည်း သူ့ဟာနဲ့သူအဆင်ပြေသွားမှာပါ"

သူ ခဏနေပြီးပြန်လာခဲ့တော့ ရင်ထဲမှာ ဟာနေလေ၏။ ဆရာဝန်တွေကိုမုန်းတယ်တဲ့လား. . . ခိုင်။ ခိုင် ဆရာဝန်မဖြစ်တာနဲ့ပဲ ဝါးလုံးသိမ်းမရမ်းသင့်ပါဘူး။ ဆရာဝန်တွေမှာလည်း နူးညံ့တဲ့နှလုံးသားရှိနေသလို ချစ်တတ်မြတ်နိုးတတ်ပါတယ်ခိုင်ရယ်။

သုံးယောက်ချင်းအတူတူ ဖိုးနိုင်နဲ့ဖိုးကျော်ကိုတောင်မှ တခုတ်တရပြောဆိုဆက်ဆံနေကာ တစ်ဖက်သတ်မဆန်လွန်းဘူးလား ကိုယ့်မှာ ဘာအပြစ်ရှိနေလို့လဲ။ ကိုယ့်ဘက်က လိုအပ်ချက်တွေရှိနေရင် အချိန်မီပြုပြင်နိုင်ဖို့ အခွင့်အရေးလေးတော့ ပေးသင့်ပါတယ်. . . ခိုင်။

ခြောက်သွေ့နေတဲ့ ကိုယ့်ဘဝထဲကို ခိုင်ဆိုတဲ့နှင်းပွင့်လေးရောက်လာမှ စိုပြည်လာခဲ့တာကို ခိုင်မသိဘူးတဲ့လား။ ဖိုးကျော်တို့လို ခိုင်နဲ့အနီးဆုံးမှာ ပြောဆိုဆက်ဆံခွင့်နည်းပါးခဲ့သူမို့ ကိုယ့်ဘက်ကို တစ်ချက်လေးတော့ငဲ့ကြည့်သင့်ပါတယ်ကွယ်။



အခန်း ( ၁၁ )

"အမယ်. . . ဒီလတယ်ဟုတ်နေတာပါလား။ ကြည့်စမ်း. . . အားလုံးအဆင့်တစ်ကနေ တစ်ဆယ်အတွင်းဝင်ကြတယ်။ နီနီ. . . သမီး, တစ်ရတော့ ဉာဏက ဘယ်လောက်ရလဲ"

"အတူတူပဲအန်တီ"

"ဟုတ်လား. . . တော်လိုက်ကြတာ။ ငါ့တူတွေ, တူမတွေကို ဆုချရမှာပေါ့"

"တီတီ. . . တူမတွေပဲမဟုတ်ဘူးလား။ ဘယ်ကတူတွေပါလာရတာလဲ"

"ဩော်. . . ဖြူကလည်း အားလုံးအတူတူ ကျူရှင်ဖက်၊ အ



www.burmeseclassic.com

www.burmeseclassic.com



ကျက်ကြတာပဲ။ မခွဲခြားရဘူးလေ"

"တီတီက ငါ့တူတွေဆိုတော့ ဦးတွေနဲ့ပဲ တီတီကပတ်သက်နေသလိုဖြစ်မနေဘူးလားလို့"

"ပြာပြာနော်၊ ဒီလိုပြောစရာလား။ ကဲ. . . သမီးတို့ဘာလိုချင်လဲ. . . ပြော"

"နီနီက ကျောပိုးအိတ်အနီလေးလိုချင်တယ်"

"ညိုက ဟိုတလောက Junction 8 မှာတွေ့ခဲ့တဲ့ Skirt အရှည်လေးလိုချင်တယ်"

"ပြာက Dagon Center မှာတွေ့ခဲ့တဲ့ T-shirt လေးတစ်ထည်လောက်ရရင်တော်ပြီ"

"စိမ်းက တီတို့ဆိုင်က High Heel အဖြူလေးလိုချင်တယ်"

"နက်က Walkman လေးတစ်လုံး"

"ဝါက Walking shoe အဖြူလေး"

"ဟုတ်ပြီ. . . ဖြူကရော"

"ဟင့်အင်း"

"ဟော. . . ဘာကိုကောက်ရပြန်တာလဲဖြူရဲ့။ လာပါဦး. . . တီတို့နားထိုင်။ ပြောပါဦး. . . သမီးရယ်၊ သမီးက တီတို့ကိုအားလုံးထက်ပိုချစ်တာ တီတီသိပါတယ်"





"ဒါဆို ဟိုကိုညာဏတို့ကို ငါ့တူတွေလို့ တီဝီမပြောရဘူး"

"ဩော်. . . အဲ့ဒါကိုကောက်နေတာလား။ အေးပါ. . . သမီးမကြိုက်ရင် နောက်ကိုမပြောတော့ဘူး။ ဟုတ်ပြီလား"

"ပြီးတော့. . . ဦးမောင်တို့ကိုလည်း တီတီမကြိုက်ရဘူးနော်။ ဖြူသဘောမတူဘူး"

သူမမျက်ခုံးအစုံပင့်တက်သွားရ၏။ ကြည့်စမ်း. . . ဒီကလေးမလေး သူမအပေါ်မှာချစ်တာ အစွန်းကိုရောက်နေပါရောလား။

"မကြိုက်ပါဘူးဖြူရယ်. . . ဦးမောင်မှာလည်း ရည်းစားရှိပြီးသားပါ"

"ဦးနိုင်နဲ့ ဦးကျော်ကိုလည်း ပြန်မကြိုက်ရဘူး"

"အေးပါ. . . အေးပါ"

သူမ၊ ဖြူ့ကိုယ်လေးကို ရင်ခွင်ထဲပွေ့ဖက်ထားလိုက်မိ၏။

ဩော်. . . သံယောဇဉ်ဆိုတာ အဖြတ်ရခက်ဆုံးကြိုးတစ်ချောင်းမဟုတ်ပါလား။

အိမ်ဝမှာ ရပ်လာသည့်သူ့ကိုမြင်လိုက်ရ၍ သူမလန့်သွားမိ၏။ ဘုရားရေ. . . ခုနစကားတွေကိုများ ကြားသွားလေသလား။

"ဟော. . . ဖြူက အန်တီခိုင့်ကိုဘာတွေချွဲနေတာလဲ"

"မချွဲပါဘူး. . . ကိုကိုညာဏကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"မယုံပေါင်၊ ဦးမောင်က ညာတို့စာမေးပွဲအောင်တဲ့အထိမ်းအမှတ်နဲ့ ဒီ Sunday Picnic ထွက်ကြမယ်တဲ့"

"ဟုတ်လား. . . သွားကြပေါ့သားရဲ့"

"ဟာ၁. . . အန်တီခိုင်တို့တူအရီးတွေပါ အကုန်ပါတယ်လေ။ အဲဒီနေ့ ဦးနိုင်လည်း OFF ရတယ်"

"ကလေးတွေလိုက်ချင်ရင်တော့. . . ခေါ်သွားပေါ့သားရဲ့။ အန်တီမအားပါဘူး"

"ဟာ. . . တီတီမပါတော့ ဘယ်လိုပျော်ရမှာလဲ"

"အင်းလေ. . ."

"လိုက်ခဲ့ပါအန်တီခိုင်ရဲ့၊ တစ်အုပ်စုကြီးသွားကြမှာ။ ပျော်စရာကြီး. . ."

သူမဘာမှထပ်မပြောဘဲ ပြုံးရုံသာပြုံးနေမိ၏။ ကလေးတွေက ဒီညစာကျက်ထားတာတွေဆိုရမှာမို့ အပေါ်ထပ်မှာ လွယ်အိတ်တွေ အပြေးအလွှားတက်ယူနေကြလေသည်။

ညဏက ညီတွေ့ကိုပြန်အော်ခေါ်နေသဖြင့် ဧည့်ခန်းမှာ သူနှင့် သူမသာကျန်နေခဲ့၏။ သူမ Report Card တွေကို လက်မှတ်ထိုး၍ သူ့ File နှင့်သူ ပြန်ထည့်နေစဉ် သူ့ထံမှ အသံတီးတိုးထွက်လာလေသည်။





"ကိုယ်လိုက်မှာကို ခိုင်မပါလို့ရင် နေခဲ့ပါ့မယ်ခိုင်"

"ဟင်. . . ဘာဆိုင်လို့လဲ"

"ခိုင့်ကိုပျော်စေချင်ပါတယ်။ ကိုယ့်ကြောင့် ခိုင်စိတ်ခုနေတယ်ဆိုရင် ဘယ်ကောင်းပါ့မလဲ"

"ဘာကိုဆိုလိုတာလဲ ကိုသည်းဦးမောင်။ ကျွန်မ နားမလည်ဘူး. . ."

"ဟိုလေ. . . ခိုင်က. . ."

"ဟာ. . . ကလေးတွေလည်း တစ်ယောက်မှမရှိပါလား။ ဘယ်ရောက်နေကြတာလဲ"

"အပေါ်မှာ လွယ်အိတ်သွားဟက်ယူနေတယ်ကိုနိုင်။ ကိုကျော်ရော. . ."

"နောက်မှာ. . . သူ့တူတွေနဲ့ပိုက်လာနေပြီ"

ဖိုးနိုင်ဝင်လာတာမို့ သူ့ပြောလက်စစကားက တစ်ဝက်မှာ ရပ်သွားလေ၏။ သူမက Report Card File တွေကို အသာကျုံးသယ်လိုက်ပြီး အပေါ်ထပ်သို့တက်လာခဲ့လေသည်။ ကလေးတွေ အောက်ကိုဆင်းသွားပြီး တစ်အောင့်ကြာမှပြန်ဆင်းလာခဲ့၏။

ဧည့်ခန်းဆက်တီမှာ သူကထိုင်၍ နီနီတို့နှင့်တစ်အုပ်၊ စာသင်းမှာ ကိုကျော်နှင့် စိမ်းတို့ကတစ်အုပ်၊ ဧည့်ခန်းထောင့်ခုံပုလေး



www.burmeseclassic.com

www.burmeseclassic.com



ကွေမှာ ဖြူတို့နှင့်တစ်အုပ် စာစစ်နေကြလေ၏။ သူ့အုပ်စုနှင့် သူ လူလဲပြီးစာဆိုနေကြတာမို့ အိမ်ထဲမှာ စာအံသံတွေက ညံ့မစဲ။

သူမနောက်ဖေးဝင်၍ ရေနွေးအိုးကိုပြန်တင်လိုက်၏။

အကြိုင့်ကို ကြွေပန်းကန်ပြားကြီး ၁၅ ချပ်၊ အသေး ၉ ချပ် နှင့် ဇွန်းခက်ရင်း ၁၅ စုံထုတ်ခိုင်းလိုက်သည်။ ဂေါ်ဖီတွေ ပန်းပွင့်တွေ၊ ပဲပင်ပေါက်ပဲပြားနှင့် ပဲသီးလှီးထားပြီးသားတွေကို ဇကာနှင့် ရေဆေး၍ဆယ်ထားလိုက်၏။ ရေနွေးပွက်ပွက်ဆူတော့ ခေါက်ဆွဲခြောက်ထုပ်တွေကိုဖောက်၍ ရေနွေးဆူဆူထဲတွင်နှစ်ကာ ဇကာဖြင့် စစ်ထားလိုက်သည်။

ကြက်သားပြုတ်ကိုပါးပါးလှီး၍ ဝက်အူချောင်းကို အကွင်းလေးတွေလှီးလိုက်၏။ ဘဲဥတွေကို ဇလုံထဲတွင် ကြေနေအောင်နာနာခေါက်ထားလိုက်သည်။ နောက်. . . စစ်ထားသည့်ခေါက်ဆွဲကို ဇလုံထဲထည့်ကာ ပဲငံပြာရည်အကြည်၊ ဆား၊ ဟင်းချိုမှုန့်တို့နှင့် နယ်ထားလိုက်ပါ၏။

ဒယ်အိုးကို မီးဖိုဂက်စ်တင်၍ ကြက်သွန်ဆီသတ်ကာ အသားတွေအရင်ထည့်ကြော်လေသည်။ ပြီးတော့ အသီးအရွက်တွေထည့်၍ လိုအပ်ပါသည့်ကာ ခဏအုပ်ထားလိုက်၏။ သခွားသီးနှင့် ဂေါ်ဖီကို ပါးပါးလေးလှီး၍ Source နှင့်ခရမ်းချဉ်သီးစိမ်းပါးပါးလေး





ဖြူးကာ ပန်းကန်သေးသေးလေးတွေထဲထည့်လိုက်သည်။

အသီးအရွက်တွေသိပ်မကျက်သေးခင်မှာ ခေါက်ဆွဲနယ်ထားတာကို ထည့်လုံး၍ပြန်အုပ်ထားလိုက်၏။ ကျက်ခါနီးမှာ အပေါ်မှ ဘဲဥကိုဖြန့်လောင်းလိုက်ပါသည်။ ခေါက်ဆွဲကြော်ကျက်တော့ ကြွေပန်းကန်ပြားကြီးတွေထဲသို့ ခပ်လှလှထည့်ဖြင့်၍ စားပွဲခုံပေါ်မှာ အဆင်သင့်ပြင်လိုက်၏။ စားပြီးလျှင် အအီပြေရအောင် Strawberry Milk Shake ကိုစက်နှင့်ထည့်ဖျော်ကာ ရေခဲသေတ္တာထဲ ထည့်ထားလိုက်သည်။

အိမ်ရှေ့ပြန်ထွက်လာတော့ စာဆိုပြီးသူတွေက စကားတွေတောင် ပြောနေကြလေပြီ။

"ကဲ. . . အားလုံး ခေါက်ဆွဲကြော်စားကြစို့"

"ဟာ. . . ပွတာပဲဟေ့"

အားလုံးက တစ်ညီတစ်ညွတ်တည်းထရပ်၍ ထမင်းစားခန်းဆီ ပြေးသွားသော်လည်း သူက ခုံမှမထသေးဘဲ Dictation ခေါ်ထားသည့်စာရွက်တွေကိုအမှတ်ခြစ်နေလေ၏။

ကြည့်စမ်း. . . မျက်ခုံးကြီးတွေက စိမ်းမှောင်နေတာပါပဲလား။ မျက်တောင်တွေက ခပ်စိပ်စိပ်၊ ပါးမြိုင်းမွေးရေးရေးလေးက အခုပင်ရိတ်ထားသလို စိမ်းဖန့်ဖန့်။ မီးရောင်ဖြူဖြူအောက်မှာ ရှင်း



www.burmeseclassic.com

www.burmeseclassic.com



သန့်နေသည့်သူ့အသားအရေက မနာလိုချင်စရာ။

သူမ, သူထိုင်နေရာဆီ ခပ်ဖြည်းဖြည်းချင်းလျှောက်လာတာတောင် သူက စာလုံးတွေကိုစိတ်ဝင်တစားစစ်နေတာမို့သတိမထားမိပါချေ။ စိတ်ထဲမှာ အောင့်သက်သက်ခံစားမှုက ဖျတ်ခနဲပေါ်လာမိ၏။ သူမကိုမြင်သည်နှင့် တမေ့တမောငေးလေ့ရှိသည့်ယောကျ်ားတွေထဲမှာ သူတစ်ဦးသာလျှင်မပါဝင်လေခဲ့။

"ကိုမောင်"

"ဗျာ. . ."

"ခေါက်ဆွဲကြော်စားခယ်လော"

"ဩော်. . . လာပြီခိုင်။ ဒီတစ်ရွက်ပဲ. . . ခဏလေး"

သူက ဖြူ့စာရွက်ကိုအမြန်ဆုံးစစ်နေပေမယ့် အမှားကိုတော့မြင်ဖြစ်အောင်မြင်၍ မှင်နီဖြင့်ဝိုင်းကာ စာလုံးပေါင်းမှားသည့်အရေအတွက်ကို ဆယ်ခေါက်စီပြန်ရေးရန် မှင်နီဖြင့်ရေးကာ ထရပ်လိုက်ပါ၏။

ကြည့်စမ်း. . . ိုင်က သူ့ကို 'ကိုမောင်'လို့ခေါ်လိုက်တာပါလား။ သူ,ဆတ်ခနဲကြည့်လိုက်တော့ သူမကအကြည့်ကိုလွှဲ၍ ရှေ့မှလျှောက်သွားလေသည်။

ခုံမှာ သူဝင်ထိုင်လိုက်တော့ သူမက လိုက်ပွဲပန်းကန်တွေနှင့်





စတော်ဘယ်ရီတစ်ခွက်စီ အသင့်စီချလိုက်ပြီးမှ သူ့ဘေးရှိခုံမှာဝင်ထိုင်လိုက်၏။

"ဟုတ်လားခိုင်. . . ဒီ Sunday သွားရင် ခိုင်မလိုက်ဘူးဆို"

"ကလေးတွေ လွတ်လွတ်လပ်လပ်သွားရအောင်လို့ပါ ကိုနိုင်ရဲ့. . ."

"ခိုင်ကလည်းကွာ. . . အားလုံးကိုပျော်စေချင်လို့လုပ်ပေးတာကို။ ဒီလောက်အလုပ်တွေတာဝန်တွေပိနေတဲ့စိတ်ကို တစ်ခါတလေလေး လွတ်လပ်ခွင့်ပေးပါဦးလ.း"

သူမဘာမှမပြောဘဲ ဘဲဥဖတ်ကို ဇွန်းဖြင့်ခပ်၍စားလိုက်၏။ ဘုန်းမြင့်ကျော်က သူတို့နှစ်ဦးငြိမ်သက်နေတာကိုရိပ်မိလိုက်သည်။

ကြည့်စမ်း. , . ကိုမောင်, ခိုင့်ကိုဖွင့်ပြောလိုက်ပြီထင်ပါရဲ့။ သူ့ပန်းကန်ထဲမှ ခေါက်ဆွဲတွေလျော့သွားတော့ သူမက ရှေ့မှလိုက်ပွဲပန်းကန်ကိုယူ၍ သူ့ပန်းကန်ထဲထည့်ပေးလိုက်လေ၏။ အားလုံး၏အကြည့်က သူမထံစုပြုံကျနေလေပြီ။

"ကျွန်မ,မလိုက်ချင်တာ အကြောင်းရှိလို့ပါကိုနိုင်ရဲ့"

"ဟောဗျာ. . . ဘာအကြောင်းလဲ။ ကျွန်တော်တို့ကိုပြောပြနိုင်မလား"

"ပြောလို့ဖြစ်ပါတယ်၊ မောင်နှမတွေပဲဟာ. . . ပွင့်လင်း



www.burmeseclassic.com

www.burmeseclassic.com



လင်းပေါ့။ ကိုနိုင်တို့သွားရင် သက်ဆိုင်သူတွေပါ လိုက်ချင်လိုက်လာမှာပေါ့။ တော်ကြာ ကျွန်မနဲ့ပတ်သက်ပြီး အထင်လွဲဝဘာတွေ ဖြေရှင်းရမှာစိုးလို့ပါ။ တချို့က သဘောထားမကြီးဝတ်ကြဘူးလေ"

ကြည့်စမ်း. . . ဒါစစ်ကြေငြာတာပါပဲလား။ သူမကိုမရင်းနှီးစေဖို့ အခုကတည်းက သံကွန့်ခြာကာဆီးလေပြီ။ မောင်နှမတဲ့လား နိုင်. . . ကိုယ့်လက်နက်နဲ့ ကိုယ့်ကိုပြန်ထုပြီပေါ့။

"နိုင်ပြောမှပဲ ကျွန်တော်တို့သိကြွာကျပြီ။ ကျွန်တော်တို့မှာ သက်ဆိုင်သူမရှိပါဘူးနိုင်ရာ"

"ဒါကကိုနိုင်တို့ဘက်ကလေ၊ ပြောလို့ရမလား. . . တချို့က လူမသိအောင် တိတ်တိတ်လေးမြှုံထားတာ။ တော်ကြာ ပြဿနာတက်ရင် ကျွန်မက လိုက်မရှင်းချင်ဘူး၊ သိက္ခာကျတယ်"

"ဟာ. . . နိုင်ကလည်း"

"ကျွန်မစကားပြောရိုင်းသွားရင် တောင်းပန်ပါတယ်ကိုကျော်ခုရှုပ်မှနောင်ရှင်းလို့ဆိုရိုးရှိတယ်မဟုတ်လား"

ဖိုးကျော်နှင့် ဖိုးနိုင်မျက်လုံးတွေက သူ့ထံပြုံကျလာတော့ သူမငနနိုင်တော့ပေ။ သံသယမျက်ဝန်းတွေအောက်မှ သူထရပ်လိုက်မိသည်။

"ငါပြန်တော့မယ်"





"ဟာ. . . ကိုမောင်, မင်းကလည်း"

"ငါ, ဖေဖေ့ဆီဖုန်းဆက်ဖို့ ချိန်းထားလို့ပါ"

သူခြေလှမ်းကြဲကြဲဖြင့် ပြန်လာခဲ့မိ၏။

နိုင်ရယ်. . . ကိုယ့်အပေါ်မကျေနပ်ရင် ကိုယ်တစ်ယောက်တည်းရှိချိန်မှာပဲ ရှင်းရှင်းပြောပါလား။ ခုတော့ သူငယ်ချင်းတွေရှေ့၊ ကလေးတွေရှေ့ ဖွင့်ချပြောလိုက်တော့ ကိုယ်အရှက်ရတယ်နိုင်။ ဖေဖေပြောလိုက်တာကို နိုင်မကျေနပ်ရင် ကိုယ်အနူးအညွတ်ဖတောင်းပန်ပါရစေလားကွာ။

အိပ်ရာထဲပစ်လှဲချရင်း သက်ပြင်းတွေသာ အခါခါချနေမိ၏။ Operation လုပ်တာတောင် ဒီလောက်ထိရင်မမောခဲ့ရပါဘူး။ ခုတော့ သူ မကျွမ်းကျင်တဲ့တိုက်ပွဲကိုမှ ဝင်နွှဲခဲ့မိတာကိုး။ ဖေဖေရယ်, ဖေဖေဖော်ပေးတဲ့ဆေးက ကျွန်တော့်အတွက် သေဆေးဖြစ်နေပြီဗျ။ ခေါင်းအုံးဘေးရှိ Hand phone မှအသံမြည်လာသဖြင့် သူဖွင့်လိုက်ပါ၏။

"ဟဲလို"

"ဟော့ကောင်. . . ဘယ်လိုလဲ, မင်းအဆင်ပြေရဲ့လား။ ငါ့ဆီဖုန်းပြန်ဆက်မယ်ပြောပြီး ပြန်ကိုမခေါ်တော့ဘူး။ ငါ့မှာအလုပ်လုပ်တာတောင် စိတ်ကမပြောင့်ဘူး။ လုပ်လေကွာ. . . ငါ့ကိုချွေးမ



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ပုံလေးဘာလေးပို့ဦး. . ."

"ဖေဖေရာ. . . ဖေဖေစွတ်ထင်နေလို့ ဒီမှာအခင်အမင်တွေ ပျက်ကုန်ပြီ"

"ဟေ! ဘယ်လိုဖြစ်တာလဲ"

"ဟုတ်တယ်. . . ကျွန်တော်နဲ့သူနဲ့က ခင်ရုံပဲရှိသေးတာ။ ဖေဖေလျှောက်ပြောတာနဲ့ ဟိုက ကျွန်တော့်ကိုကောနေပြီ"

"ဟ. . . ဒါဆိုရင် မင်း, မ OK ဘူးပေါ့"

"လုံးဝပဲ. . . သူက ဖိုးနိုင်နဲ့ဖိုးကျော်ကိုပဲဒရလေးသာတယ်"

"ဒါဆို ငါ့သား နောက်ကောက်ကျသွားတာပေါ့"

"အဲ့ဒါဖေဖေ့ကြောင့်လေ. . ."

"ဟားဟားဟား. . . ဒါဆို မင်းအခုလွမ်းနာကျနေတာပေါ့လေ"

"သူမှ ကျွန်တော့်ကိုစိတ်မဝင်စားတာ"

"မင်းကအဖြစ်မှုမရှိတာကို. . . ညှံ့ရင်ခံပေါ့။ ဘယ့်နှယ်, သုံးယောက်ထဲမှာ အတော်ဆုံး၊ အခန့်ချောဆုံး၊ အချမ်းသာဆုံးလူကို မှချန်ခဲ့တာ ဒီကလေးမမှာ တစ်စုံတစ်ခုချွတ်ယွင်းအားနည်းနေလို့ပဲဖြစ်မယ်"

"ဖေဖေကလည်း သူများသားသမီးကို"





"ဟုတ်တယ်လေ. . . ငါ့သားက ငါ့နီးနီးချောတာကိုး"

ဖေဖေက သဘောကျလျက် တဟားဟားအော်ရယ်နေပြန်၏။ သူ့မှာသာ မပြုံးနိုင်ဘဲ မျက်နှာက,ရှုံ့မဲ့နေတော့သည်။

"ငါက သုံးလပြည့်ပြီမို့ လှမ်းသတိပေးတာ။ ဒါဆို မင်းကိုပေးထားတဲ့ Chance ပြည့်ပြီ, သည်းဦးမောင်"

"ဟင်း. . . ဒါဆိုလည်း ဖေဖေ့သဘောပဲဗျာ"

"အေး. . . ဒါဆို ငါပေးစားတဲ့မိန်းကလေးနဲ့ မင်းယူရပြီမှတ်။ ကောင်မလေးရုပ်ဆိုးဆိုး, မင်းငြင်းလို့မရဘူး"

"ဟုတ်ကဲ့"

"အရုပ်ပဲပုပု. . . body ပဲရွဲ့ရွဲ့, မင်းချေးများလို့မရဘူးနော်"

"ဟုတ်ကဲ့ပါ"

"မင်း,ချစ်ချစ်မချစ်ချစ်, ယူကိုယူရမှာနော် သည်းဦးမောင်"

"ဖေဖေ့သဘောပါဆိုဗျာ"

"ဟေ. . . ငါ့သားလိမ္မာလှချည်လား။ ငါ့တစ်သက် မင်းဒီတစ်ကြိမ်အလိမ္မာဆုံးပဲ။ ငါ့စကားနားထောင်ရင် မင်းကို ငါအမွေထပ်ပေးရဦးမှာပေါ့။ အေး. . . ငါ, ငါ့ဘော်ဒါနဲ့တိုင်ပင်တော့မယ်။ ဒါဆို ဒါပဲဟေ့ကောင်. . . ငါ့ကိုဘတိပေးပြီးငြိမ်ငြိမ်လေးနေဟေ့။ နောက်မှအသံထွက်လာရင် မင်း,ထောင်ကျပြီမှတ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ ဖုန်းကိုပိတ်လိုက်ပြီး ခေါင်းအုံးပေါ် မျက်နှာမှောက်၍ငြိမ်သက်သွားတော့၏။ ဖေဖေရယ်. . . ဖေဖေ့စကားနားထောင်ပေမယ့် ကျွန်တော် ဒီတစ်သက်ပျော်ရွှင်မှုကို ရနိုင်တော့တာမှမဟုတ်ဘဲ။

အိမ်အောက်မှ တံခါးပိတ်သံတွေကို ကြားနေရသော်လည်း သူ့မထတော့ပေ။ အပေါ်ထပ်တက်လာသည့်ခြေသံတွေကြားမှ သူ့အခန်းကိုတွန်းဖွင့်လိုက်သံကိုကြားသော်လည်း သူလှမ်းမကြည့်ဖြစ်။

ဩော်. . . အချစ်က ဘယ်ကစမှန်းတောင်မှ မသိရသေး၊ အသည်းက တစ်စစီကြွေပါရောလား ခိုင်ရယ်. . .။



အခန်း ( ၁၂ )

ဖုန်းသံကြောင့် စာရင်းစစ်နေရာမှ သူမ,ထကိုင်လိုက်၏။ တစ်ဖက်မှ လေးလေးအသံခပ်ကျယ်ကျယ်ကိုကြားလိုက်ရသည်။

"ဟဲလို"

"ဘယ်လိုလဲမိခိုင်, ညည်းကိုခွင့်ပြုထားတဲ့လ စေ့နေပြီလေ။ အဲဒါ ငါအသိပေးတာ"

"လေးလေးကလည်း ခိုင့်ဘာခိုင်, အေးအေးနေနေတဲ့ဟာ"

"အေးစရာလား. . . ဒီလောက် ကိုယ့်ကိုကြိုက်နေတဲ့လူတွေ ဝိုင်းဝိုင်းလည်နေတာ။ ညည်းဇီဇာကြောင်နေလို့ပေါ့"

"ခိုင်က တွေ့ရာလူ ခေါင်းညိတ်လိုက်ရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားဆုံးဖြတ်ပေါ့။ နင့်ဦးနှောက်က ဂဏန်းပေါင်းစက်ကိုပဲအားကိုးမနေနဲ့။ ဒီအရွယ် နှလုံးသားကိုဦးစားပေးရမယ့်အရွယ်မဟုတ်ဘူး။ ဦးနှောက်နဲ့ဆုံးဖြတ်. . . အသိတရားနဲ့မွေ့။ ဘယ်နှယ့်ဘယ်လိုခေါင်းမာတဲ့တူမမှန်းမသိတော့ဘူး"

ပြောတော့ဖြင့်လွယ်လိုက်တာ. . . ခိုင်က ယောကျ်ားလေးမှမဟုတ်ဘဲ လေးလေးရဲ့။ ကိုယ်စိတ်ဝင်စားတဲ့လူကို စပြီးဖွင့်ပြောရမှာလား။ ရှက်စရာကြီး။ ရေလာမြောင်းပေးလည်း မလုပ်ဝံ့ပါဘူး။ ရှက်လွန်းလို့ လဲပြီးသေလိုက်တာကမှကောင်းဦးမည်။

"ဟဲ့. . . ငြိမ်မနေနဲ့လေ။ ပြဿနာဖြစ်နေပြီလား. . . အကျိုးအကြောင်းပြောဦးမှပေါ့"

"လေးလေးကလည်း ခိုင့်ကိုအတင်းအိမ်ထောင်ချမပေးပါနဲ့။ ခိုင်, ယောကျ်ားမလိုချင်ဘူး။ လေးလေးအတင်းပေးစားရင် ခိုင့်ကိုယ်ခိုင် သတ်သေလိုက်မှာနော်"

"အံမာ. . . ငါ့ကိုများ ခြိမ်းလားခြောက်လားနဲ့။ ဒီမှာဟေ့မိခိုင်, ငါ နင့်ဦးလေးဟဲ့။ နင့်ကို ငယ်ငယ်ကတည်းကထိန်းကျောင်းလာတာ။ နင်လုပ်ချင်တိုင်းလုပ်မယ်မကြံနဲ့။ မရဘူး. . . မှတ်။ ကဲဒါဆို ငါပေးစားတဲ့ယောကျ်ားကိုပဲ ညည်းယူရမယ်။ အရိုးများသလေးချေးခါးသလေးမလုပ်နဲ့။ ရုပ်ဆိုးတဲ့မင်းကုသကိုရရင် နင်





က ပပဝတီပဲ။ ပုံပျက်ပန်းပျက်ခါးကုန်းကြီးနဲ့ရရင်. . . နင်က ရွှေမင်းသမီးပဲ"

"အာ. . . လေးလေးကလည်း"

"လျှာမရှည်နဲ့။ ညည်းအမေ. . . ငါ့အစ်မရဲ့ ထိမ်းမြားခြင်းလျှင်တာဝန်ကို ငါကျေပွန်အောင်လုပ်မှဖြစ်မှာ။ မယူလို့မရဘူး။ အေး. . . ငါစီစဉ်ထားပြီးမှ ညည်းရည်းစားရပြီး လင်နောက်လိုက်ပြေးရင် ညည်းတို့နှစ်ယောက်စလုံးကို တွေ့ရာသင်္ချိုင်း ေးမဆိုင်းဘဲမှတ်။ မလုပ်ဘူးမထင်နဲ့။ ငါ့ရှောဘ်ဒါနဲ့ ငါမျက်နှာမပျက်ချင်ဘူး။ ဒါပဲ"

အမယ်လေး. . . သေသာသေလိုက်ချင်တော့တာပါပဲ။ ဒီလိုရုပ်ဆိုးဆိုးသတို့သားကြီးကို လက်ထပ်ယူရရင်ဖြင့် သူမကိုယ်သူမတကယ်ပဲသတ်သေလိုက်တော့မည်။ တစ်သက်လုံး စိတ်ဆင်းရဲရမည့်အတူတူ သံသရာအဆက်ဆက် အဖန်ငါးရာ ငါးကမ္ဘာမှာ ဝဋ်ခံရစေဦးတော့. . . သူမရဲ့ဘဝကိုတော့ မချစ်မနှစ်သက်သောသူလက်ထဲ ဝကွက်မအပ်နိုင်ဘူး။ စာရင်းစာအုပ်ကိုပိတ်ရင်း မျက်ရည်က ပိုးပိုးပေါက်ပေါက်ကျလာလေတော့သည်။

မကယ်နိုင်ကြတော့ဘူးလား။ အခုမှ ချစ်သူတစ်ယောက်ကိုအမြန်ထားဖို့တောင် အချိန်ကမရှိတော့။ ဝမ်းနည်းပက်လက်ငိုကြွေး



www.burmeseclassic.com

www.burmeseclassic.com



နေတာတောင် ချော့မော့ဖေးမသူမရှိတဲ့ဘဝ။ ရင်ဖွင့်ခိုနားရမည့် ရင်ခွင်တောင် မရှိတဲ့ဘဝပါလား။

တစ်ညလုံး ဟိုလှိမ့်ဒီလှိမ့်နှင့် အိပ်မပျော်နိုင်ဘော့, မနက်မိုးလင်းတော့ အငိုမျက်နှာကြီးက ဖုံးဖိမရ။ ဒီမျက်နှာနဲ့ ဆိုင်ကိုဘယ်လိုသွားရပါ့မလဲ။ ကလေးတွေအတွက် အကြိုင်နှင့် ဒေါ်မြိုင်ကို စီစဉ်ခိုင်းလိုက်ပြီး ဆိုင်ကိုဖုန်းဆက်ပြောလိုက်ရသည်။

ရေမိုးချိုး သနပ်ခါးလိမ်းတာတောင်မှ စိတ်ကမကြည်။ လူက နုံးချည့်၍ ပျော့ခွေနေ၏။ မနက်စာစားချိန်ကိုတောင်မှ သတိမရဘဲ အတွေးတွေက ဖမ်းဆုပ်မရနိုင်အောင် လွင့်မြောနေမိသည်။

အာရုံမှာပေါ်လာသည်က ပါးချိုင့်လေးနှစ်ခုဖြစ်နေ၏။

ဗုဒ္ဓေါ. . . ဘယ်လိုဖြစ်တာပါလိမ့်။ သက်ဆိုင်သူ ရှိနှင့်ပြီးသားလူတစ်ယောက်ကိုမှ သူမစွဲလမ်းမိနေပါရောလား။ ကိုယ့်လိပ်ပြာ ကိုယ်ရှက်သည်းမိရင်း ငိုချလိုက်မိစဉ် အခန်းတံခါးခေါက်သံ မြည်လာလေ၏။

"ဒေါက်. . : ဒေါက်"

"ဘယ်သူလဲ"

"အကြိုင်ပါမမ"

"ဘာလုပ်မလို့လဲ. . . ငါနေမကောင်းဘူး။ လာမရှုပ်နဲ့"





"စာတိုက်ပုံးထဲမှာ. . . ပန်းတစ်ပွင့်နဲ့ စာအိတ်တစ်ခုတွေ့လို့ လာပို့တာပါမမ"

"ဟုတ်လား, အေးအေး. . . ငါလာပြီ"

သူမ, အခန်းတံခါးကိုအသာဟ၍ လက်လှမ်းလိုက်တော့ အကြိုင်က သူမလက်ထဲသို့ နှင်းဆီဝါလေးတစ်ပွင့်နှင့် စာအိတ် အပြာနုရောင်လေးကိုထည့်ပေးလိုက်လေသည်။

ဟောတော်. . . ဘယ်ကနေ ဘယ်လိုရောက်လာတာပါလိမ့်။ အိမ်မှာက ကလေးတွေပဲရှိတာမဟုတ်လား။ တော်ကြာ ကလေးတွေကိုရည်းစားစာပေးတာဖြစ်နေရင် ဘယ်လိုလုပ်မလဲ။

စာအိပ်ပေါ်မှာလည်း ဘာမှရေးမထားသည်မို့ စဉ်းစားမရ။ နောက်ဆုံးတော့ ပန်းပွင့်လေးကို မှန်တင်ခုံပေါ်တင်လိုက်ပြီး စာအိတ်ကို အသာဖြဲ၍ဖွင့်လိုက်မိတော့သည်။

*"My Dear Khaing,*

*I most humbly beg you pardon, I didn't nean to hurt you. It's entirely my fault. If you*



www.burmeseclassic.com

www.burmeseclassic.com



*pardon me, I will be happy. I like to invite you to go with us on a picnic, please.*

*With hoping,*

*Your....................."*

ကိုယ့်ရဲ့နိုင်...

ကိုယ့်ကိုခွင့်လွှတ်ဖို့ အနူးအညွတ်တောင်းပန်ပါတယ်။ မင်းကို ထိခိုက်ဖို့မရည်ရွယ်ပါဘူး။ ဒါကိုယ့်အပြစ်တွေပါကွာ။ အကယ်၍ မင်းသာ ခွင့်လွှတ်မယ်ဆိုရင် ကိုယ်ပျော်ရမှာပါ။ ကျေးဇူးပြု၍ ကိုယ်တို့ပျော်ပွဲစားထွက်မှာကို လိုက်ခဲ့ဖို့ဖိတ်ခေါ်ပါတယ်...

မျှော်လင့်ခြင်းနှင့်အတူ

မင်းရဲ့..........

သိမ့်ခနဲခံစားမှုနှင့်အတူ ရင်ထဲမှာနွေးခနဲဖြစ်သွားမိ၏။ အို့, ကိုမောင်ရယ်။ ကွန်ပျူတာစာလုံးလေးတွေကတောင် ခိုင့်ကိုကျေနပ်စေနိုင်ရင် ကိုမောင့်နှုတ်ကပြောမယ့်စကားကြွေဆို ခိုင့်ကိုဘယ်လောက်တောင်ကြည်နူးစေလိုက်မလဲ။ တွေးကြည့်ရုံနဲ့တင် ခိုင့်ရင်ခုန်သံတွေ ဒီလောက်မြန်နေတာ။ ကိုမောင့်ရှေ့မှာ ခိုင်မတ်မတ်





တောင်ရပ်လို့ရပါ့မလား။ အချစ်ဆိုတာဘာလဲ။ နှစ်ဦးသား ဘာမှဖွင့်မပြောရသေးခင် အတိအလင်းမဟုတ်ဘဲ နားလည်မှုထားရှိနိုင်တာကို 'အချစ်' လို့အမည်ပေးလို့ရရင်. . . ခိုင်. . . ကိုမောင့်ကို. . .

သူမမျက်နှာထက် ပန်းရောင်သမ်းသွား၏။ နှင်းဆီဝါလေးကိုအသာမွှေးရှိုက်လျက် ဖန်ခွက်ထဲရေငှဲ့ထည့်ကာ စိုက်ထားလိုက်သည်။ စာအိတ်လေးကိုခပ်ဖွဖွနမ်းလိုက်မိပြီး ကြည်ကြည်နူးနူးလေးပြုံးနေမိ၏။

စိတ်ချမ်းသာလိုက်တာနော်။ သူ့လက်ကိုသာ ချိတ်တွဲခွင့်ရခဲ့ရင် သူမလောက်ပျော်တဲ့သူ ဒီလောကမှာ တစ်ယောက်မှရှိတော့မယ်မထင်ဘူး။ လေးလေးဘယ်လိုပဲတားစေဦးတော့. . . ခိုင်သတ္တိရှိတော့မယ်ကိုမောင်။ ဒါဟာ. . . ကိုမောင့်ကိုချစ်မိတဲ့ ခိုင်ရဲ့ချစ်ခြင်းသက်သေပါပဲ။

ညနေငါးနာရီကျော်ကျော်မှာ အပင်တွေကို ရေပိုက်ဖြင့်ရေလောင်းနေစဉ် ဗိုက်ထဲမှစစ်ခနဲအောင့်တက်လာ၏။ ဗုဒ္ဓေါ! မနက်ကတည်းက ဘာမှမစားမိပါလား။ အစာအိမ်တော့ပြန်အောင့်ပြီထင်တယ်။ ရေပိုက်ကိုပစ်ချ၍ ငုတ်တုတ်လေးထိုင်နေမိသည်။

မသက်သာ။ ဇောချွေးတွေပြန်ရင်း မျက်ရည်ကအလိုလိုစို



www.burmeseclassic.com

www.burmeseclassic.com



လာလေ၏။

"အကြိုင်. . . အကြိုင်"

"ရှင်. . . မမ"

"ကေကေ့ကိုဖုန်းခေါ်ပေးကွယ်။ မမဗိုက်အောင့်နေပြီ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

ခြေဖျားကို ရေစိုတာမို့ ပိုဆိုးလာလေသလား။ အားငယ်စိတ်ကပိုတိုးလာကာ မျက်ရည်က လွယ်လွယ်ကူကူကျလာလေပြီ။

"မမ. . မမကေ, ဆေးခန်းမှာတဲ့။ ဒီနှစ်လမ်းကျော်မှာရှိတယ်လို့ပြောတယ်"

"ဟင်. . . ဟုတ်လား၊ ဒါဆို Taxi ဖြစ်ဖြစ်ထွက်ငှားပေး, သမီးရယ်။ မမလမ်းမလျှောက်နိုင်တော့ဘူး"

"ဟုတ်ကဲ့"

အကြိုင်က ခန္ဓာကိုယ်ဝဝလေးနှင့်မလိုက်အောင်ပင် ခြံပြင်သို့ပြေးထွက်သွားလေ၏။ သူမမတ်တတ်ရပ်၍ အိမ်ထဲသို့ဝင်လာခဲ့သည်။ အို. . . အပေါ်ကိုတက်လို့တောင် မဖြစ်ဘူးထင်တယ်။ ခဏအကြာ Taxi တစ်စီး ဝူးခနဲဆိုက်လာလေ၏။ အကြိုင်က ကားပေါ်မှဆင်းလာလေသည်။

"အကြိုင်. . . မမမှန်တင်ခုံအံဆွဲထဲမှာ ပိုက်ဆံအိတ်အနက်





လေးရှိတယ်။ မြန်မြန်တက်ယူလာခဲ့"

"ဟုတ်ကဲ့မမ"

အကြိုင်ပြန်ပြေးဆင်းလာတော့ အကြိုင့်ကိုတွဲ၍ Taxi ပေါ်တက်ကာ နှစ်လမ်းကျော်ရှိဆေးခန်းကို မောင်းခိုင်းရ၏။ မျက်စိကမှုန်ဝါးလာကာ ဗိုက်ထဲထိုးအောင့်သည့်ဝေဒနာကိုကြိတ်မှိတ်ခံနေရသည်။ ဩော်. . . သေရင်လည်း သေလိုက်ပါတော့လား။ ဒီလိုမျိုးဝေဒနာကို ဘာဖြစ်လို့လာပေးရတာတဲ့လဲ။

Taxi က ဆေးခန်းရှေ့မှာရပ်သွားသဖြင့် ဆင်းလိုက်၏။ အကြိုင် Taxi ခ ရှင်းပေးနေစဉ် သူမ ဆေးခန်းထဲဝင်ခဲ့သည်။ အပြင်ခုံမှာ ဘယ်သူမှမတွေ့ရသဖြင့် ဝမ်းသာသွားမိ၏။ အတွင်းခန်းမှ ဆေးခန်းပြပြီးသည့်လူနာထွက်လာသဖြင့် သူမအထဲသို့ဝင်လိုက်မိသည်။ လူက ဆက်လျှောက်၍မရဘဲ အဝမှာပင်ထိုင်ချလိုက်မိပြန်၏။

"နောက်တစ်ယောက်. . . ဟာ! ခိုင်"

"ဟင်"

"ဘာဖြစ်လို့လဲ"

"ဗိုက်. . . ဗိုက်ထဲကအောင့်လို့"

"တအားအောင့်နေလား, Gastric ပြန်ဖြစ်ပြီထင်တယ်။ ထ



www.burmeseclassic.com

www.burmeseclassic.com



လို့ရလား"

"ဟင့်အင်း. . . ကေကေရော"

"မိကေ (၇) နာရီမှထိုင်မှာ ခိုင်ရဲ့။ ဘာဖြစ်လဲ, ကိုယ်ကြည့်ပေးမယ်လေ"

"ဟင့်အင်း"

"ဪ. . . ရှက်စရာမဟုတ်တာ ခိုင်ကလည်း၊ တော်ကြာခွဲစိတ်ရမှာတွေဘာတွေဖြစ်လာရင် ဘယ့်နှယ်လုပ်မလဲ"

"ဟင့်အင်း. . . ဟင့်အင်း. . . မခွဲချင်ပါဘူး။ သေရင်လည်း သေပါစေတော့"

သူမပြောနေရင်း မျက်ရည်ေတွကျလာသည်မို့ သူသနားလာမိသည်က အတိုင်းအဆမဲ့။ စကားပြောနေလို့ ရောဂါက သက်သာလာမှာမှမဟုတ်တာဘဲ။

ဘာမပြောညာမပြောဖြင့် သူမကို ဧွေ့ခနဲပွေ့ချီလျက် ခုတင်ထက်တင်လိုက်တော့ သူမမျက်လုံးလေးတွေက ဝိုင်းစက်လို့။ သူ, သူမဝမ်းဗိုက်ချပ်ချပ်လေးကို အသာဖိ၍စမ်းလိုက်ပါ၏။

"ဒီက, နာလား"

"ဟင့်အင်း"

"ဒီကရော"





"ဟင့်အင်း"

"မှန်မှန်ဖြေနော်. . . ခိုင်။ တော်ကြာ အပ်နဲ့ထွင်းရမှာကို ပေါက်ဆိန်နဲ့ပေါက်နေရမယ်"

သူမ အိခနဲငိုချလိုက်ပြန်၏။ သူ, သူမအစာအိမ်နေရာကို အသာဖိလိုက်မိတော့ အားခနဲအော်လိုက်သံက ဂူးခနဲထွက်လာလေသည်။

"သေချာပါတယ်, Gastric ပြန်ဖြစ်တာ။ ဆေးသောက်ကြည့်နော်။ မသက်သာရင် ကိုယ်ဆေးရုံလိုက်ပို့ပေးမယ်"

"ဟင့်အင်း. . . မသွားချင်ဘူးဆိုနေမှ"

"ခိုင်ကလည်းကွယ်, ကလေးလေးကျနေတာပဲ. . . တိတ်တိတ်။ ကိုယ်က သဘောပြောတာပါ။ ရော့. . . ဒီဆေးလေးသောက်လိုက်. . . ခဏနားဦး"

ရေသန့်ဘူးထဲကရေကိုငှဲ့ကာ ဆေးတိုက်တော့ သူမကြိတ်မှိတ်မျိုချလိုက်ရ၏။ အပြင်မှာ ကားရပ်သံကိုကြားလိုက်ရသည်။

"ဟယ်. . . အကြိုင်ပါလား။ ဘယ်သူဘာဖြစ်လို့လဲ"

"မမဗိုက်အောင့်လို့လာပြတာပါ. . . မမကေ"

"ဟောတော်. . . ဟုတ်လား"

ကေသရီက လိုက်ကာကိုမ,၍ အထဲဝင်လိုက်တော့ ဖန်ခွက်



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုင်ကာ ဆေးတိုက်နေသည့်မြင်ကွင်းလေးကို ကြည်နူးစွာမြင်လိုက်ရလေ၏။

"အမယ်လေးနော်. . . လူနာကို ဆရာဝန်က ကိုယ်တိုင်ကိုယ်ကျ ရေခွက်ကိုင်ပြီးဆေးတိုက်တာ ဒီတစ်ခါပဲတွေ့ဖူးသေးတယ်။ ကြင်နာနေလိုက်တာဟယ်"

"ဟာ. . . မိကေ လုပ်ချလိုက်ပြန်ပြီ။ ဒီမှာ ခိုင့်ဝေဒနာဖြစ်နေရတဲ့ကြားထဲ"

"အစာအိမ်ပြန်ရောင်တာပဲနေမှာပေါ့။ သင်းက ခေါင်းမာတာကိုး။ တစ်ခါတစ်ခါ သူများနဲ့ဇိတ်မကောက်ရရင် သူ့ဟာသူစိတ်ပြန်ကောက်နေတတ်တာ"

သူမ, ကေသရီ့ကိုမျက်စောင်းခဲလိုက်တော့ ကေသရီက ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေ၏။ ကြည့်စမ်း. . . လှလိုက်တဲ့မျက်စောင်းလေးပါလား။ ဝေဒနာခံစားနေရချိန်တောင်မှ အတော်စွဲလမ်းစရာကောင်းလွန်းနေလေသည်။

"ကျွန်မပြန်တော့မယ်။ အကြိုင်, ဆေးဖိုးလာရှင်းပေးဦး"

"ဟုတ်ကဲ့မမ"

"နေပါစေ. . . မလိုပါဘူး"

"ဟုတ်သားပဲ. . . ပေးရမယ့်လူလား။ ကိုမောင် နင်ပြန်ချင်





ပြန်တော့။ အပြင်မှာ သုံးလေးဦးပဲရှိတာ။ ငါနိုင်တယ်"

"ဖြစ်လား. . . သေချာတယ်နော်"

"အေးပါ, ဒီလောက်တော့ ငါအလိုက်သိပါတယ်ဟဲ့"

"ကျွတ်. . . ပြောပြန်ပြီ၊ ဆင်းလိုက်. . . ခိုင်။ ကိုယ်တို့ပြန်ရအောင်"

"ဟင်. . . ရပါတယ်။ ကျွန်မ Taxi နဲ့ပဲပြန်ပါ့မယ်"

"ဩော်. . . ဒီလောက်လမ်းကြုံနေတာကို ငြင်းစရာလားမိခိုင်ရယ်။ နင့်ကိုကားတင်မပြေးပါဘူး. . . စိတ်ချ"

"ဟာ. . . မိကေ, နင်ဖော့မလွှယ်ပါလား"

"ပို့မယ့်ပို့ ဂိတ်ဆုံးအထိပို့ပေးတာလေဟယ်"

"တော်ပြီ. . . တော်ပြီ။ သွားမယ်. . . လာ,ခိုင်"

သူက သူမလက်မောင်းလေးကို ဆွဲခေါ်၍ထွက်ခဲ့တော့ ကေသရီ့ရယ်သံက အခန်းထဲမှာ ပျံ့ကျန်ခဲ့လေ၏။ ကားရှေ့ခန်းတံခါးကိုဖွင့်၍ သူမကိုထိုင်ခိုင်းလိုက်ပြီး အကြိုင့်ကို နောက်ခုံမှာတက်ထိုင်ခိုင်းလိုက်ပါသည်။

ကားက လမ်းထဲဝင်ရာမှ သူမခြံထဲကို တစ်ခါတည်းဝင်လာခဲ့လေသည်။ ကားတံခါးကိုဖွင့်ပေးတော့ သူမ, ကားပေါ်မှဆင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အစာကို မာမာမစားနဲ့ဦးနော်, ခိုင်။ မြူစွမ်တို့၊ ဆန်ပြုတ်ကို့လောက်ပဲစားဦး။ သွေးကြောပေါက်ရင် ခွဲရစိတ်ရတာတွေဖြစ်ကုန်မယ်"

"ကြည့်ပါလား. . . သူများဆေးရုံတက်ရမှာ ကြောက်ပါတယ်ဆိုမှ ဖြခြောက်နေပြန်ပြီ"

"ဩော်. . . ကိုယ်က စိုးရိမ်လို့ပြောတာပါခိုင်ရယ်။ ကြိုတင်ကာကွယ်တော့ ပိုမကောင်းဘူးလား"

"မကောင်းဘူး။ မြန်မြန်သေ. . . မြန်မြန်ဖေးတာပေါ့"

"ဟောကြည့်! ကလေးဆန်ချင်ရပြန်ပြီ။ ခြေဖျားတွေအအေးမခံနဲ့။ ဩော်. . . အပင်တွေရေလောင်းနေရင်း ဖြစ်တာမဟုတ်လား"

ရေပိုက်ပိတ်ရန်မေ့သွားသောကိုကြည့်ရင်း သူပြောတော့ သူမသူ့ကိုမျက်စောင်းခဲမိပြန်၏။ သူက ရေပိုက်ကိုပြေးပိတ်၍ သူမနှင့်အတူ အိမ်ထဲလိုက်ဝင်ခဲ့လေသည်။

"အကြိုင်. . . မြူစွမ်ရှိလား"

"ဟင့်အင်း, ဦးမောင်"

"ဒါဆိုရင် ထမင်းချက်ပြီးသားထဲက ဇွန်းကြီးနှစ်ဇွန်းခပ်ပြီးရေနွေးနဲ့ပြနေအောင်ပြုတ်လိုက်။ ကြက်ဥရှိလား"





"ဟုတ်ကဲ့. . . ငါးကြော်လည်းရှိတယ်"

"ဒါဆို ငါးကြော်နဲ့ပဲကျွေး၊ ဆီမသတ်နဲ့နော်။ ကဲ. . . မြန်မြန်သွားပြုတ်။ မဖြစ်သေးပါဘူး. . . ငါ့စောင့်ကြည့်ဦးမှပါပဲ"

အပေါ်ထပ်အိပ်ခန်းထိလိုက်ပါလာတော့ အခန်းဝအရောက်မှာ သူမ, သူ့ကိုအော်လိုက်လေ၏။

"ဘာလို့ ဒီအထိလိုက်လာတာလဲ"

"ဘာဖြစ်လဲ, ခိုင်အချိန်မရွေးမိုက်ပြန်အောင့်လာရင် ဘယ့်နှယ်လုပ်မလဲ။ ဒီည ကိုယ်စောင့်ကြည့်နေမှာ"

"မရဘူး. . . မစောင့်နဲ့"

"ခိုင်"

"ရှင်နော်"

"ကျွတ်. . . အကြိုင်ပါ ကိုယ်နဲ့အတူရှိနေမှာ။ နေရာတကာတွေးရှက်မနေနဲ့။ အသက်ထက်အရေးကြီးတာ ဘာမှမရှိဘူး။ တော်တော်ခေါင်းမာတဲ့ကလေးမ"

"ဘာကလေးလဲ, ကျွန်မအသက် (၂၉)နှစ် ကျော်နေပြီရှင့်"

"ဟုတ်လား, ဒါဆို လူကြီးပေါ့။ မသိပါဘူး. . . ကိုယ်က ဆယ်ကျော်သက်လေးအောက်မေ့လို့။ ငိုင်က ဂျစ်တာကိုး"

တံခါးကစေ့ရုံစေ့ထားသောမို့ သူတွန်းဖွင့်လိုက်ပြီး သူမလက်



www.burmeseclassic.com

www.burmeseclassic.com



ကိုဆွဲ၍ အခန်းထဲခေါ်တော့ သူမအလန့်တကြားရုန်းလိုက်လေ၏။

"ဘယ်လိုဖြစ်တာလဲ။ ခုတင်ပေါ်နားမှပေါ့. . . လာ"

"ရှင်, ကျွန်မကိုမကိုင်နဲ့"

"ဩော်. . . ကိုယ်ကနူနေလို့လား"

ဆက်ပြောနေရင် ဒီထက်ပိုဆိုးလာမှာစိုး၍ ခုတင်ပေါ်တက်လှဲလိုက်တော့ သူက စောင်ပါးလေး အသာလွှမ်းခြုံပေးကာ ခေါင်းရင်းပြတင်းလိုက်ကာကိုဆွဲဖွင့်၍ အိမ်ဘက်ကိုလှမ်းအော်လိုက်လေ၏။

"ဖိုးညာ. . . ဉာဏ"

"ဗျာ. . . ဦးမောင်"

"ပြတင်းပေါက်ကို. . . ခဏလာဦး"

"ဟုတ်"

ဉာဏ, ခြည့်ခန်းပြတင်းဝမှာရပ်၍ ကြည့်လိုက်မိတော့ လားလား. . . အနံ့တီခိုင့်အခန်းပြတင်းဝမှရပ်၍အော်နေသည့် ဦးမောင်ကိုတွေ့လိုက်ရသဖြင့် မျက်လုံးအစုံပြူးကျယ်သွားရလေ၏။ သီဟပါထပ်ရောက်လာစဉ် ဦးမောင်က သူတို့ကိုလှမ်းပြောလိုက်သည်။

"ဦးမောင်ရဲ့ဆေးဗီရိုထဲကလေ. . . ကော်ဘူးအဖြူလေးဘေးပတ်ကအဝါလေးမှာ Stomach pills လို့ရေးထားတယ်သိ





လား, အဲဒါယူခဲ့ပေး။ ပြီးတော့. . . ဦးမောင်အခန်းထဲက စားပွဲပေါ်မှာ စာအုပ်အမည်းလေးရှိတယ်။ အဲဒါပါယူလာ။ နောက်. . . ဆွယ်တာမီးခိုးရောင်လေးပါယူလာခဲ့"

"အနွေးထည်က လိုလို့လား. . . ဦးမောင်ရဲ့"

"ညကျအေးတယ်လေကွာ"

"ဟာ. . . ဦးမောင် အဲဒီမှာညအိပ်မလို့လား"

"အာ. . . ရှူး. . . တိုးတိုး, သူများတွေတော့ ဝစ်မျိုးထင်တော့မှာပဲ။ ငါမှာတာသာ မြန်မြန်ယူလာခဲ့. . . သွား"

"ဟုတ်"

ဉာဏနှင့်သီဟ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြူးလိုက်ကြပြီး လက်ဝါးနှစ်ဖက်မြှောက်ရိုက်လျက် ကျိတ်ရယ်လိုက်ကြ၏။ သူတို့ရိုက်တဲ့ခွင်ထဲ ကွက်တိဝင်သွားပြီကိုး။

ဦးမောင်မှာတာတွေကို အနံ့တီခိုင့်အခန်းဆီ လာပို့တော့ အခန်းတံခါးက ဟင်းလင်းပွင့်လျက်သား။ ခုတင်ပေါ်မှာ ဆန့်ပြူတ်ထိုင်သောက်နေသည့်အနံ့တီခိုင့်ကို မျက်တောင်မခတ်ငေးနေသည့် ဦးမောင်ကိုမြင်ရတော့ ရင်ထဲမှာ ကလိကလိဖြစ်နေတော့သည်။

"ဦးမောင်"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



"ရော့. . . ဒီမှာ"

"အေး. . . စာကျက်ထားနှင့်။ ဦးမောင် ခဏနေ ဆင်းလာခဲ့မယ်"

"ဟုတ်ကဲ့"

ဉာဏက ပြုံးစိစိမျက်နှာဖြင့်ထွက်သွားတော့ သူလက်သီးထောင်ပြလိုက်မိသည်။ ခွေးကောင်. . . ဦးလေးကိုများ ဘာမှတ်နေလဲမသိ။ သူမဆန်ပြုတ်သောက်ပြီးတော့ ဆေးတိုက်ကာ အိပ်စေလိုက်၏။

အဲဒီည ဉာဏတို့ စာကျက်ဝိုင်းသိမ်းတော့ အပေါ်ထပ်ဧည့်ခန်းရှိဆက်တီပေါ်မှာ စာအုပ်ဖတ်၍သူစောင့်နေ၏။ အကြိုင်က သူမခုတင်ဘေးကြမ်းပြင်မှာ ဖျာခင်း၍ တရှူးရှူးနှင့်အိပ်ပျော်သွားလေသည်။

သူမ ညတစ်ရေးနိုးတော့ နှစ်ယောက်ထိုင်ဆိုဖာပေါ်မှာ ခွေခွေလေးအိပ်ပျော်နေသည့်သူ့ကိုတွေ့ရသဖြင့် စောင်ပါးလေး အသာလွှမ်းခြုံပေးလိုက်မိသည်။ ကြင်နာတတ်တဲ့နှလုံးသား တကယ်ရှိနေတာပါလား. . . ကိုမောင်ရယ်။



## အခန်း ( ၁၃ )

"ဟာ. . . ဦးမောင်. . . မထသေးဘူးလား"

"ဘာလုပ်မလို့လဲဖိုးညာရာ။ ငါ့ဟာငါအိပ်နေတာကို"

"သွားကြမယ်လေ. . . သူများတွေတောင် ပြင်နေကြပြီ"

"အေး. . . သွားကြ. . . သွားကြ"

"ဦးမောင်. . . မလိုက်ဘူးလား"

"ဟင့်အင်း. . . မလိုက်ဘူး"

"ဒါဆို အန်တီခိုင်စိတ်ကောက်မှာနော်"

"ဟာ. . . ဘာဆိုင်လဲ"

"ဟိုကလိုက်ပြန်တော့လည်း သူက စိတ်တစ်ပြန်ကောက်ဒါန



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီ. . . နေခဲ့။ ညာ, အန်တီခိုင့်ကိုသွားပြောလိုက်တော့မယ်"

"ဟော့ကောင်ညာဏ"

ညာဏ အပေါ်ထပ်မှပြေးဆင်းခဲ့ပြီး ဖလင်ထည့်ထားသည့် Camera ကိုလွယ်လိုက်၏။

အပေါ်ထပ်လှေကားမှ ဝုန်းဒိုင်းပြေးဆင်းလာသည့်သူ့ကို ဖိုးနိုင်ရော၊ ဖိုးကျော်ပါ တအံ့တသြဖြင့်ကြည့်လိုက်လေသည်။

"ဒါက ဘယ်လိုဖြစ်လာတာလဲ"

သူ ရုတ်တရက်ဘာပြောရမှန်းမသိဘဲ လှေကားထစ်ပေါ်မှာ ငုတ်တုတ်ထိုင်ချလိုက်၏။ ညာဏက ကျောပိုးအိတ်ကိုလွယ်လိုက်ပြီး ဦးမောင်ကိုမသိမသာခိုးကြည့်လိုက်ပါသည်။ အားလုံးက သူ့ကိုငဲ့မကြည့်ဘဲ လုပ်ချင်တာလုပ်၍ သွားရန်တာစူနေပြီမို့ သူအနေခက်နေလေပြီ။

"ညာဏရေ. . . ငါတို့ပြီးပြီဟေ့"

"အေး. . . နီနီ။ အန်တီခိုင်ရော ပြင်ပြီးပြီလား"

"အေး. . . ပြီးပြီ။ အဆင်သင့်ပဲ"

အကုန်လုံး အစီအရီထွက်သွားတော့ သူတစ်ယောက်တည်း ငူငူငိုင်ငိုင်ဆက်ထိုင်နေမိသည်။ ဘာဆက်လုပ်ရမှာလဲ။ ဘယ်သူကမှလည်း အရေးတယူမလုပ်ကြ။ တစ်ဖက်ခြံဝမှာ ကားရပ်ထားတာ





မို့ ရယ်မောသံတွေကို သဲ့သဲ့မျှကြားနေရ၏။ အတော့်ကိုဥပေက္ခာပြုနိုင်တဲ့သူတွေပါလား။

စတီးထမင်းချိုင့်ကြီးကို ညာဏလက်ထဲသို့ သူမလှမ်းပေးလိုက်၏။ Plastic ခြင်းတောင်းကြီးကို သီဟကယူပြီးထွက်လာစဉ် ညာဏက အန်တီခိုင့်အနီး တီးတိုးကပ်ပြောလိုက်ပါသည်။

"အန်တီခိုင်"

"ဟေ. . . ဘာလဲ"

"ဦးမောင်စိတ်ကောက်နေဟာယ်"

"ဟဲ့. . . သွားခါနီးလာခါနီး ဘာကိုကောက်နေတာလဲ"

"ဘယ်သိမှာလဲ. . . သူ့ဟာဘူဖြစ်နေတာ။ အခု လှေကားထစ်မှာ စူပုပ်ပြီးငုတ်တုတ်ထိုင်နေလေရဲ့"

"သြော်. . . သွားခေါ်လိုက်လေ,ညာဏရယ်"

"မခေါ်ရဲပါဘူး။ အိပ်ရာကနိုးလို့ဆိုပြီး ညာ့ကိုအော်လွှတ်သေးတယ်"

"ဒါဖြင့် တကယ်မလိုက်ဘူးပေါ့"

"မသိပါဘူးဆို"

"သြော်. . . ကလေးတွေကစိတ်မကောက်ရဘဲ သူက မကြီးငယ်နဲ့ကောက်နေ။ သွားနှင့်. . . ကားပေါ်ကစောင့်။ အန်တီခိုင်



www.burmeseclassic.com

www.burmeseclassic.com



သွားခေါ်လိုက်မယ်"

တိုက်ဘေးကို အန်တီခိုင်ကွေ့ဝင်သွားတော့ ဉာဏနှင့်သီဟ လက်တစ်ဖက်ပဲအားတာမို့ လက်ဝါးချင်း ဖြောင်းခနဲရိုက်လိုက်ကြပြန်သည်။ ရဟူး. . . ခွင်ကတော့ တည့်ပြီးရင်းတည့်ပဲ။

အိမ်ဝမှာပေါ်လာသည့်အရိပ်လေးတစ်ခုကြောင့် သူ ဖျတ်ခနဲမော့ကြည့်လိုက်တော့ အဖြူရောင်မိန်းကလေးကိုမြင်လိုက်ရလေသည်။

"အဲဒါဘာထိုင်လုပ်နေတာလဲ. . . သွားကြမယ်လေ"

"ဟင်"

"ဘာကိုကောက်နေပြန်တာလဲ။ သူများတွေအားလုံး အဆင်သင့်ဖြစ်နေပြီ"

"တီ. . . တီ"

"ဟော. . . ကားဟွန်းတီးခေါ်နေပြီလေ. . . ထ"

"ခိုင်က. . . ခိုင်က"

"ကဲ. . . သွား၊ ရေမြန်မြန်ချိုးပါ။ (၁၅)မိနစ်စောင့်ခိုင်းထားမယ်. . . မြန်မြန်"

"အင်းအင်း. . ."

သူ ဟဒုန်းဒုန်းဖြင့် အပေါ်ကိုပြန်ပြေးတက်ကာ ရေအမြန်





ချိုးလိုက်ပြီး ရှပ်အဖြူနှင့် ပုဆိုးအနက်ကွက်ကို အမြန်စွပ်၊ ခေါင်းကို တစ်ချက်နှစ်ချက်အမြန်ဖြီးလိုက်၏။ အံဆွဲထဲမှ ခေါက်ပိုက်ဆံအိတ်ကိုယူ၍ အောက်ကိုအမြန်ပြေးဆင်းကာ ဖိနပ်စင်ပေါ်တင်ထားသည့်ကတ္တီပါဖိနပ်ကို ဘရက်ရ်ဖြင့်မတိုက်ဘဲ နှစ်ခုကို ဖြန်းခနဲသုံးမလေးချက်ရိုက်၍ အပြင်ပြေးထွက်ခဲ့၏။

နောက်မှ အိမ်တံခါးသော့မပိတ်ရသေးတာကိုသတိရ၍ သော့ပြေးယူကာ သော့ခတ်၍လှည့်ထွက်လိုက်တော့ ခြံဝမှာရပ်စောင့်၍ သူ့ကိုပြုံးကြည့်နေသည့်သူမကိုမြင်လိုက်ရလေသည်။

"(၁၅)မိနစ်ပြည့်သွားပြီလား"

"ပြည့်ပြီ"

သူ့ လေပူတစ်ချက်မှုတ်၍ ခြံတံခါးကိုပိတ်တော့ ကားကအိမ်ရှေ့မှာ အသင့်စောင့်နေလေပြီ။ ကားရှေ့ခန်းမှာ ဘယ်သူမှမတွေ့ရသဖြင့် သူအံ့ဩသွားရ၏။

"ဟာ. . . ဘယ်သူမောင်းမှာလဲ"

"မင်းပဲမောင်းလေ. . . မင်းပြင်တာ နောက်ကျဘောကိုး"

"အစက မင်းမောင်းဖို့စီစဉ်ထားပြီး ဖိုးနိုင်ကလည်း"

"မရဘူး. . . မင်းမောင်း၊ ဒါပဲ"

သူ့ ကားတံခါးကိုဖွင့်လိုက်တော့ ဉာဏက စူရူကီးကား၏



www.burmeseclassic.com

www.burmeseclassic.com



တန်းမှ ခေါင်းထုတ်၍လှမ်းအော်လိုက်သည်။

"အန်တီခိုင်, ရှေ့ကပဲတက်လိုက်တော့လေ။ နောက်ကျနေပြီ။ နေပူတော့မယ်"

သူမလှစ်ခနဲပြုံးလိုက်ပြီး ရှေ့ခန်းမှာတက်ထိုင်လိုက်စဉ် ကားက ဝူးခနဲထွက်လေပြီ။ နောက်ခန်းအလယ်ပြင်မှာ တာလပတ်ခင်းထားပြီး ကားခေါင်းခန်းနားမှာ ခြင်းတောင်းတွေ, စတီးချိုင့်တွေ, ကျောပိုးအိတ်တွေကို စီချထားသဖြင့် အလယ်မှာကျယ်နေလေ၏။

ဉာဏာတို့အုပ်စုက ခုံပေါ်ထိုင်ရတာ ဖင်ညောလာ၍ အောက်မှာဆင်းထိုင်လိုက်တော့ နီနီတို့ငရဲကြီးမှာစိုး၍အော်ဟစ်ရင်း သူတို့ပါဆင်းထိုင်လိုက်ကြပြန်သည်။ လက်ခုပ်လက်ဝါးတီး၍ သီချင်းတွေအော်ဆိုနေသံကို ရှေ့ခန်းမှခပ်သဲ့သဲ့ကြားနေရ၏။

သူမ မှန်တံခါးမှတစ်ဆင့် နောက်ခန်းကိုလှည့်ကြည့်တော့ ဉာဏာက သူ့ထံကို လက်ညှိုးညွှန်ပြလိုက်လေသည်။ အမယ်... ဦးလေးဖြစ်သူကို စကားပြောခိုင်းတာပေါ့လေ။ သူမပြုံးလိုက်မိပြန်၏။

လည်ပင်းလေးလိမ်၍လှည့်ကြည့်နေသည်မို့ သူမလည်တိုင်မှသွေးကြောစိမ်းလေးတွေကို အတိုင်းသားမြင်နေရသည်။ အင်မတန်ဝင်းဝါလှပသည့်အသားအရေပိုင်ရှင်လေးပါလားခိုင်ရယ်။





"တီ... တီ"

"မီးစိမ်းနေပြီလေ။ ဟေ့ကောင်ကိုမောင်"

ကားဘေးကိုထု၍အော်လိုက်သည့် ဖိုးကျော်အသံကြောင့် သူရှက်ရှက်ဖြင့်ရယ်လိုက်မိပြီး ကားကိုဆက်မောင်းလာခဲ့၏။ ပြင်ပလေတဟူးဟူးကြားမှ သနပ်ခါးနံ့သင်းသင်းလေးကြောင့် ရင်မှာငြိမ်းချမ်း၍ သူအပျော်ကြီးပျော်နေမိသည်။

ခိုင်ရယ်... ဒီလိုမျိုး နှစ်ကိုယ်တူယှဉ်ထိုင်ပြီး ဘဝခရီးကိုဆက်လျှောက်ရမယ်ဆိုရင် မဆုံးတဲ့ခရီး ကိုသာ သွားလိုက်ချင်ပါ၏ရဲ့.

ရွှေတိဂုံစေတီ, ပြည်သူ့ရင်ပြင်... ထို့နောက်မှ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှာ ကားရပ်၍ ဆင်းလိုက်ကြ၏။ ကလေးတွေက ဂျင်းဘောင်းဘီတွေပတ်လာကြတာမို့ လွတ်လပ်စွာကခုန်၍ ပျော်တပြုံးပြုံး။

အရိပ်ရသည့်သစ်ပင်အောက်မြက်ခင်းပြင်မှာ အခင်းတွေကိုခင်းလိုက်ပြီး ပစ္စည်းတွေနေရာချလိုက်၏။ အုပ်စုနှင့်ခွဲ၍လျှောက်ကြည့်ရန်ပြင်တော့ သူမတစ်ယောက်သာ စောင့်ကျန်ခဲ့မည်ဆို၍ သူ, ဘယ်အုပ်စုနောက်မှမပါတော့ဘဲ အခင်းမှာထိုင်ချလိုက်သည်။

"ဟာ... ဦးမောင်က သားတို့နဲ့မလိုက်ဘူးလား"

"ဟင့်အင်း... မလိုက်တော့ဘူး။ သွားကြ"



www.burmeseclassic.com

www.burmeseclassic.com



"တို့အုပ်စုတွေ တစ်လှည့်စီပြန်စောင့်မယ်လေကွာ"

"ရပါတယ်, ခိုင်တစ်ယောက်တည်းဖြစ်နေမှာစိုးလို့ပါ"

ဖိုးနိုင်က သူ့ကိုပြုံးစိစိကြည့်၍ထွက်သွားတော့ အုပ်စုမခွဲတော့ဘဲ မင်းရန်နိုင်နောက်သို့သာ ပြုံးပြီးလိုက်သွားကြလေ၏။ သူမက Plastic စားပွဲခင်းလေးကိုခင်း၍ ခြင်းတောင်းထဲမှ ငှက်ပျောသီး၊ ပန်းသီး၊ လိမ္မော်သီး၊ မာလကာသီး၊ စပျစ်သီး၊ ဆီးသီးအိတ်တွေကို အရင်ချလိုက်၏။ အောက်ဆုံးမှ လေးထောင့်စတီးဘူးကို ထုတ်ပြီး သူ့ကိုလှည့်ပြောလိုက်ပါ၏။

"ကိုမောင် . . . ရေသန့်ဘူးသွားဝယ်ပေးပါဦး"

"ဘယ်နှဘူး ဝယ်ခဲ့ရမှာလဲ"

"ဘူးကြီးငါးဘူးလောက်လေ။ လိုတော့မှထပ်ဝယ်မှာပေါ့"

"အင်းအင်း"

ဦးမောင်ထွက်သွားတာကိုမြင်လိုက်ရ၍ ဉာဏနှင့် သီဟတို့ နောက်ကြောင်းသို့ပြန်လှည့်ကာ ဒီရှောင်ဟိုပုန်းနှင့်ကပ်လာခဲ့၏။ ဒီနှစ်ယောက်ကို သမီးရည်းစားဘဝ အမြန်ရောက်အောင်လုပ်ဖို့ တာဝန်ကို သူတို့နှစ်ယောက်ယူထားကြတာမဟုတ်လား။

"မင်းဘယ်လိုလုပ်မှာလဲဖိုးညာ"

"ဒီမှာလေ"





ဘောင်းဘီအိတ်ထဲမှ အစိမ်းပုပ်ရောင် သားရေမြွေရုပ်ပျော့ပျော့လေးကိုထုတ်ပြလိုက်တော့ သီဟက ကျိတ်ရယ်လိုက်လေ၏။ ဦးမောင် ရေသန့်ဘူးတွေပိုက်လာပြီးစီချနေစဉ် အန်တီခိုင်က ဝိုင်းစီပေးနေသည်မို့ အကွက်ကောင်းတော့ဆိုက်ချေပြီ။ မြွေရုပ်လေးကို လုံးလိုက်ပြီး လက်ဆမှန်မှန်ဖြင့် နှစ်ယောက်ခြေရင်းသို့အသာလေး ပစ်ချလိုက်၏။

"ဘုတ်"

"အမေ့ . . . မြွေ . . . မြွေကြီး"

"ဟာ! "

အန်တီခိုင်က လန့်ဖျပ်ထရင်း ဦးမောင်ကိုသိမ်းကျုံးဖက်လိုက်သလို ဦးမောင်ကလည်း အန်တီခိုင့်ကိုယ်လုံးလေးကိုခပ်တင်းတင်းဖက်လိုက်တာမို့ သူတို့နှစ်ယောက်ပါးစပ်ကိုပိတ်၍ ရယ်သံကို မနည်းထိန်းလိုက်ရ၏။ ဉာဏ Camera ကို ဖျတ်ခနဲအသုံးချလိုက်ပါသည်။

မလှုပ်မယှက်ငြိမ်သက်နေသည့်မြွေ၊ ဖျတ်ခနဲလက်သွားသည့် အလင်းကြောင့် သူသိလိုက်ပါ၏။ ရင်ခွင်ထဲမှာ တုန်ရီနေသည့်ခိုင့်ကိုအသာချော့၍ ဖက်ထားသည့်လက်တွေကို အသာဖြည်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခိုင်ကြောက်တယ်"

"ဘာမှမဟုတ်ပါဘူးခိုင်ရဲ့။ အရုပ်ပါ. . . သေချာကြည့်ဦး"

"ဟင့်အင်း. . . မကြည့်ရဲဘူး"

"ဒါတစ်ယောက်ယောက်စလိုက်တာပါခိုင်ရယ်။ ကြည့်. . . ကိုယ်ကိုင်ပြမယ်"

"မကိုင်နဲ့လေ. . . တော်ကြာပေါက်လိုက်ရင် ဘယ့်နှယ်လုပ်မလဲ"

သူရယ်ရယ်မောမောဖြင့် မြွေရုပ်အမြီးကိုကိုင်၍ယူလိုက်ပြီး ဝန်းကျင်ကို လှည့်ပတ်ရှာကြည့်လိုက်၏။ ကုက္ကိုပင်နောက်မှ ကုန်းကုန်းကွကွနှင့်ကလေးနှစ်ယောက်ကိုတွေ့လိုက်၍ သူ လှမ်းအော်လိုက်ပါသည်။

"ဟိုနှစ်ကောင် ထွက်လာခဲ့။ လူကြီးတွေကိုစ,စရာလား"

"ဟီးဟီး. . . ဦးမောင်ကလည်း ညာက ချစ်လွန်းလို့ စ,လိုက်တာပါ"

"ချစ်လို့စတာ ဇာကြောင်းမဟုတ်ဘူး။ မင်းတို့အန်တီက ခုမှ နေကောင်းခါစ ရှိသေးတယ်"

"ခု. . . နေကောင်းသွားပြီမဟုတ်လားအန်တီခိုင်"

စပ်ဖြဖြမျက်နှာဖြင့်မေးလိုက်သည့်ညာဏခေါင်းကို ဒေါက်ခနဲ





နေအောင် ခေါက်လိုက်သဖြင့် နာ့နေလျက်မှပင် ညာဏအော်ရယ်နေလေသည်။ ဘယ်လိုလေးမှန်းကိုမသိ။ ဒီမှာ အသည်းတွေရောအူတွေပါတုန်သွားရတာ။ သူက ရေသန့်ဘူးကိုဖွင့်၍ Plastic ခွက်ဖြင့်ရေငှဲ့ကာ သူမကိုတိုက်လိုက်ပါသည်။

"ဦးမောင်နော်. . . ညာတို့ကိုတော့မကြင်နာဘူး"

"ပြောပြန်ပြီ. . . ယူသောက်ပါလား"

"မရဘူး. . . ဦးမောင်တိုက်မှ"

"ကဲပါ. . . အန်တီခိုင်ငဲ့ပေးမယ်"

ခဏအကြာမှာ တစ်အုပ်စုကြီးပြန်ရောက်လာကြတာမို့ သူမက ပလတ်စတစ်ဘူးကြီးထဲထည့်သယ်လာသည့်ထမင်းတွေကို ကော်ပန်းကန်ပြားတွေထဲ အနေတော်ထည့်ပေးကာ ဇွန်းတွေ စီတပ်ပေးလိုက်၏။ စတီးချိုင့်တွေကိုအဆင့်ဖြုတ်ရာ ဘဲဥဆီပြန်၊ ကြက်သားဆီပြန်၊ ငါးကြော်နှင့်၊ အာလူးကတ်တလိတ်၊ ငါးသေတ္တာပေါင်း၊ အစိမ်းကြော်၊ ငါးပိကြော်နှင့် သရက်ချဉ်သုပ်တို့ကို ဖွယ်ဖွယ်ရာရာတွေ့ရလေသည်။ စတီးတစ်လုံးချိုင့်ထဲမှာ ဇွန်းကြီးတပ်လိုက်တော့ ကြာဆံဟင်းခါးဖြစ်နေလေ၏။ တစ်အုပ်စုလုံးမြိန်ယှက်စွာဖြင့် စားသောက်ကြလေသည်။

ညာဏနှင့်သီဟက သူမျှားပန်းကန်တွေထဲမှ ဟင်းတွေလုစား



www.burmeseclassic.com

www.burmeseclassic.com



တာမို့ နီနီတို့အုပ်စုမှအော်သံက စူးခနဲ။ စားသောက်ပြီးသွားတော့ အသီးအနှံတွေကို ရေထပ်ဆေး၍ ပန်းကန်ပြားထဲထည့်ပေး၏။ ကော်ဘူးထဲမှာ ဆီထမင်းထိုးလာတာကို အဆင်သင့်ထောင်းလာသည့်ပုစွန်ခြောက်မှုန့်နှင့် ကြက်သွန်ကြော်နီနီရဲရဲကျွတ်ကျွတ်လေး ဖြူးကာ ဇွန်းတွေတပ်ပေးလိုက်တော့ အားလုံးက အုန်းအုန်းကျွက်ကျွက်။ သူ, ဆီထမင်းကို တစ်ဇွန်းခပ်စား၍ သူမကိုလှည့်ပြောလိုက်ပါသည်။

"ခိုင်နဲ့မတည့်ဘူးနော်"

"အင်းပါ"

ဖိုးနိုင်နှင့်ဖိုးကျော် တစ်ယောက်ကိုတစ်ယောက် မျက်စပစ်လိုက်ကြ၏။ သင်းတို့နှစ်ယောက်တော့ ထူးကိုထူးနေပါပြီ။ ဆီးသီးအချဉ်ကို ရသာပိုမှုန့်ဖြူး၍ချပေးပြန်တော့ သူ့ထံမှ အသံထပ်ထွက်လာပြန်၏။

"ဒါလည်း ခိုင်စားလို့မဖြစ်ဘူးနော်"

"သိပါတယ်"

"ဟော့ကောင် ကိုမောင်, မင်းတော့မဟုတ်တော့ဘူးနော်"

"အာ. . . ငါဘာဖြစ်နေလို့လဲ"

"မင်းပြောနေတဲ့စကားတွေလည်း ပြန်စဉ်းစားကြည့်ဦး"





"ဘာဖြစ်လဲ. . . ခိုင်က Gastric ပြန်ဖြစ်လို့တားတာပဲ။ ငါ့စကားထဲမှာ ဘာမှမရိုးသားတာမပါဘူး"

"မဟုတ်ပါဘူး။ မင်းပုံကိုက ပုံကိုပိုနေတာ"

"ဘာမှမပိုဘူး"

သူမ, လိမ္မော်သီးအခွံနွှာ၍ အမျှင်လေးတွေခွာနေစဉ် သူက သူမလက်ထဲမှ လိမ္မော်သီးစိပ်ကိုယူစားလိုက်ရာ ဉာဏာက ထအော်လေသည်။

"အန်တီခိုင် မျက်နှာမလိုက်နဲ့လေ"

"ဟဲ့. . . ဘာလဲ"

"ဦးမောင်ကိုပဲ ခွဲကျွေးနေပြီးတော့"

"ယူစားလေ, သားရယ်"

"မရဘူး. . . အန်တီခိုင့်လက်ထဲကဟာပဲ စားချင်တယ်"

"ကဲ. . . ရော့"

"ဟုတ်ဘူး. . . ခွံ့ကျွေးတာစားချင်တာ"

"ဟော့ကောင်"

"ကိုကိုဉာဏာနော်. . . ဖြူတောင် အဲဒီလိုဗိုလ်မကျဘူး"

"မရဘူး. . . အန်တီခိုင်က ငါ့ကိုအချစ်ဆုံး"

ဉာဏာက လေးဖက်ကုန်း၍ သူမရှေ့ပါးစပ်ဟပေးလိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူမက လိမ္မော်သီးစိတ်ကို ခွဲ့ကျွေးလိုက်ပါသည်။ ပုန်းညက်ဖြူက ဉာဏကျော်ကုန်းကို တဘုန်းဘုန်းထထုလေ၏။

ပြီးနောက်. . . သူနှင့်သူမကြားသို့ အတင်းလာတိုးထိုင်လိုက်လေသည်။

"ဟော. . . ဒါကဘယ်လိုဖြစ်တာလဲ"

"ဖြူ့တီတီကို ဦးမောင်မထိရဘူး"

"အမယ်လေး. . . တွန့်တိုနေလိုက်ကာ။ ထိတော့ဘာဖြစ်တုန်း"

"ဦးနိုင်နော်"

"ကဲ. . . ထိတယ်ဟာ"

မင်းရန်နိုင်က သူမလက်ဖမိုးလေးကို လက်ညှိုးနှင့် ထတို့လိုက်တော့ ပုန်းညက်ဖြူအော်ငိုလေတော့သည်။

"အား. . . ပြောနေတာတောင် ဆက်လုပ်တယ်။ တော်ပြီ။ ဦးနိုင်ကိုမချစ်တော့ဘူး"

"ဟာ. . . ဟိတ်. . . မငိုရဘူးလေ ဖြူဖြူ။ သြော်. . . ဒုက္ခပါပဲ။ ချစ်လို့စမှန်းလည်းမသိ"

"မသိဘူး. . . မသိဘူး။ တီတီကလည်း ကတိမတည်ဘူး"

"သမီးကလည်း ဦးတွေက ချစ်လို့စတာလေ။ ငိုစရာလား"





"ခုနဘာဖြစ်လို့ ကိုကိုဉာဏကိုခွဲ့ကျွေးတာလဲ"

"သူက ငတ်ကြီးကျလို့ပေါ့"

ဘုန်းမြင့်ကျော် ကျယ်ကျယ်အော်လိုက်သော်လည်း ပုန်းညက်ဖြူက သူမကိုကပ်မှီချ၍ နေရာမှမခွာတော့ပေ။ သူ တအံ့တဩဖြင့် သူမကိုငေးကြည့်နေမိသည်။ ဉာဏက စ၍မဆုံးတော့။

"အဲဒီလောက်တောင်ဖြစ်ကာ။ ငါ့နင့်အဒေါ်ကို ပါကင်ပ်တ်ပြီး နိုင်ငံခြားကိုပို့ပစ်လိုက်မယ်"

"ပို့ရဲပို့ကြည့်ပါလား။ ကိုကိုဉာဏကို ဖြူသေအောင်သတ်မှာ"

"အံမာ. . . သတ်ရဲလို့လား။ ပြောစမ်းပါဦး"

"သတ်မှာ. . . သတ်မှာ။ ဓားကြီးနဲ့ လည်ပင်းကိုလှီးသတ်မယ်"

"ဟဲ့. . . သမီးကလည်း အဲဒီလိုမပြောကောင်းဘူးလေ။ ဖွဟဲ့လွဲပါစေ. . . ဖယ်ပါစေ"

"အေး. . . ဒါဆိုပြီးတာပဲ။ စာမေးပွဲပြီးမှ အန်တီခိုင့်ကိုလာခိုးမယ်"

"ရမယ်. . . အားကြီးကြီး။ ဖြူက တီတီ့နားမှာ စောင့်အိပ်မှာ"

"စောင့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . တော်ကြတော့။ ကြည့်လို့တော်ပြီဆိုရင် ရေခဲမုန့်စား ပြီးပြန်ကြစို့"

"အေး. . . အဲဒါပဲကောင်းတယ်"

အပြန်မှာ ဖိုးနိုင်မောင်းသဖြင့် ဇိုးကျော်ပါ ရှေ့ခန်းကစီးပြီး သူနှင့်သူမ နောက်ခန်းမှလိုက်ခဲ့ရလေ၏။ နှစ်ဦးအတူထိုင်ခွင့်မရဘဲ မျက်နှာချင်းဆိုင်သာထိုင်ခွင့်ရသည့်သူတို့နှစ်ဦးကို ပုန်းညက်ဖြူက တစ်လမ်းလုံး မျက်စိဒေါက်ထောက်ကြည့်ခဲ့လေသည်။

ခက်တော့ခက်နေပြီ. . . နိုင်ရယ်။



## အခန်း ( ၁၄ )

"ငါသိတယ်နော်. . . ဖိုးညာ။ မင်း, မဟုတ်တရုတ်တွေလုပ် မယ်မကြံနဲ့။ နိုင်ကကျောပေးထားလို့မသိပေမယ့် ငါမြင်လိုက်ရတယ်"

"ဦးမောင်ကလည်း"

"ဟိုနှစ်ကောင်သိမှ ကျွိုင်တွေပူကုန်မယ်။ တိုးတိုးတိတ်တိတ် တောင်းတုန်း. . . မြန်မြန်ပေး"

"ဩော်. . . ဒီမှာ ဓာတ်ပုံတွေအကုန်ဖြန့်ပြထားပြီးသားလေ။ ပျက်သွားပါတယ်ဆိုနေမှ"

"မယုံဘူး. . . ဘယ်မှာလဲဖလင်လိပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ. . . ဒီမှာ. . . အပျက်တွေလည်းထည့်ထားတယ်"

အကန့်လိုက်စီထည့်ထားသည့် ဖလင်ကွက်တွေကို အလင်းရောင်မှာ သူထောင်ကြည့်လိုက်တော့ ရှေ့ပိုင်းပုံပျက်နေတာတွေ့မှ သူသက်ပြင်းချလိုက်ရ၏။

တော်ပါသေးရဲ့။ နဂိုကမှ ဖိုးနိုင်နှင့်ဖိုးကျော်က သူ့ကိုမကြည်ရသည့်ကြားထဲ ဒီပုံဖျင်မှ မိုးမီးလောင်မှာ။ ဖေဖေ့ကိုကတိပေးပြီးတာကို သိထားပြီးသားမို့ သူ့မှာ ဒီပွဲထဲဝင်နွှဲခွင့်မရှိဘဲ ဘေးမှာထိုင်၍ ပွဲကြည့်ပရိသတ်လုပ်နေရတာ။

ဖိုးနိုင်က Gift shop ကိုသွားပြီး သူမအတွက် လက်ဆောင်ပေး၍ဖွင့်ပြောဖို့ ထွက်သွားလေပြီ။ ညက သူတို့နှစ်ယောက်မဲနှိုက်တာ ဖိုးနိုင်က မဲကျခဲ့တာကိုး။ ဖိုးနိုင်ကိုအပြတ်ငြင်းမှသာ ဖိုးကျော်က လှုပ်ရှားခွင့်ရှိပေမည်။ အင်း. . . သူတို့ကတော့ သူတို့ဟာသူတို့အစီအစဉ်တကျဖြင့်လုပ်ဆောင်နေပေပြီ။ သူ့မှာသာ နှုတ်ကတိတစ်ခွန်းကို အသက်နှင့်ထပ်တူတည်ရတော့မှာပါလား။

ဆိုင်ရှေ့မှာကားကိုရပ်၍ ဆိုင်ထဲကိုဝင်ခဲ့တော့ သူမကို ပန်း





စည်းတွေပြင်ခိုင်းနေရင်း အဆင်သင့်တွေ့ရလေ၏။ ဖက်ဖူးရောင်ဘလောက်စ်ပွပွကို အုန်းခွံရောင်ပါတိတ်ဖြင့်တွဲဝတ်ထားသဖြင့် ရင့်ကျက်တည်ငြိမ်စွာ လှပနေသည့်သူမကိုကြည့်၍ မင်းရန်နိုင်, ကြည်နူးသွားရသည်။ ကလေးတွေစာမေးပွဲဖြေရန် ကျောင်းတွေပိတ်ထားပြီမို့ ဒီအချိန်ကို သူတို့အချိန်ကောင်းအဖြစ်ရွေးချယ်ခဲ့ခြင်းဖြစ်လေ၏။ အင်း. . . အတိတ်နိမိတ်ကောင်းပါစေလေ။

"နိုင်"

"ဟော. . . ကိုနိုင်၊ ဘာလဲ, မွေးနေ့ရှိလို့လား"

"ဟင့်အင်း. . . မရှိပါဘူး။ ဒီကိုပဲသက်သက်လာခဲ့တာပါ"

သူမ အံ့ဩသွားမိသည်။ အိမ်ကိုဝင်ထွက်နေတာတောင်မှ သီးသန့်လာတွေ့ပုံထောက်ရင် ကိုနိုင်တော့မရိုးတော့ဘူးထင်ပါရဲ့။ သူမရင်ထဲမှာ တစ်မျိုးလေးဖြစ်သွားရ၏။ မျှော်လင့်ထားသည့်လူက ပေါ်မလာဘဲ မမျှော်လင့်သည့်လူက ရောက်လာပါရောလား။

"အပြင်မှာ တစ်ခုခုလိုက်စားပါလားနိုင်။ ကိုယ်ဆွေးနွေးစရာကိစ္စလေးရှိလို့ လာခဲ့တာပါ"

"ကျွန်မ မဆာဘူးကိုနိုင်ရဲ့။ ပြောစရာရှိရင် ရုံးခန်းထဲမှာ ပြောလို့ဖြစ်ပါတယ်။ ဘယ်သူမှမရှိပါဘူး။ အိရေ. . . အအေးနှစ်ပုလင်းလာပို့ပေးပါသမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါမမ"

ရုံးခန်းတံခါးကိုဖွင့်၍ သူမက အတွင်းဘက်ဆုံလည်ကုလားထိုင်မှာဝင်ထိုင်၍ စားပွဲရှေ့ထိုင်ခုံမှာ ကိုနိုင့်ကို ထိုင်ခိုင်းလိုက်ပါသည်။ မင်းရန်နိုင်တွေးလိုက်မိသည်က Interview လာဖြေသည့်လူငယ်လေးလိုဖြစ်နေလေ၏။ ဒခင်း. . . မတူးပါဘူး။ အခုလည်းသူက ခိုင့်ထံမှာ ချစ်ခွင့်အဖြေလာတောင်းတာပဲမဟုတ်လား။

"ကိုနိုင်တို့သူငယ်ချင်းသုံးယောက်စလုံးကို. . . ကျွန်မသိပ်ကျေးဇူးတင်တယ်သိလား။ ကလေးတွေ စာမေးပွဲအတွက်လည်းအားရတာအမှန်ပဲ။ တစ်ခုပဲစိုးရိမ်တာ, ကျွန်မဆယ်တန်းဖြေတုန်းက Gastric ဖြစ်တာနဲ့ D နှစ်လုံးပဲထွက်ခဲ့ရတယ်။ သူတို့ကို ကျွန်မလိုမဖြစ်စေချင်ပါဘူး။ အဲဒါကိုပဲသတိထားနေရတာ"

ဒုက္ခပါပဲ. . . ပြောစရာအစရှာမရပါဘူးဆိုနေမှ သူမထံမှကျေးဇူးတင်စကားက အရင်ပလ္လင်ခံနေသည်မို့ဇောချွေးတွေတောင်ပြန်လာမိသည်။

"ကိုနိုင်ဘာပြောမလို့လဲ. . . ပြောလေ"

"ဟိုလေ. . . ဟိုဥစ္စာ"

"ဩော်. . . ငွေချေးချင်လို့လား, ရပါတယ်ကိုနိုင်ရဲ့။ မောင်နှမတွေပဲဟာ. . . ရှက်စရာမလိုပါဘူး။ ရဲရဲပြော. . . ကျွန်မဆိုင်





ဒီလမှာ အရမ်းရောင်းကောင်းထားလို့ ငွေတော်တော်များများရှိတယ်။ တော်သေးတာပေါ့။ ဘဏ်မအပ်ခင် အရောက်စောလို့"

"မဟုတ်ဘူးခိုင်ရဲ့"

"ဟယ်. . . မဟုတ်ဘူးလား။ ဒါဖြင့်ဘာလဲ"

"ကိုယ်. . . ခိုင့်ကို. . . ခိုင့်ကို လက်ထပ်ခွင့်လာတောင်းတာပါ"

"ရှင်! "

"ဟုတ်တယ်, မျက်နှာတော့တော်တော်ပူတယ်။ ကိုယ့်မှာက"

အခန်းထဲသို့ အိဖြူဝင်လာသဖြင့် မင်းရန်နိုင်စကားက တစ်ဝက်မာရပ်သွား၏။ သူမ သက်ပြင်းတစ်ချက်ကို မသက်မသာချလိုက်မိသည်။ ထင်တော့ထင်သား။ သူတို့နှစ်ဦး၏အကြည့်တွေက မရိုးသားပါဘူးလို့။

"ကိုယ့်မှာက တစ်ဦးတည်းသောသားဆိုတော့ မိဘတွေအမွေကို ကိုယ်တစ်ဦးတည်းပိုင်ရမှာလေ။ ကိုယ်ကိုယ်တိုင်. . . ရှာဖွေစုဆောင်းတဲ့အရာတွေကို စီးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုသလို ထိန်းသိမ်းအုပ်ချုပ်နိုင်မယ့်အိမ်ရှင်မအရာ ကွက်လပ်လေးဖြည့်ဖို့လိုအပ်နေလို့ပါခိုင်။ အဲဒါ. . . "

"ခဏလေး. . . ကိုနိုင်, ကျွန်မပြောပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ရယ်. . . တစ်ခါတည်းတော့ အပြတ်မပြောင်းလိုက်ပါနဲ့။ နိုင်က ဒီကိစ္စတွေနဲ့အစိမ်းသက်သက်မှန်း ကိုယ်နားလည်ပြီးသားပါ။ အခုချက်ချင်းအဖြေပေးပါလို့ ကိုယ်မတောင်းဆိုပါဘူး။ နိုင်ကြိုက်သလောက်အချိန်ယူပြီးစဉ်းစား. . ."

"မဟုတ်ဘူး. . . ကိုနိုင်ရဲ့ ကျေးဇူးပြုပြီး ကျွန်မပြောတာကိုလည်း နားထောင်ပေးပါဦး။ အရင်ဆုံး ကျွန်မမိသားစုအကြောင်း စပြောပါရစေ။ ကျွန်မမှာ မောင်နှမ (၆)ယောက်ရှိတယ်။ ကျွန်မက အငယ်ဆုံး, အထက်မှာ အစ်ကို (၅)ယောက်ရှိတယ်။ အစ်ကိုတွေ လင်မယားတွေက. . . အလုပ်လုပ်ဖို့ နိုင်ငံအနှံ့ရောက်နေတာပါ။ ကလေးတွေ ပညာရေးဒုက္ခရောက်မှာစိုးလို့ ကျောင်းနေစအရွယ်ကတည်းက ကျွန်မဆီပို့ခဲ့ကြတာ။ မိဘတွေဆုံးတော့ အမွေခွဲကြရင်း ကျွန်မကလူလွတ်မို့ အနည်းဆုံးဝေစုကိုပဲယူခဲ့ပါတယ်။ မေမေ့မှာ မောင်တစ်ယောက်ရှိတယ်။ လေးလေးက လူပျိုလူလွတ် ကိုယ်ပိုင်ကုမ္ပဏီနဲ့ချမ်းသာတယ်။ ကျွန်မပြောချင်တာက အဲဒီလေးလေး ကိစ္စပါပဲ။ လေးလေး. . . ကျွန်မကို ငယ်ငယ်ကတည်းက ထိန်းကျောင်းလာလို့ သိပ်ချစ်လွန်းရှာတယ်။ သူပိုင်ဆိုင်သမျှအမွေတွေဟာ ဘယ်တူ၊ ဘယ်မြေးအတွက်မှမဟုတ်ဘဲ ကျွန်မအတွက်တဲ့။ ကျွန်မအမွေမမက်ပါဘူး။ ဒါပေမဲ့. . . လေးလေးရဲ့စကားကို ကျွန်မ





ငယ်ငယ်ကတည်းက နားထောင်လာခဲ့ရတာပါ။ ခုလေးလေးက ကျွန်မကို သူ့သူငယ်ချင်းရဲ့သားနဲ့သဘောတူပြီး ဒီနှစ်ထဲမှာလက်ထပ်ပေးမယ်လို့စီစဉ်ပြီးသွားပြီ။ ဒီကိစ္စကို ကျွန်မငြင်းပိုင်ခွင့်မရှိပါဘူး။ ဒီတော့ ကိုနိုင်မှမဟုတ်ဘူး၊ ဘယ်ယောကျ်ားတစ်ယောက်ကိုမှ လက်ထပ်ဖို့စဉ်းစားခွင့် ကျွန်မမှာမရှိလို့ပါရှင်"

"နိုင်ရယ်. . . နိုင့်အဖြစ်က ချစ်ချစ်မချစ်ချစ် ဒ[illegible]ကိုမလွှဲမသွေလက်ထပ်ရမယ့်ပုံပါလား"

"အဲဒီအတိုင်းပဲဖြစ်နေလို့ပါ"

"နှလုံးသားကို အဲဒီလိုအမိန့်ပေးလို့ရရောလားနိုင်"

"ကျွန်မမသိဘူးကိုနိုင်။ ကျွန်မက ချစ်ခွင့်မပိုင်တဲ့ဘဝမို့ပါရှင်"

မျက်ရည်တွေဝဲ၍ ငြိမ်သက်သွားသည့်သူမကိုကြည့်နေရင်း မင်းရန်နိုင်စိတ်ဆင်းရဲစွာဖြင့် ထပြန်လာခဲ့ရလေသည်။ ကံကြမ္မာရယ်. . . ဘယ်လိုများလှည့်စားလိုက်တာတဲ့လဲ။ ပန်းချီပြခန်းထဲက အင်မတန်လက်ရာမြောက်လှသည့်ပုံကိုမှ လိုချင်ဘူကို Not for sell ဆိုင်းဘုတ်ချိတ်ထားတာမျိုးဖြစ်နေပါရောလား။



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီဝန်ထမ်းလေး လာပေးသွားသည့်စာအိတ်ကို လှည့်ပတ်ကြည့်လိုက်မိ၏။

ဒါ. . . မြန်မာပြည်ကစာပဲ။ နောက်ဘက်ကို လှန်ကြည့်မိစဉ် သားဖြစ်သူနာမည်ဖြင့်မဟုတ်ဘဲ ဉာဏဖြစ်နေသဖြင့် ဦးသက်မင်းမောင် အံ့ဩသွားရ၏။ အမယ်. . . ငါ့မြေးက ဘာတွေများ တွေ့တွေ့ထူးထူးပူဆာပြီး ရေးထားတာပါလိမ့်။

စာအိတ်ကို ကတ်ကြေးလေးဖြင့် အသာညှပ်၍ဖွင့်လိုက်စဉ် ဓာတ်ပုံတစ်ပုံက ဒေါက်ခနဲကျလာလေ၏။ ကောက်ယူကြည့်လိုက်မိတော့, ဗုဒ္ဓေါ. . . သားဖြစ်သူနှင့် မိန်းကလေးတစ်ယောက် အပြန်အလှန်ကျစ်ကျစ်ပါအောင် ဖက်ထားသည့်ဓာတ်ပုံဖြစ်နေပါရောလား။

ကြည့်စမ်း. . . သင်းပြောတော့ဖြင့် ရည်းစားမရှိဘူးဆိုပြီး ငါမသိအောင် ခြေပုန်းခုတ်နေပါရောလား။ စာရွက်ခေါက်ဖြူလေးကို အမြန်ဖွင့်ဖောက်လိုက်မိသည်။

"ဘိုးဘိုး...

ညာ အရေးတကြီးစာရေးလိုက်ပါတယ်။ ဒီစာကိုရေးရင်းနဲ့ ဘိုးဘိုးကျန်းမာပါစေလို့ ဆုတောင်းပေးပါတယ်နော်။





ဘိုးဘိုးရေ...ဓာတ်ပုံထဲမှာ ဘိုးဘိုးမြင်တဲ့အတိုင်းပါပဲ။ ဦးမောင်နဲ့ အန်တီခိုင်တို့ တစ်ယောက်ကိုတစ်ယောက် မခွဲနိုင်မခွာရက်အောင် ကျိတ်ပြီးချစ်နေပါပြီ။ ဒါပေမဲ့ ...ဦးမောင်က ဘိုးဘိုးပေးစားတဲ့မိန်းမကိုပဲ တစ်နေ့ယူရမှာမို့ အန်တီခိုင့်ကို ရှေ့ဆက် အဆက်ဖြတ်ဖို့ကြံစည်နေပါတယ်။ ဘိုးဘိုးပေးထားတဲ့အချိန်နောက်ကျပြီးမှ သူတို့နှစ်ယောက်ကြိုက်သွားကြတာ... အန်တီခိုင်ဆိုတာ ဦးနိုင်တို့သုံးဦးစလုံးဝိုင်းပိုးခဲ့ကြတဲ့တစ်ယောက်ပါပဲ။ မှုကိစ္စနိုင်နင်းသလို စီးပွားလည်း အရှာတော်တဲ့အမျိုးသမီးတစ်ဦးပါ။ ရုပ်ရည်နဲ့ ခန္ဓာကိုယ်ကတော့ အပြစ်ပြောစရာမရှိတာ ဘိုးဘိုးမြင်တဲ့အတိုင်းပါပဲ။ ညာတို့ညီအစ်ကိုတွေက ဦးမောင်ကို အန်တီခိုင်နဲ့ပဲသဘောတူတာပါ။ ခက်တာက ဘိုးဘိုးသားအလိမ္မာက သူ့ရင်သူအကွဲခံပြီး အန်တီခိုင့်ကိုအဆက်ဖြတ်ဖို့ စီစဉ်နေတာပါပဲ။ ဦးမောင်သာအဆက်ဖြတ်လိုက်ရင် ဘွာနွေရှင်အန်တီခိုင် ရှက်လွန်းလို့ သူ့ကိုယ်သူသတ်သေမှာ သေချာပါတယ်။ အဲဒါ ဘိုးဘိုး...ဦးမောင်ကို ကြည့်စီစဉ်ပေးပါလို့တောင်းပန်ပါရစေ။

ဘိုးဘိုးရေ...ညာတို့စာမေးပွဲအတွက် ready ဖြစ်နေပါပြီ။ ညာက ဆေးမှတ်ဝင်ဖို့ သေချာပြင်ဆင်ထားတာပါ။ ညာ...ဒီပုံနဲ့ဒီစာကိုပို့တာ ဦးမောင်မသိဘူးနော်။ အဲဒီ ဘိုးဘိုးနှုတ်လုံပါ။ ဘိုးဘိုးသားလည်း အသည်းကွဲပြီး သူ့ကိုယ်သူ suicde လုပ်သွားရင်တော့ ညာတို့လည်း မတတ်နိုင်ဘူး။ ဦးမောင်



www.burmeseclassic.com

www.burmeseclassic.com



အသက်တာ ဘိုးဘိုးလက်ထဲမှာပဲရှိနေပါတယ်။

အလွမ်းများစွာဖြင့်...
ဘိုးဘိုးရဲ့သားအချစ်မြေးအနှစ်
ဖိုးညာ (ဉာဏ)"

အမယ်. . . သင်းက ဦးလေးဘက်က ရာနှုန်း (၁၀၀)နဲ့ အစီရင်ခံစာ တင်လိုက်တာပါလား။ ဟွန်း. . . ထားပါ, ထားပါ။ ခွင့်ပေးတုန်းကဖြင့်မထားခဲ့ဘဲနဲ့ အချိန်လွန်မှ ထကြိုက်လို့ရမှာတဲ့လား။ အခန်းတံခါးခေါက်သံနှင့်အတူ အခန်းထဲသို့ ဦးသော်တာမြိုင်ဝင်လာလေ၏။

"ဟော့. . . ဖိုးသက်, ဘာတွေဖတ်နေတာလဲ"

"ငါ့မြေးဆီကစာပါ"

"အမယ်. . . မြေးက ဖိုးအေဆီ စာတွေဘာတွေပို့လို့ပါလား။ ငါ့ရဲ့မြေးမတွေကဖြင့် စာရေးဖို့သတိမရပေါင်။ သူတို့လိုချင်တာ ပူဆာဖို့ပဲတတ်တယ်"

"မင်းမြေးမတွေက ဘယ်နှယောက်ရှိလို့လဲ"

"တူငါးယောက်မွေးလိုက်တာ မြေးမ (၇) ယောက်တောင်





ပေါ့"

"အားပါးပါး. . . တစ်ပြိုင်တည်း အပြိုင်အဆိုင်လှလိုက်မယ့်မြေးမတွေပေါ့။ အေး. . . ငါလည်း မြေးမချောချောလေးတွေပဲ လိုချင်တာပါ။ ငါ့သားကြီးနဲ့သမီးကမွေးတော့ မွေးပေးပါရဲ့. . . မျောက်လေးကောင်ဟော့"

"ဟား. . . ဟား. . . ဟား. . . ဟား. . . ပျော်စရာကြီးပေါ့ကွ။ ငါလည်း မျောက်လေးတွေထိန်းချင်တာပေါ့။ တစ်ခါလာလည်း မြေးမ, နောက်တစ်ခါလာလည်း မြေးမနဲ့။ အငယ်ဆုံးကျန်တဲ့တူမကို မားကြိမ်းတုတ်ကြိမ်းကြိမ်းပြီး ယောက်ျားအတင်းပေးစားမလို့ကြံနေတာလေ။ ဒါမှ ငါ, မြေးယောက်ျား ရကောင်းရနိုင်မှာ"

"ဟာ. . . ငါနဲ့အကြံတူလှချည်လား။ ငါလည်း ငါ့အငယ်ဆုံးသားကို မိန်းမအတင်းပေးစားပြီး မြေးမမွေးခိုင်းမလို့ကွ။ ဟား. . . ဟား. . . ဟား. . . ဟား"

"အကြံတူရန်သူနော် ဖိုးသက်။ မင်းသားက ဘယ်အရွယ်လဲ၊ ဘာလုပ်လဲ"

"(၂၉) (၃၀)ပေါ့ကွ. . . ဆရာဝန်"

"ဘယ်ဆိုးလို့လဲ, ငါ့တူမလည်း အဲဒီအရွယ်ပဲ။ ဒါပေမဲ့. . . သူဟာသူစီးပွားရှာတက်ပါတယ်။ အိမ်ရှင်မပီသတယ်။ စည်းကမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးတယ်. . . လှမှလှ"

"ဟင်း. . . ခက်တာက, ငါ့သားက ခုရည်းစားရသွားပြီကွ။ ကောင်မလေးက ငြင်းစရာတစ်ချက်မှမရှိတော့ ငါ့ဘက်က လျှော့ရမလိုဖြစ်နေပြီ"

"မင်းမြင်ဖူးလို့လား"

"ဒီမှာလေ. . . ငါ့မြေးက ဓာတ်ပုံပို့ပေးလိုက်တယ်"

ဦးသော်တာမြိုင်ဓာတ်ပုံကို ယူကြည့်လိုက်ရင်း မျက်လုံးအစုံပြူး၍ သွားရ၏။ ဒါ. . . ဒါ. . . မိခိုင်ပုံပါလား။ ဟုတ်ပါတယ်။ ဒီကိုယ်လုံးကိုယ်ပေါက်အချိုးအစားနဲ့ ဘေးတိုက်မြင်နေရတဲ့မျက်နှာတစ်စောင်းဟာ ချွတ်စွပ်ကြီးတူနေတာပဲ။

"သူ. . . သူ. . . ဘယ်သူလဲ"

"ဖိုးညာပြောကာတော့ ခိုင်တဲ့"

"ဟင်! "

"နေဦး. . . ဟိုတစ်ခါ ဖုန်းဆက်ပြောတာ ရှေ့ကပန်းနာမည်ပါပဲ။ ဘာပန်းလဲတော့ ငါသိပ်မမှတ်မိတော့ဘူး"

"နှင်း. . . နှင်းပန်းခိုင်လား"

"ဟာ. . . အေး. . . ကွက်တိပဲ။ ကောင်းလိုက်တဲ့ခေါင်း"

"သေစမ်းဟဲ့, အဲဒါငါ့တူ ဟ"





"ဟေ. . . ဟုတ်လား"

သူတို့နှစ်ဦး ရုံးခန်းထဲမှာ အားပါးတရရယ်မောလိုက်ကြလေ၏။ ကဲ. . . တစ်ခါတစ်ရံမှာ ထင်မှတ်မထားတာတွေဟာ အမှန်တကယ်ဖြစ်လာတတ်တာပါလား။

"နေဦး. . . နေဦး, အခု ငါ့သားက မင်းတူမကိုအဆက်ဖြတ်ဖို့ကြံနေပြီ"

"အံမာ. . . ရမလားကွ"

"နေပါဦး. . . ငါပြောပြပါ့မယ်"

ဦးသက်မင်းမောင်ရှင်းပြတော့ ဦးသော်တာမြိုင်က ခေါင်းညိတ်ရင်း တဟားဟားအော်ရယ်နေပြန်၏။

"ကြည့်စမ်း. . . ဒီနေရာမှာမှ ငါတို့သူငယ်ချင်းနှစ်ယောက်က ဘာဖြစ်လို့လာတူနေရတာလဲ။ ငါလည်း မိခိုင်ကို ဒီလိုပဲစီစဉ်ပေးထားတာလေ"

"ဟုတ်လား. . . ဒါဖြင့်ရင် သူတို့နှစ်ယောက်ကို နည်းနည်းလောက်ညှဉ်းဆဲဦးမှပဲ။ ဒါမှ ပွဲကကြည့်ကောင်းမှာ. . . ဘယ့်နှယ်နှစ်ဦးစလုံးကလည်းကြိုက်၊ လူကြီးတွေကအစ သဘောတူနေရင် ဇာတ်လမ်းက ကြည့်မကောင်းဘူး။ ကိုရီးယားဇာတ်လမ်းတွေလို နည်းနည်းတော့ရှုပ်အောင် နှောက်ပေးမှပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အဲဒါကောင်းတယ်။ ငါလည်း ငါ့ရုံးက ရုပ်ဆိုးဆိုး ဝန်ထမ်းကောင်လေးခါတ်ပုံကို မိခိုင်ဆီပို့ဖို့စိတ်ကူးနေတာ"

"OK မဆိုးဘူး။ ငါလည်း ငါ့ဝန်ထမ်းထဲက ရုပ်သိပ်မလှတဲ့ မိန်းကလေးပုံကို ပို့ပေးလိုက်မယ်။ ကြည့်စမ်း. . . ကောင်းလိုက်တဲ့ Idea။ ဒါမှ သင်းတို့နှစ်ယောက်. . . တစ်ယောက်ကိုတစ်ယောက် အသက်ပုံပေးပြီးချစ်တာကိုမြင်ရမှာပဲ"

"OK လာစမ်း. . . သူငယ်ချင်း"

"ဖြောင်း! "

လူကြီးနှစ်ဦး လက်ဝါးချင်းရိုက်လိုက်ကြလေ၏။ ပျော်စရာ ကစားနည်းအသစ်တစ်ခုရသွားပြီကိုး။

"ဘာ. . . သူက အဲဒီလိုပဲပြောလိုက်တယ်။ ဟော့ကောင်. . . မဖြစ်နိုင်ဘူး. . . ငါမယုံဘူး။ မင်းကိုငြင်းချင်တာနဲ့ သူတမင်ပြော လိုက်တာနေမှာ"

"ငါတကယ်ပြောနေတာပါကွ။ ခိုင်စဉ်းစားချင်ရင် အချိန် ကြိုက်သလောက်ယူပါဆိုတာတော့င် ခေါင်းကိုသွက်သွက်ခါပြလိုက်





လေရဲ့"

"ဟိုက်. . . သွားပါပြီ။ ဒါဖြင့် ငါပြောရင်လည်း သူဒီလိုပဲပြန် ပြောမှာပေါ့"

"အေးပေါ့, ဒါပေမဲ့. . . ရလဒ်ချခြားပြောကြည့်လိုက်ပါကွာ။ ကိုမောင်ကမှ ဘာမှမပြောဖြစ်လို့ ဘာမှမခံစားရတော့ဘူး။ ငါတို့ ကျမှတိုက်တိုက်ဆိုင်ဆိုင်ကွာ"

သူတို့ပြောသမျှစကားတွေကို သူအားလုံးကြား. . ပါ၏။ ကိုယ်လည်း ခိုင့်လိုပါပဲ။ အချိန်တန်ရင် မိဘပေးစားတဲ့မိန်းမကို မျက်စိစုံမှိတ်ပြီးလက်ထပ်ရမှာပါ။

ဒီလိုသာဆိုရင် ကိုယ်နဲ့ခိုင်က ချစ်လျက်နဲ့ဝေးကြရတော့မှာ ပါလား။ ခိုင့်မျက်ဝန်းမှ သံယောဇဉ်အရိပ်လေးတွေကို ကိုယ်သရုပ် ဖော်တတ်ခဲ့တာကြာပါပြီ။ ကိုယ်ဖွင့်ပြောလိုက်တာနဲ့ ခိုင်ခေါင်းပြန် ညိတ်မယ်ဆိုတာ ကိုယ်နားလည်ပြီးသားပါ။ ဒါပေမဲ့. . . ခိုင်ရယ်, ကိုယ်တို့နှစ်ဦးကြားမှာ ခြားထားတဲ့စည်းက မဟာတံတိုင်းကြီးဖြစ် နေပါရောလား။

လသာဆောင်မှာရပ်၍ မိုးပေါ်ကိုမော့ကြည့်ရင်း သက်ပြင်း တွေကိုသာ အခါခါချနေမိသည်။ ချစ်ခွင့်မပိုင်တဲ့ဘဝတဲ့လားခိုင်။ ကိုယ်ရော ဘာထူးသေးလို့လဲ။ နှလုံးသားငုပ်ကောင်လေး အိပ်ပျော်



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ နိုးထရန်ပြင်နေစဉ် အိပ်ဆေးဖမ်းတိုက်ပြီး ပြန်အိပ်ခိုင်းတဲ့ အဖြစ်မျိုးဖြစ်မနေပြီလေ။

အချစ်ဆိုတာ မချမ်နဲ့လို့အမိန့်ပေးလို့ရနိုင်မှာ ဂဲလား။ ရင်ခုန်လှုပ်ရှား စိတ်ကစားတဲ့ဆယ်ကျော်သက်ချစ်ခြင်းတွေမှ မဟုတ်တာပဲ။ အရွယ်ရောက်သူနှစ်ယောက်မှာ ပွင့်ပွင့်လင်းလင်းချစ်ပိုင်ခွင့်မရှိတာတော့ အင်မတန်ရက်စက်ရာကျလွန်းပါတယ် . . . ခိုင်ရယ်။

လူမှန်ရင် အချစ်ကို တစ်ကြိမ်တစ်ခါတော့ တွေ့ကြုံရမှာ အမှန်ပါပဲ။ ကိုယ်, ခိုင့်ကိုမြတ်မြတ်နိုးနိုးနဲ့ချစ်ခဲ့မိတာပါ။ ဟကယ်လို့များ အချစ်ရဲ့စေစားရာမှာ ကိုယ်နစ်မျောပါခဲ့မယ်ဆိုရင် ကိုယ်ခေါ်ရာနောက်လိုက်ခဲ့ဖို့ ခိုင် . . . သတ္တိတွေမွေးနိုင်ပါ့မလားကွယ်။



## အခန်း ( ၁၅ )

(၉)တန်းတွေက ဆရာစစ်မို့ စာမေးပွဲပြီးသွားပါ၏။ ဆယ်တန်းတွေစာမေးပွဲဖြေတာနောက်ဆုံးရက်မို့ ကိုကျော်က ကားဖြင့်သွားကြိုနေလေသည်။ ဒင်ယ်သုံးယောက်နှင့်အတူ ခြံထဲမှာ သစ်ရွက်ခြောက်တွေကောက်နေချိန် Postman က စာလာပို့လေ၏။ သူမ, စာကိုယူကြည့်လိုက်တော့ နိုင်ငံခြားမှ လေးလေးပို့လိုက်သည့်စာဖြစ်နေလေသည်။ အိမ်ထဲဝင်၍ ဧည့်ခန်းမှာ စာအိတ်ကိုဖွင့်ကာ စာခေါက်လေးကို အရင်ဖွင့်ဖတ်လိုက်၏။

"မိခိုင် . . .

ငါစာရေးလိုက်တယ်၊ ညည်းတို့တူအရီးတွေအားလုံး နေကောင်းကြတယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ အေး…ငါလည်းနေ ကောင်းတယ်၊

မိနိုင်…ညည်းကိုပြောထားတဲ့ကိစ္စ ငါဓာတ်ပုံပို့ပေးလိုက်တယ်၊ ကောင်လေး က ရုပ်သိပ်မချောပေမယ့် အေးပါတယ်၊ အလုပ်လည်း ကြိုးစားတယ်၊ ချမ်း လည်းချမ်းသာတယ်၊ ပြီးတော့…တစ်ဦးတည်းသောသားပဲ၊ သူ့မိဘတွေဆီက အမွေရမှာ အနည်းဆုံးဂဏန်း (၇)လုံးလောက်ရှိမယ်၊ ငါစုံစမ်းပြီးပြီ၊ ဒီတော့… ညည်း သူနဲ့လက်ထပ်ရမယ်၊ ယောက်ျားဆိုတာ အဆင်းထက် အချင်းရှိဖို့ ပိုအရေးကြီးတာ၊ ညည်းနားလည်မှာပါ၊ ငါ December ထိ မစောင့်တော့ဘူး၊ April အမီပြန်လာ ပြီး ညည်းတို့ကို မင်္ဂလာဆောင်ပေးမယ်၊ သတို့သားပါ တစ်ခါတည်းခေါ်လာမှာ၊ ဂဏှာမငြိမ်ဖြစ်နေမယ်မကြံနဲ့၊ ညည်းအမေ ငါ့အမ်မရဲ့စကားကို ငါနားထောင်ရင် ညည်းက ပိုနားထောင်သင့်တာကိုသိ၊ ဒါပဲ

ညည်းရဲ့လေးလေး
သော်တာမြိုင်"

ဓာတ်ပုံကို စက္ကူအိတ်နှင့်ထည့်ထားတာမို့ သူမ စက္ကူအိတ် ကိုဖွင့်လိုက်ပါ၏။ ပုန်းညက်ဖြူက သူမဂဘားမှာ ဝင်ထိုင်လိုက်လေ သည်။





"ဟင်…"

အမယ်လေး! ရုပ်ဆိုးလိုက်တာနော်။ သွားကခေါခေါ၊ နဖူးက မောက်မောက်၊ ဒီကြားထဲ မျက်လုံးကပြူးသေး၊ မျက်နှာမှာလည်း ဝက်ခြံတွေထင်ပါရဲ့။ မည်းသည်းနေတဲ့အရောင်က Colour ဓာတ်ပုံ ကြောင့် သိသာလွန်းပါ၏။

ဒီပုံကို…ဒီပုံကြီးကို သူမလက်ထပ်ရမှာတဲ့လား။ အမယ် လေး…ညတစ်ရေးနိုးထရင်တောင် လန့်အော်မိမယ့်ရုပ်ကြီးကို သူမမျက်နှာကိုအုပ်၍ ချုံးပွဲချငိုချလိုက်မိလေ၏။ သွားပါပြီ။ သွား ပါပြီ။ ငါ့ဘဝတော့ ဆုံးတော့မှာပါလား။

"တီဘီ…တီတီ, ဒါ…တီတီလက်ထပ်ရမယ့်လူပုံလား"

သူမ ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်တော့ ဖြူကပါ လိုက် အော်ငိုလေတော့သည်။ အပြင်မှာကျန်နေခဲ့သည့် ဝါဝါနှင့်နက်နက် ပါ ငိုသံတွေကြောင့် အပြေးဝင်လာပြီး ဓာတ်ပုံကိုယူကြည့်ကြလေ ၏။

"အမယ်လေး…ရုပ်ဆိုးလိုက်တာ။ တီတီနဲ့ ဘယ်လိုလိုက် ဖက်မှာလဲ။ အန်ချင်စရာကြီး…သဘောမတူပါဘူး။ ဦးမောင်လို ချောချောလေးရှာမပေးဘဲ ဘိုးလေးက ဘာတွေမက်ပြီး ဒီလူကိုမှ ရွေးရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သန်းကြွယ်သူဌေးလေးလေ. . . မဝါရဲ့။ စာထဲမှာပါတယ်"

"အို. . . အဲဒီငွေတွေက ဘာလုပ်ရမှာလဲ။ ငွေပုံပေါ် ထိုင်ပြီး စိတ်ဆင်းရဲနေတာထက် သေလိုက်တာကမှ ကောင်းဦးမယ်။ စိတ်ညစ်စရာကြီးဟယ်။ ဇေလုဝတောင်မှ သူ့ထက်ချောဦးမယ်"

ဝါပါ့စကားကြောင့် သူမဝမ်းနည်းငိုကြွေးရှိန်က ပိုမြင့်သွားရတော့သည်။ သွားပါပြီ။ သူမကမ္ဘာတော့ လုံးဝကိုပျက်ပါရောလား။ လေးလေးရွေးပေးတဲ့လူကို ဒီလောက်ထိရုပ်ဆိုးဆိုးလူဖြစ်နေမယ်လို့ထင်မထားမိတာအမှန်ပါ။ ခုတော့. . . ခုကော့. . .

"ဟာ. . . အကျိုးနည်း. . . ဖေဖေကလည်းဗျာ။ ဒီ့ထက်ရုပ်ဆိုးတာရှာမတွေ့ဘူးလားမသိပါဘူး"

"ဘာလဲဟင်. ဦးမောင်"

"ဒီမှာလေ. . . မင်းတို့အတွက် အန်တီလေးပုံတဲ့ကွာ"

"အာ. . . ရုပ်ကြီးက စုတ်ပွဲလိုက်တာလွန်ပါရော။ ဝလိုက်တာမှ ဝက်ကတောင် အမေပြန်ခေါ်ရမယ်။ အားလားလား. . . သွားပါပြီ။ သားတို့က ချောချောလှလှလေးလို့ထင်ထားတာ"





သူ့ ဖျာပေါ် ပက်လက်လှန်ချလိုက်တော့၏။ သွားပါပြီ. . . သွားပါပြီ။ လုပ်ချလိုက်တာမှ အသေပါပဲလားဖေဖေရာ။ သားအပေါ်မှာ ဒီလောက်ထိရက်စက်တာတော့မကောင်းပါဘူး။ ကိုယ်တိုင်လည်း ချမ်းသာနေရဲ့သားနဲ့ ဒီသန်းကြွယ်သူဌေးသမီးကိုမှ ဘာဖြစ်လို့မျက်စိသွားကျရတာပါလိမ့်။

မျက်နှာကပြဲပြဲ၊ နှာခေါင်းက ခွေးဘီလူးနှာခေါင်းလိုလုံးလုံးပွပွ။ ပါးစပ်က ပြဲလိုက်တာမှလွန်ရော။ နဖူးကလည်းလေယာဉ်ကွင်းအတိုင်း. . .။ ဒီကြားထဲ ဆံပင်က ကာပွလီမလိုလိပ်ထားလိုက်သေးသည်။ ပွင့်ကမှ ချစ်စရာတပွေ့တပိုက်ကြီးမို့တော်ပါသေး၏။

အမယ်လေးလေး. . . ညဘက်အိပ်ရင် တခေါခေါဟောက်မယ့်ပုံစံကြီး, တော်ကြာ. . . သူ့ကိုယ်လုံးကြီးနဲ့ဖိမိလို့ကတော့ တစ်ကိုယ်လုံး ဂျွတ်ဂျွတ်ကျိုးရချည်ရဲ့။

"ဦးမောင်ရေ. . . စက်ာပူက Phone"

"ကျွတ်"

သူလှဲနေရာမှ အမြန်လူးလဲထ၍ ဖုန်းကိုကိုင်လိုက်၏။ တစ်ဖက်မှရယ်မောသံတွေကြားရပြီး ဖေဖေ့အသံထွက်လာလေသည်။

"ဟော့ကောင်. . . ငါပို့လိုက်တဲ့ဓာတ်ပုံရောက်ပြီလား"

"အခုပဲရောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား. . . တော်သေးတာပေါ့။ ဘယ်လိုလဲ? ငါ့ချွေးမလောင်းလေး သဘောမကျဘူးလား။ ဒါပေါ့ကွာ။ ရုပ်လှပြီး စိတ်ယုတ်တာတွေရှိတတ်လို့ ရုပ်မလှဘဲ စိတ်လှတဲ့မိန်းကလေးကို ငါရှာတွေ့လို့ပို့လိုက်တာလေ။ ချစ်တဲ့မျက်စိနဲ့ကြည့်ရင် ကလေးမလေးရဲ့ မျက်နှာလေးက ချစ်ဖို့ကောင်းလာပါလိမ့်မယ်။ နာမည်လည်း မှတ်ထားဦး။ သည်းနုအိမ်ခြွေတဲ့။ ရာထူးက MD နော်။ စက်ဘုပူနဲ့ မြန်မာပြည်ကို နေ့တိုင်းနီးပါး ကူးချည်သန်းချည်လုပ်နေတာ။ ဘာသာစကား (၆)မျိုးတတ်တယ်။ မင်းကမှ M.B.B.S ဘွဲ့လေးပဲရှိတာ။ သူ့မှာရှိတဲ့ Certificate တွေက မနည်းဘူးကွ။ နိုင်ငံခေါင်းစုံကို မကြာခဏလှည့်နေရတာ။ အလုပ်ကိုကြိုးစားလိုက်တာမှပြောမနေနဲ့။ မင်းအတွက် ဆောင်းတွင်းမီးဖိုလေးပေါ့။ ကဲ. . . ဒါပဲ"

ဖုန်းကိုပြန်ချလိုက်ချိန်၌ ကျောင်းသွားကြိုသည့်ကားက ပြန်ရောက်လာလေ၏။ ဉာဏက နန္ဒပြောလိုက်သည့်တင့်။ သူလှဲနေရာဘေးရှိ ဓာတ်ပုံကိုအမြန်ကောက်ယူကြည့်လိုက်လေ၏။

"အမယ်လေး. . . ဘာပုံကြီးလဲ"

"မသိဘူးဟေ့. ဒီမှာ လသာဆောင်က ခုန်ချချင်စိတ်ပေါက်နေရတဲ့ပြဿနာ. . . မင်းကတစ်မျောင့်"

"ဦးမောင်ရာ. . . ဘိုးဘိုးက ဘာတွေဓာတ်ကြောင်ကာလဲ





မသိပါဘူး။ နည်းနည်းပါးပါးကြံဦးလေ. ဒီဟာကြီးကိုတော့ အဒေါ်မတော်နိုင်ပါဘူး. . . အော်ဂလီဆန်ချင်စရာကြီး။ ရုပ်ကြီးကိုက ကျက်သရေပဲ့လိုက်ဘာ"

"ငါဘာလုပ်လို့ရမှာလဲကွ. . . ပွဲကပြီးနေပြီ။ သူပြန်လာရင်မင်္ဂလာဆောင်ပေးမှာတဲ့"

"ဟာ. . . ဦးမောင်ကလည်း ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ။ ကြံဖန်မှပေါ့။ အချိန်တွေရှိပါသေးတယ်"

"ငါက ဘယ်လိုကြံဖန်ရမှာလဲ။ မင်းပုံအဘိုးအကြောင်း မင်းတို့အသိပဲ။ ကောင်းပါလေ့ကွာ။ ဒီအရွယ်ကြီးရောက်မှ မိဘပေးစားတဲ့မိန်းမကို ငွတ်နှစ်ပြီးယူရမှာ. . . သေစမ်း"

"ဦးမောင်ကလည်း ကိုယ်ချစ်တဲ့မိန်းမကို ခိုးပြေးသင့်ရင် ခိုးပြေးမှပေါ့"

"ဘယ်မှာလဲ ငါ့ချစ်သူ"

"အမယ်! ပြောင်လိမ်နေပြန်ပါပြီ။ ဟိုဘက်အိမ်က လမင်းလေးလေ"

"မင်းဘကြီး. . . လမင်း, ဟိုကကြားရင် မင်းနာမှာ"

"ဘာဖြစ်လဲ မှန်တာပြောရင်သစ္စာ။ ဦးမောင်, အန်တီခိုင့်ကိုမကြိုက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်. . . တိုးတိုးကွ"

"ဘာဖြစ်လဲ. . . ချစ်ရင်ချစ်တယ်ပေါ့။ ရှင်းရှင်းလေးကိုရှုပ်မနေနဲ့"

"ဖိုးညာ. . . မင်း, တိုးတိုးလို့ဆိုနေမှ"

"ဟာ. . . ဦးမောင်ကလည်းဗျာ. . . သတ္တိကိုမရှိဘူး။ ဒါဆိုလည်းခံလိုက်။ ညာတို့ကတော့ ဒီလိုဟာကြီးကို အိပ်မက်ထဲတောင်ယောင်လို့မမက်ဘူး။ ဘယ့်နှယ် ညတစ်ရေးနိုးမြင်ရင် လန့်အော်မိမယ့်မျက်ခွက်ကြီး။ ဗိုက်ဆာနေတာတောင် ဘယ်ရောက်သွားမှန်းမသိပါဘူး။ ဒီနေ့ဘာချက်ဟာလဲ"

"ကြက်သားနဲ့ ကြက်ဟင်းခါးသီး။ ပြီးရင် ပဲမြစ်ပြုတ်ထားတာစား။ အချိုတည်းဖို့ မိုင်လိုဖျော်သောက်. . . ဒါပဲ"

"ဟာ. . . သေမယ့်ဟာတွေချည်းပါလားဦးမောင်ရ"

"ငါစားချင်တာကိုပြောနေတာဟ"

ညာဏက ပွစိပွစိရေရွတ်၍ အဝတ်အစားလဲကာ အောက်ထပ်သို့ဆင်းသွားလေ၏။ သူလှဲနေရာမှမထဖြစ်ဘဲ တေပေလှိမ့်နေမိသည်။ တစ်ဖက်အိမ်မှငိုသံတွေကို သဲ့သဲ့မျှကြားလိုက်ရသဖြင့်သူအံ့သြသွားရ၏။

ကလေးမတွေငိုသံ. . . ဖွဟဲ့. . . စာမေးပွဲများ မဖြေနိုင်တာ





လား။ အို. . . မဖြစ်နိုင်တာ။ ညာဏတို့တောင် (၉၀) ကျော်ဖိုးရသေးတာပဲ။ သူအောက်ထပ်သို့အမြန်ပြေးဆင်းကာ ထမင်းစားခန်းသို့ဝင်တော့ ဖိုးကျော်နှင့်အတူ ညာဏနှင့်သီဟက ထမင်းစားနေကြလေ၏။

"ဖိုးကျော်"

"ဟေ. . . ဘာလဲ"

"နီနီတို့ဖြေနိုင်ကြလား"

"ရတယ်, နီနီက ငါးလုံးသေခ ါတယ်, ပြာက သုံးလုံးပဲ။ ညိုက တစ်လုံး, ဝိမ်းက နှစ်လုံးမှန်းတယ်"

"သူတို့အိမ်ထဲမှာ ငိုသံကြားလို့"

"ဟုတ်လား. . . သွားမေးကြည့်လေ"

"ကောင်းပါ့မလား။ အိမ်တွင်းရေးတွေကို ပြောချင်မှပြောမှာပေါ့။ ဒုက္ခပါပဲ. . . ငါပဲ ပူလုပြီမှတ်နေတာ။ ငိုသံက အများကြီးကွ"

"သွားမေးချင်ရင်သွားလေကွာ။ အချိန်ဆွဲမနေနဲ့"

"အေး"

သူခြံဘေးပေါက်မှကူးလာတော့ စည့်ခန်းမှာ ညီအစ်မ(၇)ဖော်ကို ငိုနေလျက်သားတွေ့ရလေ၏။ သူမကိုတော့ မတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်နေကြတာလဲ. . . နိုင်ရော"

"အခန်း. . . အခန်းထဲဝင်သွားပြီ"

"ဟာ. . . ငိုကြီးချက်မနဲ့ ဘယ်လိုတွေဖြစ်နေကြတာတုန်း"

"ဒီမှာလေ. . . ဦးမောင်ရဲ့။ တီတီ့ကို ဘိုးလေးပေးစားမယ့် သတိုးသားဓာတ်ပုံ။ အဲဒါကိုကြည့်ပြီး တီတီငိုတော့ ဖြူတို့လည်း လိုက်ငိုမိတာပေါ့။ တီတီသနားပါတယ်ဦးမောင်ရယ်"

"ဟင်! "

သူ. ပုန်းညက်ဖြူကမ်းပေးလိုက်သည့်ဓာတ်ပုံကို ယူကြည့်လိုက်တော့ သူ့ဇနီးလောင်းထက် အပုံတစ်ရာသာလွန်နေသည့် မင်းကုသကိုတွေ့လိုက်ရလေ၏။ ဒ-မယ်လေးလေ. . . ဒါကြောင့် နိုင်ငိုတော့တာကိုး။

"အဲဒါဘယ်လိုလုပ်မလဲ ဦးမောင်ရဲ့။ ဒီ April မှာ တစ်ခါတည်းပေးစားမယ်လို့ စာရေးလိုက်တာ။ တီတီ့ကိုမကယ်နိုင်တော့ဘူးလား. . . အီး. . . ဟီးဟီး".

"တိတ်ပါကွာ, ဦးမောင်တို့ကြံပါဦးမယ်"

"ဘိုးလေးက ဒီကြားထဲစီစဉ်စရာရှိတာတွေစီစဉ်ဖို့ စောပြန်လာချင်လာမှာ ဦးမောင်ရဲ့။ တီတီတော့ ထွက်ပေါက်မရှိတဲ့ကြွက်လေးလို ထောင်ချောက်ထဲပိတ်မိနေပြီ"





"ကျွတ်. . . ခက်တော့တာပဲ"

သူအပေါ်ထပ်သို့ လှေကားမှအမြန်ပြေးတက်လာခဲ့၏။ သူမအခန်းဝမှာရပ်၍ တံခါးကိုတီးတိုးခေါက်ကာ အသံပေးလိုက်ပါသည်။

"နိုင်. . . နိုင်"

"ဒေါက်ဒေါက်. . . ဒေါက်ဒေါက်"

"နိုင်. . . တံခါးခဏဖွင့်ပါဦး။ ကိုယ် နိုင့်ကိုပြောစရာရှိတယ် နိုင်"

အထဲမှ ရှိုက်သံကိုသာကြားရပြီး တံခါးက လုံးဝဖွင့်မလာ။ သူ နာရီဝက်ကျော်ကျော်အထိ ခေါ်၍မရတော့မှ အောက်ကိုလေးဖင့်စွာဖြင့် ပြန်ဆင်းခဲ့လေ၏။

"ဦးမောင. . . ခေါ်လို့မရဘူးလားဟင်"

"မရဘူး။ သမီးဘို့တီတီကို ဒီတုံင်းပစ်မထားကြနဲ့ဦး။ တစ်ယောက်ယောက်စောင့်ကြည့်ပြီး အိပ်ရင်ကောင်းမယ်။ တော်ကြာ သူ့ကိုယ်သူ တစ်ခုခုလုပ်လိုက်ရင်မကောင်းဘူး"

"ဟုတ်. . . နီနီနဲ့ဖြူ, စောင့်အိပ်ပါ့မယ်"

"သူစိတ်အေးသွားရင် ပြောပိုက်နော်။ အလျှင်စလိုမဆုံးဖြတ်နဲ့လို့။ ဦးမောင်တို့အကြံဉာဏ်ပေးပါ့မယ်လို့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အေးအေး . . . လုပ်စရာရှိတာလုပ်ကြ။ ငိုနေလို့ပင်ပန်းရုံပဲရှိမယ်။ ကဲ . . . ဦးမောင်ပြန်ဦးမယ်။ တစ်ခုခုဆို အိမ်ဘက်လှမ်းခေါ်လိုက်နော်။ ဦးမောင် အခန်းပြတင်းပေါက်ဖွင့်ထားမယ်, သိလား"

"ဟုတ်"

သူအိမ်ကိုပြန်လာပြီး အခန်းထဲမှာ တစ်ယောက်တည်းငြိမ်နေမိတော့သည်။ ကိုယ့်ဒုက္ခကို ဘယ်သူမှမကယ်နိုင်ဘဲ ကိုယ့်ဟာကိုယ်သာ ကယ်ရတော့မှာပါလား။ သူက ယောကျ်ားလေးမို့ထားပါတော့။ ယုတ်စွအဆုံး ဖေဖေ့စကားကိုမနာခံဘဲ လွတ်ရာကျွတ်ရာကို သူထွက်ပြေး၍ရနိုင်ပါသေးသည်။ ခိုင်က မိန်းမသားမို့ ပိုသနားစရာကောင်းလွန်းနေပါ၏။ ဒီရုပ်ဆိုးကြီးရဲ့ရင်ခွင်ထဲမှာ ဘယ်နေချင်ရှာပါ့မလဲ။ ခိုင်ရယ်, ကိုယ့်ကိုပြန်ချစ်ပြီး ကိုယ်ခေါ်ရာနောက်ကိုလိုက်ခဲ့ပါတော့လား။

ပြတင်းဝမှ အေးစိမ့်သည့်လေအေးတို့တိုက်ခတ်လာသဖြင့် သူအသာထလာစဉ် နာရီမှ (၁၂)နာရီထိုးသံကိုကြားလိုက်ရ၏။ တစ်ဖက်အိမ်အိပ်ခန်းမှ ခုချိန်ထိမီးမမှိတ်သေး။ တလူလူလွင့်နေသည့်လိုက်ကာနောက်မှ အရိပ်ကစ်ခုကိုမြင်နေရသည်။ လိုက်ကာ





ဖျတ်ခနဲအလွင့်မှာ မျက်ရည်ကျိတ်သုတ်လိုက်သည့်သူမကို သူလှမ်းတွေ့လိုက်ရလေ၏။

"ခိုင်"

". . ."

"အောက်ကိုခဏဆင်းခဲ့ပါလား။ ကိုယ်တို့ဆွေးနွေးကြတာပေါ့"

"ဟင့်အင်း"

"ခိုင်ရယ် . . . ဒီလိုပဲ တစ်ညလုံးနေနေလို့ ဘယ်ဖြစ်မှာလဲ။ ကဲ . . . အပေါ်က အင်္ကျီလက်ရှည်လေးဝတ်ပြီးဆင်းလာခဲ့။ ကိုယ်ခြံထဲကစောင့်နေမယ်"

သူမပြတင်းမှခွာသွားတော့ သူအောက်ကိုအသာဆင်းခဲ့၏။ ဘေးခြံတံခါးကိုတွန်းဖွင့်၍ တစ်ဖက်အိမ်ရှေ့ရောက်စဉ် လရောင်အောက်မှာ ခိုင့်ကိုမြင်လိုက်ရလေသည်။

"ကလေးတွေပြောပြလို့ ကိုယ်သိပြီးပြီ၊ အချိန်တွေရှိပါသေးတယ်ခိုင်ရယ်။ တစ်ခုခုတော့ ကြံကြည့်ကြတာပေါ့။ ဒီအတိုင်းကြီးကိုယ်တို့ကြည့်မနေပါဘူး"

"ခိုင် . . . ခိုင်, ဒီလူကြီးကိုမယူချင်ဘူး"

"ခိုင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စက်လက်နှင့် ရင်ခွင်ထဲတိုးဝင်လာသည့်ခိုင့်ကိုယ်လေးကို သူတင်းကျပ်စွာပွေ့ဖက်ထားမိ၏။ နှစ်ဦးသားရင်ထဲမှ နှလုံးခုန်သံတွေကို ဆူညံစွာကြားနေရလေသည်။ ဒါပါပဲ၊ အချစ်ဆိုတာ နှစ်ယောက်သားဖွင့်ပြောစရာမလိုဘဲ နားလည်မှုတစ်ခုနဲ့ တည်ဆောက်ဖွဲ့တည်လို့ရတဲ့အရာတစ်ခုလေ။ သူ့ ခိုင့်နဖူးလေးကို အသာမွှေးရှိုက်လိုက်ပါ၏။ ခိုင်ကတော့ သူ့အင်္ကျီရင်ဘတ်ကိုတင်းတင်းဆုပ်ကိုင်၍ ရှိုက်ကြီးတငင်ငို၍ကောင်းနေဆဲ။

"ခိုင်"

"ခိုင်သေသွားတာကမှ ကောင်းဦးမယ်ကိုမောင်ရယ်"

"ကိုယ်တစ်ယောက်လုံးရှိပါတယ်ခိုင်ရယ်။ ခိုင့်ရင်ထဲမှာ ဘာတွေဖြစ်နေလဲဆိုတာ ကိုယ်နားလည်ပါတယ်။ ဒီလောက်ထိမငိုရဘူးလေ။ တော်ကြာ. . . ခိုင်, အိပ်ရာထဲလဲသွားမှာပေါ့။ ဒီမှာကြည့်ကိုယ့်ကိုသေချာကြည့်ပါဦးခိုင်ရဲ့။ ကိုယ်, ခိုင့်ကိုသိပ်ချစ်တယ်။ ခိုင့်ကိုမခွဲနိုင်ဘူး။ ဒီတော့. . . ကိုယ်တို့သတ္တိရှိဖို့တော့ လိုအပ်လာပြီ။ ဒီတိုင်းကြီး. . . လူကြီးတွေပေးစားတာကိုယူမလား။ ဒါမှမဟုတ် ကိုယ်ခေါ်ရာနောက် ခိုင်လိုက်ခဲ့မလား"

"ဟင်! ဒီအရွယ်ကျမှ ခိုးရာလိုက်ရမှာလား, ရှက်စရာကြီး။ အပေါင်းအသင်းတွေ, ဆွေမျိုးတွေသိသွားရင်တော့ သွားပါပြီ"





"ဒါဆို ခိုင်, သူ့ကိုလက်ထပ်နိုင်လို့လား"

"ဟင့်အင်း. . . ဟင့်အင်း. . . ခိုင်. . . ခိုင်. . . မောင့်ကိုပဲချစ်တာ။ မောင်နဲ့ခွဲရရင် ခိုင်သေမှာ"

"ဪ. . . ခိုင်ရယ်"

ညဉ့်လက သူတို့ခေါင်းပေါ်မှာ ပြည့်ပြည့်ဝဝသာနေပါ၏။ သူ့ရဲ့လမင်းလေးက သူ့ရင်ခွင်ထဲမှာ သာနေလေသည်။

ဪ. . . ချစ်ခွင့်ရခဲ့သော်လည်း မျက်ရည်တို့[illegible]နေသည့် ချစ်ခြင်းတွေဖြစ်နေပါရောလားလေ။



www.burmeseclassic.com

www.burmeseclassic.com




## အခန်း ( ၁၆ )

•

"ဘာ. . . ဘယ်လို. . . ပြန်ပြောစမ်းပါကိုမောင်ရ"

"ငါတို့ရုံးတက်လက်မှတ်ထိုးတာကို လိုက်ကူညီကြဦးလို့။ ခိုင့်ဘက်က ကေသရီလိုက်ပါမှာမယ်"

"ဘာကွ! မင်းနဲ့ခိုင်ဟုတ်လား"

"အေးလေ"

"ဟင်. . . မင်းကို့ ဘယ်တုန်းက ချစ်သူဖြစ်သွားကြတာလဲကွ။ ငါတို့တောင်မသိလိုက်ရပါလား"

"ညကပဲ"

"ဘယ်လို. . . ညက, နေပါဦး. . . မင်း, ခိုင့်ကို Propose လုပ်တာကရော"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း ညကပဲ"

"ဟောဗျာ"

"ကောင်းရော. . . ငါတို့ပြောတုန်းကတော့ သံကွန်ချာကြီး အုပ်ထားတယ်ဆိုပြီး. . . ခုတော့"

"ဒါတော့. . . ခိုင့်ကိုအပြစ်မမြင်ကြပါနဲ့ကွာ။ သူ့ခမျာ တော်တော်စိတ်ဆင်းရဲနေရရှာတာ"

"ဩော်. . . မောင့်ခိုင်လေး မျက်ရည်တစ်ပေါက်ကိုမြင်လိုက်ရတာနဲ့ မောင့်အသည်းတွေ မွမွကြေရပါပြီပေါ့. . . ဒီလိုလား"

"ဟာကွာ"

ဖိုးကျော်တို့နှစ်ဦးသား မျက်နှာတွေ ရှုံ့တွသွားရင်း မသက်မသာရယ်လိုက်စဉ် အိမ်ပေါ်သို့ ညာဏာတို့အုပ်စု အပြေးတက်လာကြလေသည်။

"ဦးမောင်. . . ဦးမောင်"

"ဟေ. . . ဘာလဲ"

"ဦးမောင်နဲ့အန်တီခိုင်. . . ဟိုဒင်းဖြစ်ပြီဆို"

"ဟာ. . . ဘာကြီးလဲကွ"

"ချစ်သူဖြစ်ပြီလို့ပြောတာလေ"

"အေး"





"ဟာ. . . ဟေး"

"ဖြှောင်း"

ညာဏာနှင့်သီဟ လက်ဝါးချင်းထောင်ရိုက်လိုက်သဖြင့် သူတို့ဇဝေဇဝါဖြစ်သွားရ၏။ ဒီနှစ်ကောင် ဘာထကြောင်တာပါလိမ့်။

"ပျော်လိုက်တာ. . . ပျော်လိုက်တာ။ အဲဒါညာတို့ကောင်းမှုကြောင့်ဗျ"

"ဟေ. . . မင်းတို့က ဘာလုပ်ပေးလို့လဲ"

"ဒီလိုပဲ ဦးနိုင်တို့မသိအောင် ဝှက်ဖဲနဲ့ကစားလိုက်တာပေါ့"

"အံမာ. . . ဒါတော့ ဘယ်တရားပါ့မလဲ။ ငါတို့မသိအောင် မင်းတူတွေနဲ့ပေါင်းကြံတာတော့ မကောင်းဘူးပေါ့ကိုမောင်ရာ"

"ဟာ. . . ငါဘာမှမသိပါဘူး"

"ဟုတ်ပါတယ်ဗျ၊ ဦးမောင်ရော၊ အန်တီခိုင်ပါ မသိပါဘူး။ ဦးနိုင်တို့ဖွင့်မပြောခင်ကတည်းက အန်တီခိုင့်ဆီ နှင်းဆီတစ်ပွင့်နဲ့ ကတ်လေးပို့ပေးလိုက်ရုံပါ"

"ဩော်! ဒါကြောင့် ဒေါ်အပျိုကြီးက ငါတို့ကို တစ်မျိုးတည်းနဲ့ အကွဲဆော်ထည့်လိုက်တာပေါ့လေ"

"ပဆိုင်ပါဘူးဦးကျော်ရဲ့၊ အချစ်က ညာလို့မရဘူး။ သူ့ဟာ ပူဖြစ်ပေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ကလေးက, ဒါတွေပြောစရာလား ဖိုးညာ"

"အား. . . နာတယ် ဦးမောင်ရဲ့။ ညာက ဦးမောင်တို့ကို သဘောတူလို့ ကြံဖန်လုပ်ပေးတာကို. . . အား"

ဉာဏ, နားရွက်ကိုဆွဲ၍ သူပြောတော့ ဉာဏက ချောလဲရော ထိုင်လိုက်ပြီး သူ့ကိုအပေါ်မှတက်ဖိလေ၏။

"ဟော့ကောင်. . . ငါလဲတော့မယ်"

"အဲဒါ. . . ဦးမောင်, ညာတို့ကိုကျေးဇူးတင်ပေါ့။ အဲဒီည အန်တီခိုင့်အိမ်မှာ ဦးမောင်သွားစောင့်ခွင့်ရသွားတာလေ။ နို့မို့ ဘယ်ရမှာလဲ။ ငှဲ. . . ငှဲ. . ငှဲ. . . အီဖေကိုယ်. . . မောင်ဉာဏ လက်စွမ်းဘယ်လောက်ထက်လဲ. . . သိပြီလား"

"ဩော်. . . ဒါကြောင့် ငါထင်ပါတယ်။ ခိုင်က ကိုမောင့်ကို ဆက်ဆံတာ တစ်မျိုးဖြစ်နေပါလားလို့။ Picnic ထွက်တော့လည်း ကားနောက်ခန်းကနေ မနည်းအော်နေရတယ်။ လက်စသတ်တော့ ငါတို့လူ, မွှန်နေတာကိုး။ ဩော်. . . မိန်းမ. . . မိန်းမ, သူတို့ကြိုက် တဲ့လူကိုကျ စက္ကန့်တော် မဆိုင်း အင်းခနဲအဖြေပေးလိုက်တာပါ ပဲလား"

"မင်းတို့ကလည်းကွာ, နှမချင်းစာနာပြီးပြောမှပေါ့"

"ငါတို့ညီမမဟုတ်လို့ပေါ့။ ငါတို့ညီမသာဆို နားပန်ကို သုံး





ချက်လောက် ကျင်းပစ်လိုက်မယ်။ ဟွန်း. . . တော်တော်ဆိုးတဲ့ ကလေးမ"

ဉာဏတို့က ဖိုးနိုင်စကားကိုသဘောကျ၍ ရယ်မောလိုက် လေ၏။ Sunday ပိတ်ရက်မို့ အိမ်မှာ လူစုံရှိနေကြပါသည်။ ခြံရှေ့ မှကားဟွန်းသံကြောင့် သူခေါင်းထောင်ကြည့်လိုက်တော့ ကားပေါ် မှကေသရီက သူ့ကိုလက်လှမ်းပြသွားလေ၏။

"ဟာ. . . မိကေပါလား"

"ဟော့ကောင်. . . လိုအပ်ရင်ခေါ်လိမ့်မယ်။ အိမ်မြှောင်အမြီး ပြတ်သလိုဖြစ်မနေနဲ့"

"မင်းတို့ကလည်းကွာ"

ကေသရီ, ခိုင့်အိမ်ထဲဝင်သွားပြီး တော်တော်ကြာတော့မှ ခိုင့် အသံလေးထွက်လာလေသည်။ ဉာဏတို့ကအစ သူ့ကိုဝိုင်းဖိရင်း ပါးစပ်ပါပိတ်ထားကြသည်မို့ သူ့မှာ ရုန်းမရအော်မရ။

"ကိုမောင်ရေ. . . ကိုမောင်"

"ကိုမောင်မရှိဘူးဟ"

"အံမာ. . . ဘာညာနေတာလဲ, ငါ ခုနပဲတွေ့လိုက်တာကို။ ဖိုးကျော်နော်. . . လာဆွဲခေါ်ရမှာလား"

"အံဟုတ်ပြောနေတာ။ ကိုမောင်အိပ်ပျော်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်နော်"

"မယုံရင်လာကြည့်ပေါ့"

ဉာဏာတို့ကိုတ်ရယ်သံက သဲ့သဲ့လေးမျှထွက်လာလေ၏။ သူ အတင်းရုန်းတော့ ဖိုးနိုင်ကပါ လာကူဖိလေသည်။ ခွေးကောင်တွေ မင်းတို့အလှည့်ကျမှ ဝဋ်လည်ပါစေဗျာ။

"ဒီမှာအရေးကြီးလို့ပါဖိုးကျော်ရယ်။ လွှတ်လိုက်စမ်းပါ"

"ဩော်. . . အိပ်နေပါပြီဆိုမှပဲ"

"ကိုကျော်နော်, မောင့်ကိုဝှက်ထားရင် ခိုင့်အဆိုးမဆိုနဲ့"

"အားပါးပါး. . . မောင်တဲ့လား, မောင်တဲ့ဟေ့"

ရယ်သံတွေ အုံးခနဲထွက်သွားပြီး သူ့ကိုအသာလွှတ်ပေးလိုက်တော့ သူအမြန်ထ၍ လသာဆောင်ပေါ်မှပြေးကြည့်လိုက်ပါ၏။

"တွေ့လား. . . မောင့်ကို သူတို့ဝိုင်းလုပ်နေတာပဲနေမှာ။ မောင် ခဏလာခဲ့ဦး။ ပြောစရာရှိတယ်"

"လှမ်းပြောလိုက်လေဟာ, ကိုမောင့်ကိုမလွှတ်ချင်လို့ပါဟ"

"ဖိုးကျော်နော် ဘယ်လိုဖြစ်နေလဲ။ ဝဋ်လည်ချင်လို့လား"

"နင်နဲ့အတူလည်မယ်ဆို လည်စမ်းပါစေဟာ"

"သေလိုက်. . . လဲသေလိုက်"

"မောင်. . . ခိုင်လာခေါ်ရမှာလား"





"လာမယ်. . . ခိုင်ရဲ့။ ခဏလေး"

ဉာဏာက သူ့ကိုနောက်ကျောမှသိုင်းဖက်လိုက်စဉ် ပုန်းညက်ဖြူက အပေါ်ထပ်ပြတင်းပေါက်မှလှမ်းအော်လိုက်လေ၏။

"ကိုကိုဉာဏာနော်. . . ဦးမောင်ကိုလွှတ်ပေးလိုက်လေ"

"အံမယ်. . . အစကတော့ ဦးမောင်နဲ့အန်တီခိုင့်ကို ~ဘော မတူဘူးဆို"

"အဲဒါ. . . အစကပဲဟာ, အခုမဟုတ်ဘူး။ လွှတ်ပေးလိုက်နော်။ မလွှတ်ပေးရင် အကျယ်ကြီးအော်လိုက်မှာ"

"ဘယ်လိုအော်မှာလဲ. . . ဖြူရဲ့"

"ဒီမှာ ဖြူ့ဦးလေးကို ပြန်ပေးဆွဲထားလို့, လို့အော်မှာပေါ့"

သူတို့အုပ်စုဆီမှရယ်သံတွေ အကျယ်ကြီးထွက်လာလေ၏။ သူ့, အိမ်ပေါ်မှ အပြေးဆင်းခဲ့လေသည်။ ခိုင့်အိမ်ထဲကိုဝင်တော့ ကေသရီက သူ့ကိုမျက်စောင်းလှမ်းခဲလေ၏။

"အမယ်လေးဟာ. . . အသက်လုပြီး ပြေးလာတာတောင်မှ မျက်စောင်းအခဲခံရသေးတယ်"

"အမြင်ကပ်လို့ဟေ့။ လက်ကနှေးနှေးနဲ့ ကံကောင်းလို့ သူများနောက်ပါမသွားတာမဟုတ်လား။ ဒါတောင် ခိုင်, နင့်ကိုချစ်တာ မဖြစ်နိုင်ဘူး။ ကိုရုပ်ဆိုးကြီးကိုယူရမှာစိုးလို့ အမြန်ခေါင်းညိတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာနေမှာ"

"ဟယ်. . . ကေကေကလည်း"

သူ ကွက်ခနဲမျက်နှာပျက်သွားတော့ ခိုင်က သူ့လက်မောင်း တစ်ဖက်ကို အသာကိုင်လိုက်ပါသည်။

"မောင်လျှောက်မယုံနဲ့နော်။ ကြည့်ဦး. . . မျက်နှာက ချက်ချင်းရဲတက်လာတာပဲ။ ကေကေကလည်း မောင့်အကြောင်းသိရဲ့သားနဲ့ဟယ်"

"ငါ့အလကားစတာပါကိုမောင်ရယ်။ တကတည်း ကလေးလေးကျနေတာပဲ။ နင်ဘာဆက်လုပ်မယ် စိတ်ကူးထားလဲ"

"ရုံးတက်လက်မှတ်ထိုးဖို့သွားမယ်။ ဖေဖေတို့လာရင် အကျိုးအကြောင်းပြောမှာပေါ့။ မရရင်ခိုးပြေးရုံပဲ"

"ဩော်. . . အကြံက အပိုင်ကြီးပါလား"

"ဒါဆို ခိုင်တို့ဘယ်တော့ရုံးသွားကြမှာလဲ"

"မနက်ဖြန်လေ"

"ဟယ်. . . Monday ကြီး မောင်ကလည်း. . . တနင်္လာနေ့ လုပ်သမျှအလုပ်တွေက အမြဲနှစ်ခါပြန်လုပ်ရတာသိရဲ့သားနဲ့"

"ဒါဆိုလည်း အင်္ဂါပေါ့ခိုင်ရယ်"

"အေး. . . အဲဒါအရေးမကြီးဘူး။ နင်တို့လုံအောင်ပုန်းဖို့





နေရာ သေချာရှာထားဦး။ ပြီးတော့မှ အသည်းအသန်တွေဖြစ်ပြီး ဒုက္ခတွေ့နေဦးမယ်"

"ငါ့ ပဲခူးကိုပဲပြေးမှာ။ ဟိုမှာ ဖိုးနိုင်ဦးလေး အိမ်ဝယ်ထားတာရှိတယ်"

"ဖြစ်ပါ့မလား"

"ဖြစ်တဲ့နည်းနဲ့ပေါ့။ ဒါမှမလွတ်ရင်လည်း. . . ရှမ်းပြည်နယ် ရောက်အောင်ခေါ်မှာပဲ"

"ခိုင်လည်း အဝတ်အစားလေးဘာလေး ကြိုလုပ်ထားဦး"

"မလိုပါဘူး. လူနဲ့မှတ်ပုံတင်ပါရင်ပြီးပြီ။ ကျန်တာ ငါဝယ်ဆင်နိုင်တယ်"

"ဟင်. . . ခိုးရာလိုက်ပါတယ်ဆိုမှ လူမပါလို့ရမလားဟဲ့. . . ကဲ"

ကေသရီက သူ့လက်မောင်းကို ဖြန်းခနဲပိတ်ရိုက်လိုက်တော့ သူမက ပြုံးနေသော်လည်း နောက်မှရောက်လာသည့် တူမတော်တွေက ကျုံးအော်ကြလေ၏။

"ဟာ. . . အန်တီကေနော်။ ဦးမောင်ကိုအနိုင်မကျင့်ပါနဲ့"

"အမယ်လေးဟဲ့။ ငါ့ကို လူအုပ်နဲ့ဝိုင်းဖိသတ်တော့မလား ထင်ရတယ်။ တော်တော်ချစ်ဖို့ကောင်းတဲ့တူမတွေ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှာ ရယ်သံတွေဖြင့်ဆူညံနေတော့၏။ စိတ်ညစ်စရာတွေ ခဏဘေးဖယ်ပြီး ကေသရီရောက်တုန်းရောက်ခိုက် မုန့်လုပ်စားဖို့ပြင်ကြသဖြင့် သူက အိမ်ဘက်ကလူတွေကို အော်ခေါ်လိုက်ပါသည်။

"ဘာလုပ်စားကြမှာလဲ"

"ရွှေရင်အေး"

"ဟဲ့. . . ကျောက်ကျောမှမထိုးရသေးတာ"

"ရတယ်၊ ခိုင်, ကျောက်ကျောအရင်ထိုးပြီး အအေးခံလိုက်မှာပေါ့။ ကေကေက ကောက်ညှင်းပေါင်းဖို့ပြင်ပေး။ ကိုနိုင်တို့အုပ်စုက အုန်းသီးခူးတာခြစ်တာတွေလုပ်ပေးကြ"

"အုန်းသီးက ငါခူးပေးပါ့မယ်။ ခြစ်တဲ့တာဝန်ကို ကိုမောင်ယူ"

"ကိုနိုင်နော်"

"ဟော. . . အုန်းသီးခြစ်ခိုင်းတာပါဟ"

"စကားပြောတာကိုက အနှောင့်အသွားမလွတ်"

"အမယ်. . . အခုမှရှက်မနေပါနဲ့။ တစ်ညလေးအလစ်ပေးမိလိုက်တာနဲ့ တစ်ခါတည်းပါသွားတာ။ မဖြစ်ဘူး။ ဒီညကစပြီး ညတိုင်းသတိနဲ့စောင့်ကြမှပဲ။ ဟုတ်တယ်မှတ်လားဖိုးကျော်"





"အေး. . . ဟုတ်တယ်"

"အမယ်. . . ဒါဆို ဖြူတို့က ဦးမောင်ကို အိမ်မှာပဲခေါ်သိပ်လိုက်တော့မှာပေါ့"

"ဟဲ့"

"ဟုတ်တယ်လေအန်တီခိုင်ရဲ့။ ဒါမှ ဦးကျော်တို့နှောင့်ယှက်တဲ့ဒုက္ခကလွတ်မှာ"

"ဟွန်း. . . တတ်လည်းတတ်နိုင်လွန်းတယ်။ အစကတော့ ဘယ်သူနဲ့မှသဘောမတူဘူးတဲ့။ ခုတော့. . . ဦးမောင်မှဦးမောင်ဖြစ်နေပြီ။ အဲ့ဒါ ငါ့ဦးလေး" .

"အမယ်. . . ဖြူ့ဦးလေး"

"ငါ့ဦးလေးပါဆို"

"ဖြူ့ဦး·ဒယေးပါဆိုနေမှ. . . ကိုကိုညဏနော်, စိတ်တိုလာပြီ။ ဖြူပိတ်ကိုက်မိတော့မယ်"

ညဏနှင့်ပုန်းညက်ဖြူရန်ပွဲကိုကြည့်ရင်း သူတို့ရယ်နေရ၏။ အားလုံးတက်ညီလက်ညီချက်ပြုတ်စားသောက်ပြီးသွားတော့ ကေသရီက ညနေစောင်းမှပြန်သွားလေသည်။

ခိုင်တို့ခြံထဲမှာပင် ညဦးနက်သည့်အထိ ဖျာခင်းထိုင်လျက် ရေနွေးကြမ်းပူပူလေးသောက်ကာ လက်ဖက်သုပ်စားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာတီးပြီး ဝိုင်းဖွဲ့သီချင်းဆိုတော့ ပုန်းညက်ဖြူက မြန်မာ့သီချင်းနှင့်ကပြလေသည်။

ဩော်. . . သောကတွေ အပြီးတိုင်ပျောက်ကွယ်သွားရင် ဘယ်လောက်များကောင်းလိုက်မလဲ။

❀❀ ❀❀ ❀❀



အခန်း ( ၁၇ )

"ဟာ. . . ဘိုးဘိုးပြန်လာပြီဟေ့။ ဖေဖေရောမေမေရော ဟာ. . . ဒေါ်လေးတို့ပါအကုန်ပြန်လာကြတာပါလား"

"ဟေး. . . "

အိမ်ရှေ့မှ မုန္တအော်သံကြောင့် ကော်ဖီသောက်နေရာမှ သူ သည်းသွားရ၏။ ဗုဒ္ဓေါ. . . အချိန်တွေက ဒီလောက်ထိအောင်မြန်လှချည်လား။ အင်္ဂါနေ့လက်မှတ်ထိုးပါမယ်ဆိုမှ အစီအစဉ်တွေပျက်ပါပြီ။ ဆေးရုံအမြန်လစ်မှပါပဲ။ သူ့ ကိတ်မုန့်တစ်ချပ်ကို လုံးထွေးဝါးရင်း duty coat ကို အမြန်ပတ်လျက် ဧည့်ခန်းကိုထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင် ဒါဘယ်လဲ

"ဆေးရုံလေ ဖေဖေ။ duty ဝင်ရမှာ"

"အံမာ. . . ဖအေတစ်ယောက်လုံး နိုင်ငံခြားကပြန်လာတာကို မင်းကအလုပ်သွားစရာလားကွ။ မသွားရဘူး"

"ဟာ. . . ဖေဖေကလည်း duty is duty လေဗျာ"

"မရှည်နဲ့. . . ငါ့ မင်းထက်တတ်တယ်။ မိသက်ထား"

"ရှင်. . . ဖေဖေ"

"ဆေးရုံအုပ်ကြီးဆီဖုန်းဆက်ပြီး ခွင့်တစ်ပတ်တိုင်ပေးစမ်း။ နင့်မောင် နေမကောင်းလို့လို့ပြော။ ရောဂါက သေလုမြောပါးဖြစ်နေပြီလို့သာပြောလိုက်"

"ဟုတ်ကဲ့"

"ဟာ. . . ဖေဖေကလည်း၊ ကျွန်တော့်အလုပ်ကို လိုက်နှောင့်ယှက်တာတော့ ဘယ်ကောင်းပါ့မလဲ"

"ရှည်ပြန်ပြီ. . . ငါက ဒါဆိုရင် ဒါပဲကြိုက်တယ်။ ငါ့ချွေးမလောင်းလေး သူ့အမျိုးအိမ်မှာတည်းပေလို့ပဲ။ ဟွန်း. . . မင်းပုံစံကိုသာမြင်ရင် ဟိုက မျက်ရည်ပေါက်ပေါက်ကျတော့မှာ။ သွား. . . အဝတ်ပြန်လဲ။ ဒီတစ်ပတ်အတွင်း Sedona ဖြစ်ဖြစ်, Trader ဖြစ်ဖြစ်, မြရိပ်ညို, Nikko, Summit Parkview တစ်ခုခုမှာ date





ယူရမှာပဲ။ စေ့စပ်ပွဲက ဟိုတယ်တစ်ခု၊ မင်္ဂလာဆောင်က ဟိုတယ်တစ်ခု၊ Dinner ကျွေးမှာက ဟိုတယ်တစ်ခု။ ဒိတ်ဒိတ်ကျဲလုပ်ပေးမှာ"

"ဟာ. . . ဖေဖေ ဲစားမယ့်ဟာကြီးမယူချင်ပါဘူး။ ကျွန်တော့်မှာ ချစ်သူရှိပြီးသား။ ကျွန်တော့်ချစ်သူကိုပဲယူမှာ"

"အံမာ. . . ပြန်ရောက်ရောက်ချင်း ငါ့ရင်ဝကိုဆောင့်ကန်ပြီပေါ့လေ။ မင်း, ငါ့ကိုဘာကတိပေးထားလဲ"

"ဖေဖေကလည်း ကျွန်တော့်ဘက်ကို နည်းနည်းတော့ငဲ့ညှာပေးဦးမှပေါ့။ သူနဲ့သာပွဲကက်ရင် ရာဝင်အိုးနဲ့ရေမှုတ်ယို့အစခံရမှာသေချာတယ်။ မယူနိုင်ဘူးဗျာ. . . လုံးဝမယူဘူး"

"ခအောင်မာ! မင်းမှာသစ္စာ၊ လူမှာကတိတဲ့။ မင်း, ယောကျ်ားမဟုတ်ဘူးလား။ ယောကျ်ားဆိုတာ ကိုယ့်နှုတ်ကတိကို အသက်နဲ့ထပ်တူတည်ရတယ်ကွ"

"ဖေဖေက နည်းနည်းပါးပါးကိုယ်ချင်းစာကြည့်ပေါ့။ ဒီပြိတ္တာရုပ်ကြီးနဲ့ ဖေဖေရောယူချင်လို့လား"

"ဟင်. . . တော်တော်ရိုင်းစိုင်းဦး"

"ဖြောင်း! "

"မိဘက ဆင်စီးပြီးမြင်းရံတာလိုချင်လို့ နတ်ပြည်ထိတင်မြေ



www.burmeseclassic.com

www.burmeseclassic.com



နေတာ၊ မင်းက ပြာပုံထဲခုန်ချချင်"

သူ့ ဇက်ပိုးကိုအသာပွတ်လိုက်ပြီး မျက်စိကိုစုံမှိတ်၍ ဖေဖေ နှင့်စကားစစ်ထိုးနေမိတော့၏။

"ကျွန်တော့်ချစ်သူက သူ့ထက်အပုံကြီးလှတာဗျ"

"ကြည့်. . . ပြောနေတဲ့ကြားထဲက အတွန့်တက်ပြန်ပြီ။ မင်း မကြားဘူးလား။ လှတာမက်ရင် ညစာခက်တယ်တဲ့။ လှတာ ချက် စားလို့မရဘူး။ ဝတာ ဖက်ထားလို့ရတယ်။ မင်းအတွက် ဆောင်း တွင်းခြုံဖို့စောင်မလိုအောင် ငါရှာပေးတာ"

"မလိုချင်ပါဘူး. . . ခုတင်ပေါ် သူတက်တာနဲ့ ခုတစ်ရော ကျွန်တော်ပါကျိုးမှာ"

"ဟော့ကောင်. . . မင်းပါးစပ်ပိတ်ထား"

"ဖေဖေ. . . ရတနာပစ္စည်းတွေနဲ့ မင်္ဂလာဝတ်စုံတွေ ဘယ် အခန်းမှာသိမ်းပေးရမှာလဲ"

"ငါ့အခန်းထဲမှာပဲထည့်ထားလိုက်။ ဟဲ့. . . ငါ့မြေးတွေဖို့ အဝတ်အစားတွေရော, ပစ္စည်းတွေပါထုတ်ပေးကြရဲ့လား"

"ရွှေးယူနေပြီဖေဖေရေ့၊ အပေါ်ထပ်မှာဆူညံနေတာပဲဟာ"

သူ့ မှုန်ကုပ်ကုပ်ဖြင့် ဆက်တီပေါ်တိုင်နေရာမှ ထရပ်လိုက် တော့ ကိုကိုက အပေါ်ထပ်လှေကားမှဆင်းလာပြီးပြောလိုက်ပါ၏။





"ညီ့ဖို့ တစ်ပုံးသတ်သတ်ပါတယ်နော်"

"မလိုချင်ပါဘူး. . . ဘာမှမလိုချင်ဘူး"

"ဟိုကောင်. . . ငါထတီးလိုက်ရ။ မင်းကို အဝေးကွင်းမှာ Free လွှတ်ထားတာကြာပြီ၊ တော်ရောပေ့ါ။ လူ့ဘဝရောက်လာ ပြီး လူ့တာ၀န်ကျေပွန်အောင်လုပ်ရမှာပဲ"

"ကျွန်တော်က ဘာများတာဝန်မကျေလို့လဲဖေဖေရ"

"အံမာ. . . ဘယ်မှာလဲငါလိုချင်တဲ့မြေးမ"

"ဟာဗျာ"

"အဲဒါပဲ. . . ငါလိုချင်တာ မင်းကမွေးတဲ့မြေးမချောချော လေး။ ဒါပဲ. . . မင်းခေါင်းထဲမှာစွဲနေအောင်မှတ်ထား"

ခေတ်သစ်ဘိုးအေကြီးကိုတော့ သူပြိုင်မပြောနိုင်တော့ချေ။ စိတ်ကြီးနဲ့ငါနဲ့ ညစ်လိုက်တာမှ ပြောမနေနဲ့တော့။ အကြံကုန်ရင် ဂဠုန်ဆားချက်ရသတဲ့။ သူ့ ခိုင့်အတွက်စာတစ်စောင်ကို အခန်း တံခါးပိတ်၍ခိုးဝှက်ရေးနေလေ၏။

"ခုမှဘာဆင်ခြေတက်နေတာလဲ။ ညည်းကို အချိန်ပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



သလောက်ပေးခဲ့ပြီးပြီ. . . တော်ပြီပေါ့။ မိန်းကလေးဆိုတာ အရွယ်လွန်ရင် ယူမယ့်သူမရှိတော့ဘူး။ လျှာမရှည်နဲ့"

"ခိုင့်ချစ်သူနဲ့ယူမယ်ဆိုပြီးတားသဲမဟုတ်လား။ လေးလေးစဉ်းစားကြည့်ပေါ့။ ဒီလိုရုပ်ဆိုးကြီးကို ဘယ်သူကယူချင်မှာလဲ"

"ရုပ်လှဖို့မလိုဘူးလေ။ အရေးကြီးတာ ကိုယ့်အိမ်ထောင်ကို ဦးစီးထူထောင်နိုင်မယ့် အရည်အချင်းရှိဖို့ပဲလိုတယ်။ ခုပဲကြည့် ဘသက်ချောက ယူတောင်မယူရသေးဘူး. . . ဧည့်စပ်ပွဲမှာဝတ်ဖို့၊ မင်္ဂလာဆောင်မှာဝတ်ဖို့၊ dinner ပွဲမှာဝတ်ဖို့၊ အဝတ်အစားတွေရော ရတနာတွေပါ ဝယ်ပေးလိုက်တာ. . . ဘယ်လောက်စေတနာသဘောထားပြည့်ဝတဲ့ကလေးလဲ။ ရတနာတောင်မှ. . . စိန်ရော၊ ပတ္တမြားရော၊ မဟူရာရော အရည်အသွေးကောင်းမှကောင်း၊ စစ်မှစစ်"

"မလိုချင်ပါဘူး။ ရွှေပုံပေါ်ထိုင်ပြီး စိတ်ညစ်နေရမယ့်အတူတူ. . . ကိုယ့်ကိုယ်ကိုသတ်သေပစ်လိုက်တာကမှကောင်းဦးမယ်"

"အမယ်. . . ငါအလိုလိုက်ခဲ့လို့ အမိုက်စော်ကားမယ်မကြံနဲ့၊ အခန်းထဲထည့်ပြီး သော့ပိတ်ခံရမယ်မှတ်။ ဘယ့်နှယ်ဗျာ. . . အိမ်ကိုပြန်ရောက်ရောက်ချင်း ငါ့ကိုဘယ်လိုမျက်နှာနဲ့ဆီးကြိုတာမှန်းမသိ"





"လေးလေးက ရက်စက်တာကိုးလို့"

"အံမာ. . . ဘာမှမရက်စက်ဘူး။ နင့်အမေ ငါ့အစ်မပေးခဲ့တဲ့တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်တာ။ အခုမှမျက်ရည်ခံထိုးမနေနဲ့။ အပျိုကြီးတွေများ လင်ပေးစားမယ်ဆိုရင် မျက်ရည်နဲ့မျက်ခွက်နဲ့။ ဟွန်း. . . မပြောလိုက်ချင်ဘူး"

"မယူဘူး. . . မယူဘူး၊ ဒီဘဝမပြောနဲ့ နောင်ဘဝတောင်မယူဘူး။ ရုပ်ကြီးကိုက ခရမ်းသီးကိုမီးဖုတ်ထားတာတောင်မှ လှသေးတယ်"

"ကြည့်စမ်း. . . သူများသားသမီးကို မှိုချိုးမျှစ်ချိုးပြောနေလိုက်တာ။ ငါ့နင့်ကို ဟိုတယ်ဆီ တစ်ခါတည်းပို့ထားလိုက်ရမလားမသိဘူး။ ဟိုကအားနာလို့ Hotel မှာ တည်းနေတာ။ ညည်းတစ်ခါတည်းမင်္ဂလာမဆောင်ခင် လင်ရသွားမယ်. . . ဘာမှတ်နေလဲ"

"မသိဘူး. . . မသိဘူး၊ ခိုင်သေတော့မယ်၊ သေလိုက်မှအေးမှာ. . . အီး. . . ဟီးဟီး"

"သေရဲသေကြည့်ပေါ့။ နင့်ကိုနင်သတ်သေဖို့ကြံရင်. . . ငါဘသက်ကိုဖုန်းဆက်ခေါ်လိုက်ရုံပဲ။ ဒါဆိုပွဲသိမ်းပြီမှတ်"

သူမထိုင်နေလျက်မှ ထရပ်လိုက်၏။

အစ်ကိုတွေယောင်းမတွေကလည်း သူတို့သမီးတွေနှင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



ထွေးလျက်။ သူမကိုလှည့်မကြည့်ကြ။ အိမ်ကြီးထဲမှာ လူတွေအများကြီးရှိနေပေမယ့် တစ်ယောက်တည်းအထီးကျန်နေရတဲ့ဘဝပါလား။ လှေကားကို ခြေသံတဒုန်းဒုန်းမြည်အောင် ဆန္ဒပြလျှောက်၍ အိပ်ခန်းထဲဝင်ခဲ့တော့သည်။

"ဒေါက်! "

ခုတင်တိုင်ခြေရင်းနား လိမ့်၍ရောက်လာသည့်စာတ်ခဲသေးသေးလေးမှာ သားရေကွင်းနှင့်စည်းထားသည့် စာခေါက်လေးကို မြင်၍ သူမအမြန်ဝှက်လိုက်ရသည်။ အခန်းတံခါးကို Lock ပြေးချ၍ ခုတင်ပေါ်ပြန်တက်ကာ စောင့်ဖြင့်ကွယ်၍စာရွက်လေးကိုဖြည်လိုက်၏။ အမယ်လေး. . . ရင်တွေတုန်လိုက်တာနော်။

"မောင့်ရဲ့နိုင်...

မောင်တို့တော့ လုပ်စရာတစ်လမ်းပဲရှိတော့တယ်။ ဒီတော့...နိုင်, ဘာကိုမှတွေဝေမနေနဲ့။ မောင့်နောက်ကို ရဲရဲသာလိုက်ဖို့ပြင်။ ဒီညတော့ တစ်အိမ်လုံး ဇော်ရုံနဲ့အိပ်ကြဦးမှာမဟုတ်ဘူး။ မောင်တို့ မနက် (၂) နာရီ အိမ်ကထွက်ကြမယ်။ နိုင်...သတိနဲ့အိပ်နော်။ မောင်တော့ မအိပ်ဘဲစောင့်နေမှာ။ Wed-di..ŋ ကို အမြန်ဆုံးလုပ်ဖို့ သူတို့စီစဉ်နေကြပြီ။ မောင့်နိုင်နဲ့တော့ မောင်မဝေးချင်ဘူး။ မောင်တို့အနာဂတ်အတွက်. သတ္တိရှိပါနိုင်။ မောင်မှာတာ မမေ့နဲ့နော်။





အနွေးထည်ဝတ်, မှတ်ပုံတင်ယူလာခဲ့။ မနက် (၂)နာရီနော်...။

နိုင့်ရဲ့မောင်...

(သည်းဦးမောင်)"

သူမရင်တွေတဒိတ်ဒိတ်ခုန်လျက် လက်တွေတောင်တုန်လာလေ၏။ မောင်ရယ်. . . မောင်နဲ့သာအတူနေရမယ်ဆိုရင် ဘယ်ကမ္ဘာထိပဲ လိုက်ရလိုက်ရ၊ နိုင်လိုက်မှာပဲ။ လောကမှာ ကိုယ်အသက်ထက်မက ချစ်မြတ်နိုးရတဲ့သူနဲ့အတူနေရမှာလောက် ပျော်စရာကောင်းတာမရှိနိုင်တော့ပါဘူး။ နိုင်ပော့. . . အချစ်အတွက်နဲ့ မိုက်မဲတယ်ဆိုချင်ဆို သိကြားမင်းဆင်းပြီးတားစေဦးတော့. . . မောင့်နောက်ကိုအပြေးလိုက်ခဲ့ပါတော့မယ်။

"ဒေါက်. . . ဒေါက်"

"ဟိုကောင် အစောကြီးအိပ်စရာလား။ လာ. . . မိသားစုစုံတုန်း Scrabble ဆော့ရအောင်"

"ဟာ. . . မကစားချင်ပါဘူး"

"လာပါကွ. . . မင်းကလည်း မိသားစုစုံတုန်းကို။ တော်ကြာ း်အိမ်ထောင်ကျသွားရင်ဆော့ရတော့မှာမဟုတ်ဘူး။ အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



မှုတွေလုံးပန်းရင်း သားတွေသမီးတွေရလာရင် ပိုပြီးတော့. . ."

"လာပြီဖေဖေရေ့ လာပြီဗျ"

သူ့ တံခါးဖွင့်ထွက်လိုက်တော့မှ ဖေဖေ့အပြောက ရပ်သွားတော့သည်။ အပေါ်ထပ်ဧည့်ခန်းမှာ ဝစ်ပြုံတစ်မကြီးထိုင်နေကြသည့်ကိုကိုတို့လင်မယားနှင့် မမတို့စုံတွဲပါမက၊ မျောက်လေးကောင်ကိုပါတွေ့လိုက်ရ၏။

"ဟဲ. . . လေးဖွဲ့ခွဲမယ်၊ ဘိုးဘိုးနဲ့ငါ့မြေးတစ်ယောက်၊ သားကြီးတို့နဲ့တစ်ယောက်၊ အလတ်မတို့နဲ့တစ်ယောက်၊ သည်းဦးမောင်နဲ့တစ်ယောက်တွဲထိုင်"

"ဒါဆို ဘိုးဘိုးနဲ့သားထိုင်မယ်"

"အေး. . . ဒါမှ ငါ့မြေးနန္ဒ. . . လာ"

"ညာက ဦးမောင်နဲ့ပဲနေမှာ"

"အေး. . . ပြီးရော"

ကတ်ပြားတစ်ဖက်စီမှာ လူစုခွဲထိုင်ပြီး အရင်ဆက်ရမည့်အဖွဲ့ကို ကတ်လေးခုထဲမှ Z ရအောင်နှိုက်ရာ သူရသွားလေသည်။ ကတ်လေးတွေဝေယူပြီး ညာဏလက်ထဲမှာဝှက်၍ သူကတ်ပြားပေါ်မှာ စာလုံး မစီလိုက်သည်။ L, O, V, E, R......

"အမယ်. . . စလာကတည်းက အလာကြီးပါလား။ ကဲ. . .





သားကြီးတို့အုပ်စုအလှည့်"

ကိုကိုက သူ့စာလုံးနောက်ဆုံးမှာ ဒေါင်လိုက်လေး ဆက်လိုက်လေ၏။ B, R, A, V, E . . . ဖေဖေ့ထံမှ ရယ်သံထွက်လာသည်။ မမအလှည့်မှာတော့ ဆက်လိုက်သည့်စာလုံးက C, O, U, R, A, G, E. . .

"ဟား. . . ဟား. . . ဟား. . . ဟား. . . ကောင်းလိုက်တဲ့စာသားလေးတွေပါလား။ ချစ်သူဆိုတာ ရဲရင့်ရမယ်။ သတ္တိရှိရမယ်ပေါ့။ ကဲ. . . လာထား"

ဖေဖေဆက်လိုက်သည်က V, O, L, C, A, N, O . . .

ဟိုက်. . . မီးတောင်ထဲဆင်းခိုင်းနေပါရောလား။

"ကဲ. . . ဖောင်ဒေါက်တို့. . . သုံးလိုက်စမ်း၊ မင်းဦးနှောက်"

"ရပါတယ်. . . ဖေဖေရ။ ဒါလေးများ"

သူ ညာဏလက်ထဲမှ စာလုံး (၅)လုံးကိုယူ၍ဆက်လိုက်ပါ၏။ G, A, L, A, X, Y . . .

"အမယ်. . . အမယ်။ မီးတောင်ထဲပစ်ချတာကို နဂါးငွေ့တန်းအဖြစ်နဲ့ရှောင်သွားတယ်ပေါ့လေ။ လုပ်စမ်း. . . ဖေ့သားကြီး"

"လာပြီ. . . L, I, F, E . . . "

"အံမာ. . . ရှင်သန်သွားပြီပေါ့လေ။ ကဲ. . . သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . . ဟင်း။ ဒီမှာ F, L, Y . . ."

"အာလာလာ. . . ရှင်သန်ရုံမက ပျံသန်းသွားတာပေါ့လေ။ လာစမ်း, C. R, E, M, A, T, E . . . သွားလေရော့. . . မီးသင်္ဂြိုဟ်စက်ထဲ"

"ရမလား. . . ဖေဖေရ၊ ဒီမှာကြည့်. . . P, H, O, E, N, I, X . . ."

"ဟား. . . ဟား. . . ဟား. . . မီးသင်္ဂြိုဟ်စက်ထဲက ရှင်သန်ထမြောက်သွားတဲ့ဖီးနစ်ငှက်ပေါ့လေ။ ကဲ. . . သားကြီး"

"လာပါပြီ. . . E, Q, U, A, T, O, R . . ."

"ဩော်. . . ကမ္ဘာ့အပူပိုင်းက ဖီးနစ်ငှက်ကိုကြိုတယ်ပေါ့လေ။ သမီးအလှည့်"

"အဲဒီငှက်ကို မုန်တိုင်းနဲ့တိုက်မယ်။ S, T, O, R, M . . ."

"ဟား. . . ဟား. . . ကြိုက်ပြီဟေ့။ မုန်တိုင်းနဲ့တွေ့တော့ အဲဒီငှက် သမုဒ္ဒရာထဲ ဘုတ်ခနဲပြုတ်ကျရော။ ကဲ. . . O, C, E, A, N . . ."

"ရှောင်မှာပေါ့ ဖေဖေရ. . . သမုဒ္ဒရာထဲကနေ ဆောင်းခိုဖို့ ဆောင်းဦးရာသီလေ။ A, U, T, U, M, N . . . ဒါပဲ"

ဖောဖြင့်ဆော့နေကြသည်မှ (၁၂)နာရီခွဲသွားမှပွဲသိမ်းလိုက်





၏။ အမှတ်တွေပေါင်းလိုက်တော့ အမှတ်အများဆုံးက သူဖြစ်နေလေ၏။

မဆိုးဘူး. . . နိမိတ်ကောင်းသားပဲ။

မနက်ဖြန်ဟာ သူ့အတွက် LUCKY DAY ပဲ။ အခန်းထဲဝင်၍ အိပ်ရာထက်မှာ လှဲလိုက်မိသည်။ စိတ်ကူးယဉ်အ [illegible] ဘမ္ဘာထဲမှာတော့ သူနှင့်ခိုင်လက်တွဲလျက် တိမ်တွေပေါ်မှာပြေးဆော့နေလိုက်တာမှပေါ့ပါးလို့။

ပျော်လိုက်တာ မပြောပါနှင့်တော့။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ရင်ထဲက နှင်းပန်းခိုင်

## အခန်း ( ၁၈ )

•

နာရီညကြည့်မီးမှ နှစ်နာရီထိုးကြောင်းပြနေ၏။ သူ ခုတင်ပေါ်မှ အသာလေးဆင်းလိုက်သည်။ အံဆွဲထဲထည့်ထားသည့်ဘဏ် ငွေစုစာအုပ်နှင့် ငွေရှိသမျှနှိုက်ယူလိုက်၏။

မှတ်ပုံတင်ကို ပိုက်ဆံအိတ်ထဲသို့သေချာထည့်ကာ ဂျာကင်အတွင်းအိတ်ကပ်ထဲထိုးထည့်လိုက်၏။ အခန်းတံခါးကို အသံမမြည်အောင်ဖွင့်၍ လှေကားမှဖြည်းဖြည်းလေးဆင်းလာခဲ့သည်။

တစ်အိမ်လုံး တုတ်တုတ်မျှမလှုပ် ငြိမ်သက်တိတ်ဆိတ်နေ၏။ အိမ်တံခါးသော့ကို နံရံချိတ်မှာ ဒ္ဒသာအယာစမ်းလိုက်ပြီး တံခါးမကြီးကို အသံမထွက်အောင်ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးသော့ကို အသင့်ကိုင်ထားပြီး ခြံဘေးပေါက်ကိုလှမ်းခဲ့စဉ် လမှုန်မှုန်လေးအောက်မှာ အနွေးထည်အပြာလေးနှင့် သူ၏နိုင်ကိုအဆင်သင့်တွေ့ရလေ၏။

အသံမထွက်ရန် လက်ညှိုးဖြင့်အသာတေ့၍ အချက်ပြလိုက်ပြီး နိုင့်လက်ကလေးကိုဆွဲခေါ်၍ ခြံတံခါးကိုကျိတ်ဖွင့်လိုက်သည်။

ခုချိန်ထိ ဘာအနှောင့်အယှက်မှမရှိသေးသော်လည်း စိတ်မချရသေး။ လမ်းမပေါ်ရောက်ချိန်ထိ သ ်ပြင်းတောင်ရဲရဲမချဝံ့။ နိုင့်လက်လေးတွေ မသိမသာတုန်ရီနေသည်ကို တင်းတင်းဆုပ်ကိုင်ဖျစ်ညှစ်၍အားပေးလိုက်ရသည်။

"မောင်. . . နိုင့်ရင်ထဲမှာ တစ်မျိုးကြီးပဲ။ ဘာကိုစိုးရိမ်နေမှန်းမသိဘူး။ အိမ်ပေါ်ကဆင်းလာတာတောင် အိပ်မောကျသံတွေ တိုးတိုးလေးတောင်မကြားသလိုပဲ"

"အားတင်းပါနိုင်ရယ်။ ကားယူရင် အကုန်နိုးကုန်မှာစိုးလို့ မောင်, ဒီတိုင်းထွက်လာတာပဲကြည့်။ လမ်းမကြီးပေါ်မှာ Taxi တစ်စီးစီး တားလို့ရနိုင်ကောင်းရဲ့"

နိုင်က သူ့လက်မောင်းကို ပါးလေးဖြင့်အသာကပ်ထားလေသည်။ သူ, နိုင့်ဆံနွယ်တွေကို ဖျတ်ခနဲငုံ့မွှေးလိုက်ရင်း ခြေလှမ်းကို ခပ်သွက်သွ ်လှမ်းလိုက်မိ၏။





"ဟော! "

လမ်းထိပ်အရောက်မှာ လက်နှိပ်ဓာတ်မီးရောင် ဝင်းခနဲတွေ့လိုက်ရသဖြင့် သူတို့နှစ်ယောက် ခြေလှမ်းတွေကိုရပ်လိုက်မိသည်။

"ဒါက ဘယ်လိုလဲမိနိုင်"

"ဟင်. . . လေးလေး. . . လေးလေး။ မောင်. . . နိုင်တို့ကို လေးလေးက တကယ်သတ်မှာ. . . လုပ်ပါဦး"

"ဟိုကောင်. . . သည်းဦးမောင်"

"အား"

နောက်ဘက်မှခေါ်လိုက်သံကြောင့် သူ တွန့်ခနဲဖြစ်သွား၍ လန့်အော်လိုက်မိ၏။ ဘုရားရေ. . . ရှေ့မှာက နိုင့်ဦးလေးပိတ်နေပြီး နောက်မှာက, ဖေဖေ။

ဘယ်လိုပြေးရပါ့. . .

လမ်းဘေးမြောင်းထဲမှ မည်းမည်းအရိပ်တွေ တစ်ပြုံကြီးပေါ်လာလေ၏။

"ဟေး. . . မိပြီကွ"

ညဏက သူတို့နှစ်ဦးကို စကျုံးဖက်လိုက်အပြီး တူတွေရော, တူမတွေပါ တစ်ပြုံကြီးဝိုင်းဖက်ထားကြလေသည်။

"ဖေဖေနော်. . . ကျွန်တော်, ဖေဖေပေးစားတဲ့ဝက်ပုတ်မကို



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမယူနိုင်ဘူး. . . ရှင်းရှင်းပဲ"

"လေးလေး. . . ခိုင်လည်း လေးလေးပေးစားတဲ့ ဘဲခေါင်းခြောက်ကြီးကိုလက်မထပ်ဘူး. . . ဒါပဲ"

"အမယ်လေး. . . အမယ်လေး. . . သတ္တိတွေ ရှိနေလိုက်ကြတာ။ နှစ်ယောက်သား အတိုင်အဖောက်ကိုညီလို့။ ကဲ. . . အိမ်ကိုပြန်လိုက်ခဲ့ကြ"

"မလိုက်ဘူး"

"ပြန်လိုက်ခဲ့ပါ ဦးမောင်ရ။ ဘိုးဘိုးက ဦးမောင်နဲ့ အန်တီခိုင့်ကိုပဲလက်ထပ်ပေးမှာပါ"

"ဟင်. . . ဟုတ်လို့လား"

"ဒါပေါ့. . . အဲဒါလည်း ညာ့ဖန်တီးလို့ဖြစ်လာတဲ့ကိစ္စပါပဲနော်။ အမယ်လေး. . . ဦးမောင်တို့ကိုစောင့်ဖမ်းရတာ ညာ့တော်တော်အေးနေပြီ။ ညာ့ဖျားရင် ဦးမောင်တို့ကြောင့်ပဲ"

"ကျေးဇူးရှင်ရယ် ဖျားတော့မဖျားလိုက်ပါနဲ့။ လာ. . . ရော့ဝတ်ထား. . . ဦးမောင်ဂျာကင်"

"ပေး. . . ပိုက်ဆံတွေပါတဲ့ဂျာကင်. . . ညာပိုင်ပြီဟေ့"

"ဟာ. . . ခွေးကောင်"

ညာ့အနောက်မှ ကလေးပေွ တစ်ပြုံကြီးပြေးလိုက်သွားလေ





၏။ သူနှင့်ခိုင့်ကို ကိုကိုနှင့်မမက ဝင်တွဲ၍ ခိုင့်အစ်ကိုတွေနှင့် ဖေဖေတို့ကနောက်မှလိုက်လာခဲ့လေသည်။

ကြော်. . . ခုတော့လည်း မောင့်ရင်ထဲက ပန်းခိုင်လေးကို မောင်အပိုင်စားရပါရောလား . . . ခိုင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com




## အခန်း ( ၁၉ )

မိုးဦးစ ကျောင်းဖွင့်ရာသီဖြစ်ပေ၏။ ဆရာဘုန်းမြင့်ကျော် တစ်ယောက် ကျူရှင်ခန်းမထဲမှာ အာပေါင်အာရင်းသန့်စွာဖြင့် Physics ဘာသာရပ်ကိုသင်ကြားနေလေ၏။ ဒသမတန်း အခန်း (၅)မှ Light အခန်းကို စသင်တိုင်း သူ့မျက်လုံးမှာ ရစ်ဝဲလာသည့် အရည်ကြည်လေးများနှင့် နှုတ်ခမ်းထက်မှ မဲ့ယောင်ယောင်အပြုံး လေးကို ကျောင်းသူကျောင်းသားတိုင်းတွေ့မြင်တတ်ကြရသည်။ ဆရာမည်သည့်အတွက်ကြောင့် ဤသို့ဖြစ်ရသနည်း။ ကာယကံရှင် မှလွဲ၍ မည်သူမှမသိရှိနိုင်ချေ။

ဆိုက်ထဲမှာ အလုပ်လုပ်နေရင်း Handphone မှအသံမြည်



www.burmeseclassic.com

www.burmeseclassic.com



စဉ် မင်းရန်နိုင် ဖုန်းကိုဖွင့်လိုက်သည်။ မိတ်ဆွေ, သူငယ်ချင်းများ၏မွေးနေ့ဖိတ်သံကိုကြားလိုက်ရတိုင်း သူ့ရင်ထဲမှာ နာနာကျင်ကျင်လေးခံစားလိုက်ရ၏။ မျက်ဝန်းမှ မှိုင်းညို့ညို့အရိပ် ၂၁းနှင့်အတူကျောက်ရုပ်တစ်ရုပ်လိုငြိမ်ကျသွားတဘ်သည့် အင်ဂျင်နီယာတစ်ယောက်ကို ဆောက်လုပ်ရေးအလုပ်သမားတွေ မြင်တွေ့ကြရလေသည်။ သူ ဘာကြောင့်ဤသို့ဖြစ်သွားရသနည်း။ ဒါကိုလည်း သူမှလွဲ၍ ဘယ်သူမှမသိနိုင်ပါချေ။. . . ။

လေးစားလျက်. . .

မမ သဒ္ဒါမောင်
19th Jan: 2008
PM (1:30)

BURMESE CLASSIC .com

www.burmeseclassic.com